# ပထမအကြိမ်ပြည်သူ့လွှတ်တော်

# ဒုတိယပုံမှန်အစည်းအဝေး

# ၃၀ ရက်မြောက်နေ့မှတ်တမ်း(မူကြမ်း)

# (၃-၁၀-၂၀၁၁)

**အချိန်၊ ၁၀ း ၀၃။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၃၀ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၀ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး ရှိတဲ့အနက် ၃၈၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၇.၄၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနဲ့ စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးအောင်ကျော်ခင်(ကျောက်တန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးသာသည် ကိုယ်တိုင်ဆောင်ရွက်ရမည့်ကိစ္စများရှိပါသဖြင့် ယနေ့ ၃-၁၀-၂၀၁၁ မှ ၆-၁၀-၂၀၁၁ရက်နေ့အထိ ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဦးစိုးသာ၏ကိုယ်စား ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးအောင်ကျော်ခင်မှ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးစိုးနိုင်(ဖျာပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်ဟာ နေထိုင်မကောင်းဖြစ်နေတဲ့အတွက် ယနေ့ ၃-၁၀-၂၀၁၁ ရက်နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးကို မတက်ရောက်နိုင်တဲ့အတွက် ခွင့်တစ်ရက်အဖြစ် သတ်မှတ်ပေးပါရန် ကျွန်တော် ဖျာပုံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်မှ ကိုယ်စား ခွင့်တိုင်ကြား အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးညွန့်လှိုင်(ဖြူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ရွှေသည် နေပြည်တော် ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေပါသဖြင့် ၃-၁၀-၂၀၁၁ မှ ၇-၁၀-၂၀၁၁ အထိ ခွင့်ပြုပါရန် ကျွန်တော် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်လှိုင်မှ လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးရှိသီး(လေရှီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ နန်းယွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇင်းဝမ်သည် ၎င်းကိုယ်တိုင်ဆောင်ရွက်ရမည့်လုပ်ငန်းကိစ္စရှိနေပါသဖြင့် ယနေ့ ၃-၁၀-၂၀၁၁ (တနင်္လာနေ့)ကို ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ၎င်း၏ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးရှိသီးမှ လေးစားစွာ ခွင့်ပန်ကြားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၆ ဦး၊ ယနေ့ ခွင့်ပြုသူ ၄ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။

ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ မေးမြန်းခြင်း၊ဖြေကြားခြင်းစတင်မဆောင်ရွက်မီ ပြီးခဲ့တဲ့ သောကြာနေ့ ၃နာရီကျော်ကျော် ရောက်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ စိုးရိမ်ကြောင့်ကြပြီး လွှတ်တော်အစည်းအဝေးဆက်ပြီးတော့ ရှိနေမယ်ဆိုရင် အချိန်မီပါ့မီပါ့မလား။ ဒီလို လွှတ်တော်ဥက္ကဋ္ဌ အနေနဲ့ ဒီလိုမြင်ရပါတယ်။ ဒါကြောင့် ဒီနေ့လွှတ်တော်အစည်းအဝေးမှာ အချိန်မမီလို့များ ပြန်ရောက်၊ မရောက် ပြန်ပြီးတော့ ဒီနေရာကနေ သုံးသပ်တဲ့အခါမှာ အားလုံးလည်း ပြုံးပြုံးရွှင်ရွှင်နဲ့ ပြန်ရောက် လာတာရှိပါတယ်။ ဒီလိုပဲတာဝန်ထမ်းဆောင်ပြီးတော့ ထူးခြားတာဝန်ထမ်းဆောင်တဲ့ပုဂ္ဂိုလ်များ ကလည်း တာဝန်များကို ကျေကျေပွန်ပွန်ထမ်းဆောင်နိုင်ခဲ့တယ်ဆိုတာ ဝမ်းမြောက်ဖွယ်ရာသတင်းများ ကိုလည်း ကြားသိရပါတယ်။ အဲဒီနည်းတူပဲ အဲဒီသောကြာနေ့ နေ့လယ်ထမင်းစားတဲ့အချိန်မှာပဲ စိုးရိမ်ကြောင့်ကြစွာနဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြောတာရှိပါတယ်။ ဘန်ကောက်ပုဆိုးတွေ တိုက်ရတာ တော်တော်များနေပြီ။ နောက်များဆက်တိုက်ရအုံးမလားဆိုတဲ့သဘောနဲ့ မေးတဲ့နေရာမှာ အခုအခြေအနေကလည်း ဘန်ကောက်ပုဆိုးများ၊ ပိုးပုဆိုးများကိုလည်း ဆက်ပြီးတိုက်ရဖို့ အလားအလာများ ရှိနေပါတယ်။ အဲဒီနည်းတူပဲ ဒီလွှတ်တော်ရဲ့ ချီးမြှင့်ငွေများကိုလည်း စက်တင်ဘာ လကုန်လောက်အထိဆိုရင်တော့ ကောင်းပါတယ်။ နောက်ပိုင်းတော့လည်း ယူရတာများနေလို့ ဆိုတဲ့ နေရာမှာလည်း အခုလည်း စက်တင်ဘာလကုန်ပြီးတော့ အောက်တိုဘာလ ပထမပတ်၊ ဒုတိယပတ် ကနေပြီးတော့ ကျော်များကျော်အုံးမလားမသိတဲ့အခြေအနေမှာဖြစ်တဲ့အတွက် ကိုယ့်အစီအစဉ်နဲ့ကိုယ် ကြိုတင်ပြီးတော့ စီစဉ်နိုင်ဖို့အတွက်လည်း ကျွန်တော့်အနေနဲ့ ကြိုတင်ပြီးတော့ အသိပေးထားပါတယ်။ အခုဆက်ပါမယ်။ ဒါဘာလည်းဆိုရင်တော့ ခုနက ကျွန်တော်တင်ပြတဲ့ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါမယ်။ ပထမဦးစွာ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် အား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ဇင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပုဇွန်တောင် မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဦးအောင်ဇင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေပုဒ်မ ၂၉ နိုင်ငံတော်သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်းအစရှိသည် တို့ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းနေသည်ဟု ပြဋ္ဌာန်းထားပါသည်။ ယခုအခါ နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းပါအတိုင်း လယ်ယာကဏ္ဍ စီးပွားရေးမြင့်မားစေရန် အစပြုဆောင်ရွက်နေသည်လည်း

ဖြစ်ပါသည်။ ထို့ကြောင့် တောင်သူလယ်သမားတို့အား အောက်ပါလယ်ယာသွင်းအားစုများကို နိုင်ငံတော်အနေဖြင့် ဖြည့်ဆည်းပေးစေလိုပါသည်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးအရင်းအနှီးများအဖြစ် လက်တွန်းထွန်စက်များ၊ ရိတ်သိမ်းစက်များ၊ ချွေလှေ့စက်များကို တောင်သူလယ်သမားများကို ပိုမိုအသုံးပြုနိုင်ရန် ပံ့ပိုးပေးပါက စပါးမောင်းညီချိန်တွင် ရိတ်သိမ်းနိုင်မည်ဖြစ်ပြီး တလင်းပျောက်စနစ်ကိုလည်း ကျင့်သုံးနိုင်မည်ဖြစ်ပါတယ်။ အကျိုးဆက်အနေဖြင့် အလေအလွင့်နည်းပါးပြီး စပါးအထွက်ပိုမိုတိုးလာပြီး ရိတ်သိမ်းချိန်တွင် တွေ့ကြုံရမည့် သဘာဝအန္တရာယ်များကို ရှောင်ကွင်းနိုင်မည်လည်း ဖြစ်ပါတယ်။ ထို့ကြောင့် တောင်သူလယ်သမားများ၏ အကျိုးငှာ အောက်ပါမေးခွန်းနှစ်ရပ်ကို မေးလိုပါတယ်။ လယ်ယာစိုက်ပျိုးရေးအထောက်အကူပြု စက်ယန္တရားများနှင့် စက်ပစ္စည်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များအား အကောက်ခွန်လွတ်တင်သွင်းခွင့်ပြုနိုင်၊ မပြုနိုင်။ (၂) ပြည်တွင်း၌ ထုတ်လုပ်တပ်ဆင်ခွင့်ပြုရန်ရှိ၊ မရှိကို သိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းမြင့်၊ မြင်းခြံမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(မြင်းခြံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အထူးဖိတ်ကြားထားသောပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပြီး ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မြင်းခြံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သယ်ယူပို့ဆောင်စရိတ်ကျဆင်းလာပြီး ကုန်သွယ်မှုမြင့်တက်လာစေရန် ခေတ်စနစ်နဲ့အညီ လုပ်ထုံးလုပ်နည်းများကို ပြန်လည်ပြင်ဆင်၍ မော်တော်ယာဉ်နဲ့လုပ်ငန်းသုံးယာဉ်များကို တင်သွင်းခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့မြန်မာနိုင်ငံမှာ လက်ရှိအခြေအနေအရ ဒေါ်လာငွေဈေးနှုန်းကျဆင်းမှုကြောင့် ရင်းနှီးမြှုပ်နှံသူများ၊ ကုန်ထုတ်လုပ်သူများ စီးပွားရေးကျဆင်းပြီး လုပ်ငန်းရပ်တန့်နိုင်တဲ့အခြေအနေအထိ ရောက်ရှိခဲ့ပါတယ်။ ၎င်းအခြေအနေမှ ကျော်လွှားနိုင်ရန် ကုန်ထုတ်လုပ်မှုစရိတ်ကိုလျှော့ချရန် အရေးကြီးအကြောင်းတစ်ရပ်အဖြစ် ဖြစ်ပေါ်လာရာ သယ်ယူပို့ဆောင်မှုစရိတ် ကြီးမြင့်မှုလျှော့ချရေးဟာ လွန်စွာအရေးပါပါတယ်။ လက်ရှိမော်တော်ယာဉ်တင်သွင်းမှုပုံစံဟာ အလွန်ကျပ်တည်းလွန်းနေပါသဖြင့် လုပ်ထုံးလုပ်နည်းများကို ခေတ်စနစ်နဲ့အညီ ပြန်လည်ပြင်ဆင်ပြီး မော်တော်ယာဉ်များတင်သွင်းခွင့်ကို ဖြေလျှော့ပေးသင့်ပါတယ်။ တည်ဆဲမော်တော်ယာဉ်တင်သွင်းမှုမှာ လုပ်ထုံးလုပ်နည်းများအတိုင်းမကျင့်သုံးဘဲ လျှောက်ထားသည့်အပေါ် ကြည့်ပြီးတော့ မော်တော်ယာဉ်တင်သွင်းမှုပြုခြင်းဟာ ပါမစ်ခေတ်သို့ရောက်အောင် ပြုလုပ်ပေး

သကဲ့သို့ဖြစ်နေ၍ မူရင်းကားတန်ဖိုးထက် ၅ဆ မှ ၁၀ ဆအထိ ပြည်သူများဈေးကြီးပေးဝယ်ယူပြီးတော့ သုံးစွဲနေရပါတယ်။ယာဥ်တန်ဖိုးဟာ သယ်ယူပို့ဆောင်မှုများမှာ တနေ့ထက်တစ်နေ့ ခက်ခဲလာတဲ့အပြင် စရိတ်စက ပိုမိုကြီးမြင့်လာပါတယ်။ မော်တော်ယာဥ်ဈေး မြင့်တက်လာသည်ကို အခွင့်ကောင်းယူ၍ စက်မှုဇုန်များမှ ပြည်တွင်းကားထုတ်လုပ်မှုကို အကာအကွယ်ယူပြီး ကားမှောင်ခိုတင်သွင်းခြင်းကြောင့် ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ ခက်ခဲလာပြီး စရိတ်စက ကြီးမြင့်စေပါတယ်။ မြန်မာနိုင်ငံဟာ စီးပွားရေးတိုးတက်စေရန် ကုန်ထုတ်လုပ်ငန်းကို အဓိကထားဆောင်ရွက်ရမယ့်အချိန်မှာ ဘယ်မောင်း ယာဥ်အသစ်ကိုသာ အကန့်အသတ်ဖြင့် တင်သွင်းစေခြင်း၊ ဈေးနှုန်းသတ်မှတ်ရာမှာ အမှန်အတိုင်း တင်သွင်းခွင့်မရခြင်း၊ တပတ်ရစ်ယာဥ်များ၊ ညာမောင်းယာဥ်များ တင်သွင်းခွင့်မပြုခြင်းများကို ဆောင်ရွက်လျက်ရှိတဲ့အတွက် မော်တော်ယာဥ်များ ပြည်တွင်းမှာ ဈေးနှုန်းမြင့်မားလျက်ရှိပြီး ကုန်ထုတ် လုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံရမယ့်အစား သယ်ယူပို့ဆောင်ရေးစနစ်မှာ များစွာရင်းနှီးမြှုပ်နှံကြရပါ၍ ကုန်ထုတ်လုပ်ငန်းများ ချောမွေ့စွာဆောင်ရွက်နိုင်ခြင်းမရှိဘဲ စရိတ်စကကြီးမြင့်လာရပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့လည်း လမ်းတံတားဖြတ်သန်းမှုကို အာဆီယံစံနှုန်းသတ်မှတ်လျက် ရှိရာ ကုန်တင်မော်တော်ယာဥ်ကြီးများ ပိုမိုလိုအပ်လာပြီး သယ်ပို့ယာဥ်များအတွက် ထပ်မံရင်းနှီးရန် လိုအပ်လာပါတယ်။ လက်ရှိသယ်ယူပို့ဆောင်ရေးစရိတ်များဟာ လယ်ယာထွက်ပစ္စည်းများအတွက် များစွာ ဝန်ပိလျက်ရှိပါတယ်။ ရောင်းရငွေတစ်တန်မှာ အမေရိကန်ဒေါ်လာ ၃၀၀ မှ ၄၀၀ အထိ တန်ဖိုးရှိတဲ့ကုန်ပစ္စည်းများကို မိုင် ၅၀၀ ခရီးအတွက် သယ်ယူပါကကားခ ယူအက်စ်ဒေါ်လာ၊ အမေရိကန်ဒေါ်လာ ၈၀ ဝန်းကျင်နဲ့ အခြားခေါက်တို စရိတ်များနဲ့တွက်ချက်ပါက အမေရိကန် ဒေါ်လာ ၁၂၀ ကျော်အထိ ရောက်ရှိနေပြီးဖြစ်တဲ့အတွက်ကြောင့် ၃၀၀-၄၀၀ ရောင်းရတဲ့ကုန်ပစ္စည်းတစ်ခု အပေါ်မှာ သယ်ယူပို့ဆောင်စရိတ်က ၁၂၀ ထိ ရောက်ရှိနေတဲ့အတွက် ရောင်းရငွေရဲ့ ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ ကုန်ကျလျက်ရှိနေတာကို တွေ့ရပါတယ်။ ရန်ကုန်-နေပြည်တော်ခရီးစဉ် လေယာဉ်ခမှာ ၂၁၀၀၀ ပေးရတဲ့အချိန်မှာ မြို့တွင်းမှရန်ကုန်လေယာဥ်ကွင်းကားခ ၅၀၀၀ မှ ၁၀၀၀၀ အထိလည်းကောင်း၊ နေပြည်တော်လေယာဥ်ကွင်းမှ မြို့တွင်းကားခကို ၈၀၀၀ မှ ၁၀၀၀၀ အထိ လည်းကောင်း၊ အောင်မင်္ဂလာကားဂိတ်နဲ့ ရန်ကုန်မြို့ထဲကို နေပြည်တော်-ရန်ကုန် မိုင် ၂၀၂ မိုင်မှာ မော်တော်ကားခ ၆၀၀၀ ပေးရတဲ့အချိန်မှာ မြို့တွင်းကားငယ်များဟာ ယာဉ်စီးခ ၅၀၀၀ မှ ၁၀၀၀၀ အထိလည်းကောင်းပေးနေရခြင်းဟာ မော်တော်ယာဉ်များ ရှားပါးခြင်းနဲ့မလိုအပ်ဘဲ ဈေးနှုန်းမြင့်စွာ ဝယ်ယူသုံးစွဲနေရခြင်းကြောင့် ဖြစ်ပါတယ်။ သို့ပါ၍ သယ်ယူပို့ဆောင်စရိတ်ကျဆင်းလာပြီး ကုန်သွယ်မှု မြင့်တက်လာစေရန်လည်းကောင်း၊ ဒေါ်လာနဲ့ မြန်မာငွေကြေးလဲလှယ်ရာမှာ ဈေးနှုန်းကျဆင်းမှုကြောင့်

သက်ရောက်လျက်ရှိသော ဆိုးကျိုးများကို ကာကွယ်ရန်အတွက်လည်းကောင်း၊ ခေတ်စနစ်နဲ့အညီ လုပ်ထုံးလုပ်နည်းများကို ပြန်လည်ပြင်ဆင်ပြီး မော်တော်ယာဉ်နဲ့ လုပ်ငန်းသုံးယာဉ်များကို တင်သွင်းခွင့်ပြုရန်အစီအစဉ် ရှိ၊ မရှိ သိလိုပါကြောင်း မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းစောတင် မိုင်းယောင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစောတင်(မိုင်းယောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစောတင်ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုင်းယောင်းမြို့နယ်မှာ လူဦးရေ ၁၀၆၀၀၀ ကျော်ရှိပြီး လူဦးရေရဲ့ ၉၀ ရာခိုင်နှုန်းဟာ လယ်ယာလုပ်ကိုင်စားသောက်ကြတဲ့ တောင်သူလယ်သမားများဖြစ်ကြပါတယ်။ စပါးစိုက်ဧက ၅၀၀၀၀ ကျော်ရှိပြီး နှစ်စဉ်စပါးတင်းပေါင်း ၄၃ သိန်းခန့်ထွက်ရှိပါတယ်။ မြို့နယ်အတွက် စားသုံးမှုအတွက် ချန်လှပ်ပြီးရင် ကျွန်တော်တို့ တင်းပေါင်း ၂၅ သိန်းခန့်ပိုလျှံလျက်ရှိပါတယ်။ အဲဒီပိုလျှံတဲ့စပါးကို ယခုထက်တိုင် ကျွန်တော်တို့ ဈေးကွက်တို့ကိုလွတ်လပ်စွာရောင်းချခွင့်မရှိသေးပါ။ သက်ဆိုင်ရာများက နေပိတ်ဆို့ဟန့်တား တားဆီးနေတယ်လို့သိရပါတယ်။ အဲဒီအဖြစ်မျိုးတွေဟာ ကျွန်တော်တို့ မိုင်းယောင်းမြို့တွင်သာမကပဲ မိုင်းပန်၊ မိုင်းကိုင်၊ ပအို့ဝ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများဖြစ်ကြတဲ့ နောင်မွန်၊ ဆီဆိုင်မြို့နယ်တွေမှာလည်း အဲလိုကိစ္စမျိုး ပေါ်ပေါက်နေတာကို တွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတကြီးက ပြည်ထောင်စုအဆင့်အဖွဲ့ဝင်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများကို ၆-၄-၂၀၁၀ ရက်နေ့က ပြောကြားသွားတဲ့အမှာစကားမှာ ဥပဒေနဲ့အညီ လွတ်လပ်စွာစိုက်ပျိုးခွင့်၊ လွတ်လပ်စွာသယ်ယူရောင်းချခွင့်ပြုရမှာ ဖြစ်တဲ့အတွက် အပိတ်အဆို့အတားအဆီးအဟန့်အတားများကို ဖယ်ရှားပေးရမှာ ဖြစ်ပါတယ်။ ဥပဒေအရစီးပွားရေး အခွင့်အလမ်းပေးခြင်း၊ ကြီးကြပ်ခြင်း၊ အခွန်ကောက်ယူခြင်းများ ပြုလုပ်ရာမှာ ပြည်သူများအတွက်မလိုအပ်တဲ့ အပိုကုန်ကျစရိတ်များမရှိအောင် စီမံဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်လို့ မိန့်မှာသွားပါတယ်။ ဒါ့ကြောင့် ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ ကျွန်တော်တို့ မိုင်းယောင်းမြို့နယ်မှ ယခင်နှစ်က ပိုလျှံတဲ့စပါးများကို ဒေသတွင်းဈေးကွက်သို့ သယ်ယူရောင်းချခွင့်မရှိသေးသည်ကို သက်ဆိုင်ရာက သိပါသလား။ သိရှိပါက မည်သို့ကူညီဖြေရှင်းပေးမည်ကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ရည် အလုံမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ရည် (အလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ အလုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကုန်သွယ်ရေးမူဝါဒနဲ့ပတ်သက်တဲ့ မေးခွန်းမေးမြန်းမှာဖြစ်ပါတယ်ခင်ဗျား။ နိုင်ငံခြားစက်ပစ္စည်းများ တင်သွင်းရာမှာ လက်ရှိစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အသစ်စက်စက် (Brand New)ကိုသာတင်သွင်းရမည်ဟု မူဝါဒချမှတ်ထားပါတယ်။ Used သုံးလက်စစက်အဟောင်းများကို လုံးဝတင်သွင်းခွင့်မပြုပါဘူး။ ပြန်လည်ပြုပြင်ထားတဲ့ Reconditioned စက်များကို လုပ်ငန်းရှင်မှတ်ပုံတင်ရှိထားသူများကိုသာ ကန့်သတ်ကာ ထောက်ခံစာများ၊ တင်ပြဝန်ခံချက်များ လက်မှတ်ရေးထိုးပြီးတင်သွင်းခွင့် လျှောက်ထားနိုင်ကြပါတယ်။ လုပ်ငန်းသစ်လုပ်ကိုင်မယ့်သူများအတွက် ခွင့်ပြုချက်မရှိပါဘူး။ အသစ်စက်စက်စက်တစ်လုံးမှာ ဈေးနှုန်းဟာ ဒေါ်လာသိန်းသန်းချီတန်ပြီးတော့ Used သုံးလက်စအဟောင်း စက်တစ်လုံးရဲ့တန်ဖိုးမှာ ဒေါ်လာထောင်သောင်းဂဏန်းသာရှိသဖြင့် လုပ်ငန်းစတင်တည်ထောင်လိုသူများအတွက် သုံးလက်စ Used စက် အဟောင်းများဖြင့် လုပ်ငန်းစမည်ဆိုပါက သစ်မရခင်စပ်ကြား ဝါးပေါင်းကွပ်ဆိုသလို အဆင်ပြေကြပါတယ်။ ဖွံ့ဖြိုးပြီးစက်မှုနိုင်ငံကြီးများမှာပင် စက်အဟောင်းများကို အချင်းချင်းလှည့်လည်သုံးစွဲကြတာကို တွေ့ရပါတယ်။ ဥပမာအဖြစ် လုပ်ငန်းအမျိုးအစားများကို တင်ပြဖို့အတွက် ကျွန်တော် ဖုန်းလေးဆက် Press Offsetအုပ်စုတွေ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်မှာပင် လွှတ်တော်ပုံနှိပ်တိုက်၊ ဒီလွှတ်တော် Press ဆိုတာ မလွဲမသွေထားရှိရမှာလို့ ထင်ပါတယ်။ Press နဲ့ပတ်သက်ပြီးတော့( Prepress၊ press၊ Post press)ဆိုပြီးတော့ လုပ်ငန်းရောစက်အမျိုးအစားများ ကွဲပြားမှုရှိပါတယ်။ Prepress အပိုင်းမှာတော့ ကင်မရာ။ (Image Sector, Plate Sector, Plate )ခွဲစက်တွေဖြစ်ပြီးတော့ Press အပိုင်းမှာ ရိုးရိုး Press၊ Offset Press ၊ Wax Offset Press) စတာတွေ ရှိပါတယ်။ ဒီ Wax Offset Press ဆိုတာ အခု မြန်မာ့အလင်း၊ ကြေးမုံရိုက်နေတဲ့ အလိပ်လိုက်ထွက်တဲ့စက်တွေ ဖြစ်ပါတယ်။ အဲဒီမှာ ( One Colour, Two Colour, Four Colour)ဆိုပြီးတော့ အရောင်တွေနဲ့ခွဲတဲ့ ရိုက်စက်တွေဖြစ်ပါတယ်။ ဒီ Post Press အပိုင်းမှာဆိုရင် ချုပ်တာတွေ၊ ဖြတ်တာတွေ၊ ခေါက်တာတွေဆိုတဲ့ (Binding, Cutting, Folding Machine)တွေဖြစ်တဲ့ ဒီ (Binder, Cutter, Folder)စက်တွေဖြစ်ပါတယ်။ ဒီ မြန်မာပြည်မှာ အများဆုံးသုံးကြတဲ့ ဂျပန်၊ ဂျာမဏီ Offset Press များဖြစ်တဲ့ ပုံနှိပ်စက်တန်ဖိုးတွေကို အနည်းငယ်

တင်ပြခွင့်ပြုပါ။ ဒီ (Four Colour) လေးရောင်ထွက်တဲ့ (Brand New) စက်အသစ်ဟာ One Million၊ USဒေါ်လာ၊ ဒေါ်လာတစ်သန်းနဲ့ နှစ်သန်းကြားမှာ ဈေးနှုန်းရှိ ပါတယ်။ တကယ်လို့ ဒီ(Used Good Second Hand) ဖြစ်မယ်ဆိုရင်သူက ဒေါ်လာ ၁၀၀၀၀၀ အောက်ဖြစ်တဲ့အတွက် သောင်းဂဏန်းသာရှိပါတယ်။ အဲဒီတော့ ဒေါ်လာ တစ်သန်းနဲ့ နှစ်သန်းကြားနဲ့ တစ်သိန်းနဲ့ တော်တော်ကွာတဲ့ သဘောရှိပါတယ်။ နောက် Two Colour မှာဆိုရင် Brand New ဟာဆိုရင် ငါးသိန်း ဝန်းကျင်ရှိပါတယ်။ အဲ့ဒါကို Good Second Hand၊ Brand New မဟုတ်ဘဲနဲ့ Good Second Hand ဖြစ်ခဲ့မယ် Used ဖြစ်ခဲ့မယ်ဆိုရင် ဒေါ်လာသုံးသောင်းနဲ့ လေးသောင်းကြား မှာ ရှိပါတယ်။ One Colour ရိုးရိုးစက်တွေ အနေနဲ့တော့ Brand New ဟာဒေါ်လာတစ်သိန်း ဝန်းကျင်ရှိပါတယ်။ (Used Good Second Hand)ဆိုရင်တော့ ဒေါ်လာတစ်သောင်းအောက်ရှိတဲ့ အတွက် ဒေါ်လာငါးထောင်နဲ့ ရှစ်ထောင်ကြားမှာ ရှိပါတယ်။ မြဝတီပုံနှိပ်တိုက်မှာ သုံးနေတဲ့ Four Colour Offset ဆိုရင် ဒေါ်လာ တစ်သန်းလောက်တန်ပါတယ်။ အဲဒါက အိန္ဒိယက သွင်းတဲ့စက် ဖြစ်ပါတယ်။ သတင်းစာတိုက်တွေမှာ အခုသုံးနေတဲ့ Wax Offset တစ်နာရီမှာ ရိုက်ချက်သုံးသောင်းကနေခုနှစ်သောင်း ထွက်တဲ့ဟာတွေဟာဆိုလို့ရှိရင် မြန်မာနိုင်ငံမှာ ကိုးလုံးပဲရှိတယ်လို့ လေ့လာသိရှိရပါတယ်။ ဒါဟာဆိုရင် US ဒေါ်လာ တစ်သန်းလောက် တန်ပါတယ်။ ဒါအိန္ဒိယထွက်ဖြစ်ပါတယ်။ တကယ်တော့ ဂျပန်နဲ့ ဂျာမဏီ Made က မြန်မာနိုင်ငံမှာ အများဆုံးသုံးကြတာဖြစ်ပါတယ်။ တကယ်လို့ ဂျပန်နဲ့ဂျာမဏီ Made သာ အသစ်သုံးမယ်ဆိုရင်တော့ ဒေါ်လာဆယ်သန်းဝန်းကျင် ရှိပါတယ်။ အခုသုံးနေတဲ့ စက်တွေအနေထက်၊ နောက် Used သို့မဟုတ် Second Hand သုံးလက်စစက်တွေကို ဝယ်ယူသုံးမယ်ဆိုရင် လုပ်ငန်းရှင်များအနေနဲ့ ဆယ်နှစ်မှ အနှစ်နှစ်ဆယ်အတွင်း သုံးစွဲရရင်တောင်မှ တော်တော်တွက်ချေကိုက်နေပြီလို့ ပြောလို့ရပါတယ်။ ဒါပေမယ့် ဒီ Press တစ်လုံးဝယ်ထားပြီဆိုရင် ကျွန်တော်တို့နိုင်ငံမှာ သားစဉ်မြေးဆက် သုံးနေရကြပါ တယ်။ ဘာလည်းဆိုရင် ကျွန်တော်တို့ တရုတ်သေနဲ့ တီထွင်ကြံဆပြီးတော့မှ ကောင်းအောင်လုပ်ပြီး တော့ သုံးနေကြတာကို မျက်မြင်တွေ့ရှိနေရပါတယ်။ နောက်ဆုံးလေ့လာတွေ့ရှိချက်အနေနဲ့ ပြောရမယ် ဆိုရင်တော့ ကျွန်တော်တို့နိုင်ငံမှာ စက်ကိုတင်သွင်းတဲ့အခါမှာ အသစ်ပေါ်တာ တင်သွင်းရန် ငွေမပြည့်စုံသဖြင့် ငွေကြေးမပြည့်စုံတဲ့အတွက် ရင်းနှီးမတည်ငွေနဲ့ ပြန်လည်ရရှိလာမယ့် ဝင်ငွေ Return မကိုက်သဖြင့် စက်အသစ် (Brand New)များကို လက်တွေ့တင်သွင်းခြင်းမှာ ခန့်မှန်း ၅ ရာခိုင်နှုန်းခန့်ရှိပြီး Used သုံးလက်စစက်အဟောင်းတွေကို အများဆုံး ၉၅ ရာခိုင်နှုန်းခန့်ထိ တင်သွင်း နေကြပါတယ်။ ဒါ ကျွန်တော် ပထမလေ့လာတွေ့ရှိချက်ပါ။ အခုနောက်ဆုံး လေ့လာတွေ့ရှိချက်အနေနဲ့

တော့ ကျွန်တော်တို့နိုင်ငံမှာတင်သွင်းတဲ့ စက်တွေဟာ ၉၉ ရာခိုင်နှုန်းဟာ အသစ်မဟုတ်ကြပါဘူး။ အော့ဖ်ဆက် အသစ်ကြီးများ စက်သစ်ကြီးများဖြင့် ရိုက်ပေးနေပါပြီလို့ကြော်ငြာကြတာ တစ်ကယ်တော့ သူတို့တွေ စက်အသစ်ကြီးနဲ့ ဝယ်ပြီးသုံးကြမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ အဲလောက်ကြီးမတင်သွင်း နိုင်ကြပါဘူး။ ဒီ Brand New သွင်းပြီးတော့ သုံးနေတဲ့လုပ်ငန်းရှင်ဟာ မရှိသလောက်ဖြစ်ပါတယ်။ US ဒေါ်လာ တစ်သန်းလောက်နဲ့တင်သွင်းပြီးတော့မှ ပုံနှိပ်ရေးလုပ်ငန်းလုပ်မယ်ဆိုရင်လည်း ကျွန်တော်တို့ နိုင်ငံအနေနဲ့မဖြစ်နိုင်သေးဘူးလို့ထင်ပါတယ်။ အဲတော့ ဒီ Brand New အသစ်သာ သွင်းရမယ်ဟု ဆိုတဲ့ မူဝါဒကန့်သတ်ချက်ကြောင့် ဆိပ်ကမ်းတွေမှာ သုံးလက်စစက်အဟောင်းများကို ညှိနှိုင်းထုတ်ယူ နေကြ ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ညှိနှိုင်းထုတ်ယူမှုဆိုတာ ခြစားမှုကို ဖြစ်စေတယ်။ လုပ်ငန်းရှင်များကို လည်းအပိုဝင်ငွေကုန်ကျစေတဲ့အပြင် နိုင်ငံတော်ကိုဝင်မယ့်အခွန်အခ ဆုံးရှုံးခြင်းကို ဖြစ်စေပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့မေးခွန်းဟာ လက်ရှိကုန်သွယ်ရေးမူဝါအရ အသစ်သာ တင်သွင်းရမည်ဟုကန့်သတ်ထားခြင်းမှာ မြန်မာနိုင်ငံလို ဖွံ့ဖြိုးဆဲနိုင်ငံမျိုးအတွက် မဆီလျော်ရုံမက လုပ်ငန်းရှင်များရဲ့အမှန်တစ်ကယ်လိုအပ်ချက်နဲ့လည်း ကိုက်ညီခြင်းမရှိပါဘူး။ စက်မှုလုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေးကိုအဟန့်အတားပြုရာကြနေသည်ဟု စက်မှုလုပ်ငန်းရှင်များကထင်မြင်ယူဆကြပါသဖြင့် စက်အသစ် Brand New များသာမက ပြန်လည်ပြုပြင်ထားသော Reconditioned စက်များအပါ အဝင် သုံးလက်စ Used Good Second Hand စက်အသစ်များ၊ စက်အဟောင်းများကိုပါ တင်သွင်းခွင့်ပြုနိုင်ရန် ကုန်သွယ်ရေးမူဝါဒကို ပြင်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါကြောင်း မေးမြန်း အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းမောင်တင် လဲချားမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမောင်တင်( လဲချားမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ လဲချားမဲဆန္ဒနယ်က ဦးစိုင်းမောင်တင်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်နယ်နဲ့ တိုင်းဒေသကြီး၊ အစိုးရအသီးသီးတို့သည် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလမှစပြီး မိမိပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးတွေရဲ့ ရသုံးငွေကို မိမိဖာသာရှာဖွေစီမံခန့်ခွဲရတော့မယ်လို့သိရှိရပါတယ်။ ထိုအခါမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ ဥပဒေပြုခွင့်ဇယား ၂ ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း တဲ့ ဥပဒေပြုခွင့် ဘဏ္ဍာငွေရှာဖွေခွင့်ရရှိလာမယ်လို့ သိရပါတယ်။ ဒါ့ကြောင့် ပြည်နယ်နဲ့ တိုင်း ဒေသကြီး အသီးသီးတို့အတွက် ရသုံးခန့်မှန်းငွေ၊ ခန့်မှန်းခြေငွေစာရင်းရေးဆွဲရာမှာလိုငွေများစွာရှိနေ ကြောင်းကြားသိရပါတယ်ခင်ဗျား။ ဥပမာပြရရင် ရှမ်းပြည်နယ်အစိုးရရဲ့ ရသုံးခန့်မှန်းငွေစာရင်းနဲ့

ပြည်သူ့လွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာ ၁/၂၀၁၁ အရ လိုငွေကျပ်သန်းပေါင်း ၂၈၀၀၀ ကျော်ပြသနေကြောင်းသိရပါတယ်။ အိမ်နီးချင်းနိုင်ငံများနဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးမှာ နယ်စပ်ကုန်သွယ်ရေးစခန်း ၉ ခုနဲ့ လ၀က စစ်ဆေးရေးစခန်းများရှိကြပါတယ်။ အဲဒီစခန်းများအားဖြတ်သန်းပြီး ကုန်သွယ်မှုပြုလျက်ရှိရာ တရားဝင်ကုန်သွယ်မှုမှာ အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ အမြတ်ခွန်စသည်တို့များစွာရရှိပြီး ၎င်းရငွေများသည် ဘဏ္ဍာခွန်ဝန်ကြီးဌာနနှင့် စီးပွားကူးသန်းဝန်ကြီးဌာနတို့မှတဆင့် ပြည်ထောင်စုအစိုးရဘဏ္ဍာငွေတို့ စီးဝင်ကြောင်းသိရပါတယ်ခင်ဗျား။ ဒီနယ်စပ်ကုန်သွယ်မှုများမှာ ရရှိတဲ့ဘဏ္ဍာငွေပမာဏဟာ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးတို့ရဲ့ ရသုံးခန့်မှန်းငွေ၊ ရသုံးခန့်မှန်းခြေလိုငွေစာရင်းကိုဖြည့်စွမ်းပေးနိုင်မယ့်အခြေအနေမှာရှိပါတယ်။ ဥပမာတစ်ခုကိုပြရရင် မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းရဲ့ ၂၀၁၀- ၂၀၁၁ ခုနှစ်၊ တရားဝင်ကုန်သွယ်မှုပမာဏဒေါ်လာသန်းပေါင်း ၁၄၀၉၆ ရရှိရာအကောက်ခွန်ဦးစီးဌာနရဲ့ အကောက်ခွန်အရပ်ရပ်မှ ရရှိငွေ ကျပ်သန်းပေါင်း ၃၀၆၀၀.၆၇၊ ပြည်တွင်းအခွန်ဦးစီးဌာနရဲ့ ကုန်သွယ်လုပ်ငန်းခွန် ကျပ်သန်းပေါင်း ၁၁၇၈၃.၆၂၊ ဝင်ငွေခွန် ၁၈၃၈.၄၄၅ သန်းနဲ့၊ အမြတ်ခွန် ၇၃၉.၂၃၈ သန်းရရှိခဲ့ပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို သက်ဆိုင်ရာမှ ဖြေကြားပေးပါရန် မေးမြန်းလိုပါတယ်ခင်ဗျား။ (၁) နယ်စပ်ကုန်သွယ်ရေးစခန်းရှိသော တိုင်းဒေသကြီးနဲ့ ပြည်နယ်များရဲ့ ဘဏ္ဍာငွေရရှိရေးအတွက် နယ်စပ်ကုန်သွယ်ရေးစခန်းမှရရှိသည့် အခွန်အခအရပ်ရပ်တို့ကို ဘဏ္ဍာအခွန်ဝန်ကြီးဌာနနဲ့ စီးပွားကူးသန်းဝန်ကြီးဌာနတို့မှ ရာခိုင်နှုန်းသတ်မှတ်၍ မည်ကဲ့သို့ခွဲဝေပေးနိုင်မည်ကို သိရှိလိုပါတယ်။ မည်သည့်အချိန်ကာလမှာခွဲဝေပေးနိုင်မည်ကိုလည်းသိရှိလိုပါတယ်ခင်ဗျား။ (၂) အိမ်နီးချင်းနိုင်ငံများနဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးတို့မှာ နယ်စပ်စစ်ဆေးရေးစခန်းများရှိကြပါတယ်။ ထို့အပြင်တရားမဝင် ဝင်ပေါက်ထွက်ပေါက်များမှတဆင့် ကုန်သွယ်မှုများရှိနေရာ ၎င်းတို့အားတရားဝင်နယ်စပ်ကုန်သွယ်မှုဖြစ်လာအောင်စီမံဆောင်ရွက်ပေးပြီး တိုင်းဒေသကြီးနဲ့ပြည်နယ်ဘဏ္ဍာငွေဖြည့်တင်းရေးစီမံဆောင်ရွက်နိုင်ခြေရှိ၊ မရှိ သိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများကို သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးက ပြန်လည် ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်း

မေတ္တာပို့သအပ်ပါတယ်။ အခုလို ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ဖြေကြားခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ မေးခွန်း(က)မှ(င) အထိ မေးခွန်းများကို ကျွန်တော့်အနေနဲ့ တစ်ပေါင်းတည်းဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ ဖြေကြားခွင့်ပြုပါ။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင်ရဲ့မေးခွန်းအမှတ်(၁)ဖြစ်တဲ့ လယ်ယာစိုက်ပျိုးရေးအထောက်အကူပြု ယန္တရားများနဲ့ စက်ပစ္စည်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များ အကောက်အခွန်လွတ်တင်သွင်းနိုင်ခြင်း ပြု မပြု မေးခွန်းနဲ့ပတ်သက်ပြီး ဦးစွာရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ကုန်ပစ္စည်းများတင်ပို့ခြင်း၊ တင်သွင်းခြင်းများနဲ့ပတ်သက်ပြီး ၁၉၄၇ ခုနှစ်၊ သွင်းကုန်၊ထုတ်ကုန်ကြီးကြပ်ရေးယာယီအက်ဥပဒေအရ စီမံဆောင်ရွက်လျက်ရှိပါတယ်။ ပြောင်းလဲလာတဲ့စီးပွားရေးခေတ်စနစ်များနဲ့အညီ လိုအပ်တဲ့လုပ်ထုံးလုပ်နည်းများကိုလည်းပဲ ဖြည့်စွက်ပြင်ဆင်ပြီးတော့ အမိန့်ကြော်ငြာစာများထုတ်ပြန် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနအနေနဲ့ လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေဖို့အတွက် နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများကဖြစ်စေ၊ ပုဂ္ဂလိကထုတ်ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များကဖြစ်စေ ပြည်ပမှ မြန်မာနိုင်ငံအတွင်းကိုတင်သွင်းလာတဲ့ လယ်ယာသုံးကရိယာများ၊ လယ်ယာသုံးစက်ပစ္စည်းများကို ၁၉၄၇ ခုနှစ်၊ သွင်းကုန်၊ ထုတ်ကုန်ကြီးကြပ်ရေးယာယီအက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(၁)ရဲ့လုပ်ပိုင်ခွင့်များကိုကျင့်သုံးပြီး အမိန့်အမှတ် ၂/၉၃ ဖြင့်အမိန့်ထုတ်ပြန်ခဲ့တဲ့ ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့မှစတင်ပြီးသွင်းကုန်လိုင်စင်ကြေးပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုထားပြီးဖြစ်ပါတယ်။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရဲ့ ဖြေကြားချက်အရ လယ်ယာသုံးပစ္စည်းကိရိယာများကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရဲ့ ၁၉၆၁ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၇၀ အရ အကောက်ခွန်ကင်းလွတ်ခွင့်ပြုပေးခဲ့ပါတယ်။ လက်ရှိအသုံးပြုနေတဲ့ မြန်မာ့အကောက်ခွန်နှုန်းဇယားစာအုပ် ၂၀၀၇ မှာလည်းပဲလယ်ယာသုံးပစ္စည်းများဖြစ်တဲ့ ထယ်သွား(Ploughs)၊ မြေဆွစက် (Scarificator))၊ ထွန်စက် (Cultivator) ပေါင်းသင်စက်(Weeder)၊ ထယ်ထိုးစက် (Disc Horrows)၊ ပျိုးကျဲစက်(Seeder)၊ အပင်စိုက်စက် (Planters)၊ မြေသြဇာဖြန့်စက်(Manure spreaders and Fertilizer distributors)၊ ခြွေလှေ့စက် (Combine Harvester-threshers)၊ စပါးလှေ့စက် (Threshing machinery)၊ အမြစ်ဖြုတ်စက် (Root or tuber harvesting machines)၊ ဝါဂွမ်းခြွေစက် (Cotton Picker and cotton qins)များအပေါ်မှာ အကောက်ခွန်လုံးဝမကောက်ပါကြောင်းနဲ့ ဘက်စုံသုံးယန္တရားများဖြစ်တဲ့ (Bulldozers, Angle

Dozers, Graders, Levellers, Scrapers, Mechanical Shovels, Excavators,Shovel Loaders, Tamping Machines, Road Rollers များကိုတော့ အကောက်ခွန်နှုန်း တစ်ရာခိုင်နှုန်းပဲကောက်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင်ရဲ့ မေးခွန်း (၂) ဖြစ်တဲ့ ပြည်တွင်းမှာ ထုတ်လုပ်ခွင့်ပေးရန် ခွင့်ပြုချက်ပေးနိုင်မပေးနိုင် မေးခွန်းအပေါ်မှာ အမှတ်(၂)စက်မှုဝန်ကြီးဌာနရဲ့ ဖြေကြားချက်များအရ အမှတ်(၂) စက်မှုဝန်ကြီးဌာနရဲ့ကြီးကြပ်မှုအောက်မှာ လယ်ယာသုံးပစ္စည်းများ ကို ထုတ်လုပ်လျက်ရှိတဲ့ အမှတ်(၁၆) အထွေထွေအကြီးစားစက်ရုံ(ဆင်တဲ)၊ အမှတ်(၁၇) အထွေထွေ အကြီးစားစက်ရုံ(မလွန်)၊ အမှတ်(၁၈) အထွေထွေအကြီးစားစက်ရုံ(အင်းကုန်း) စက်ရုံသုံးရုံ ရှိပါတယ်။ လယ်ယာသုံးပစ္စည်းများ ထုတ်လုပ်မှုအနေနဲ့ အမှတ်(၁၆)အထွေထွေအကြီးစားစက်ရုံ(ဆင်တဲ)မှာ လက်တွန်းထွန်းစက်၊ ၄ လက်မ ရေစုပ်စက်၊ ၂ လက်မ ရေစုပ်စက်၊ ၁၆ သွားထွန်၊ သုံးသွားထယ် သုံးသွားပါဝါထယ်၊ ပေါက်ပြား၊ ဂေါ်ပြား၊ ရေစုပ်ပန့်တို့ကိုထုတ်လုပ်ပြီးတော့ အမှတ်(၁၇) အထွေထွေ အကြီးစားစက်ရုံ(မလွန်)မှာ မြင်းကောင်ရေ ၉၀ ရှိတဲ့ထွန်စက်အကြီး၊ ၄ တန်နောက်တွဲယာဉ်၊ စပါးခြွေလှေ့စက်နှင့် တစ်နေ့လျှင်သုံးတန်မှငါးတန်အထိကျတဲ့ ဆန်စက်ငယ်တို့ကိုလည်းကောင်း ထုတ်လုပ်ပြီးတော့ အမှတ်(၁၈)အထွေထွေအကြီးစားစက်ရုံ(အင်းကုန်း)မှာ စပါးရိတ်စက်၊ ခြွေလှေ့စက် နှင့် မြင်းကောင်ရေ ၂၂ ရှိတဲ့ အင်ဂျင်စက်တို့ကိုလည်း အသီးသီးထုတ်လုပ် လျက်ရှိပါတယ်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကို အခြေခံဆောင်ရွက်လျက်ရှိရာမှာ စက်မှုလယ်ယာကဏ္ဍကို အသွင်ကူးပြောင်းတဲ့နေရာမှာ မဖြစ်မနေလိုအပ်တဲ့ လယ်ယာသုံးပစ္စည်းများကို နိုင်ငံတော်ပိုင်စက်ရုံ တစ်ခုတည်းကနေပြီး ထုတ်လုပ်ခြင်းဖြင့် မလုံလောက်မှုမရှိ မည်မဟုတ်ပါတဲ့အတွက်ကြောင့် ပြည်ပမှ စက်ပစ္စည်းများတင်သွင်းတဲ့အပြင် ပြည်တွင်းမှာလည်းပဲ ထုတ်လုပ်နိုင်ရေးအတွက်လည်းပဲ ခွင့်ပြုပေး လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အခုလို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင်ရဲ့မေးခွန်းကို ဖြေကြားခွင့်ရတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တက်ရောက် လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ဆက်လက်ပြီးတော့ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်ရဲ့မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဟာ မော်တော်ယာဉ်များ၊

လုပ်ငန်းသုံးယာဉ်များနှင့်ယန္တရားယာဉ်များ လိုင်စင်လျှောက်ထားမှုနဲ့ ပတ်သက်ပြီး သွင်းကုန်လုပ်ငန်းရှင်များက လွတ်လပ်စွာ တင်သွင်းလျှောက်ထားဖို့အတွက် (က) ထရပ်ကားများအတွက် လွန်ခဲ့သော ခုနှစ်နှစ်အတွင်း ထုတ်လုပ်သောယာဉ်၊ ဘယ်မောင်း ယာဉ်အဖြစ်သာ တင်သွင်းခွင့်ပြုရန် (ခ) ယန္တရားယာဉ်များအတွက် လွန်ခဲ့သော ခုနှစ်နှစ်အတွင်း ထုတ်လုပ်သောယာဉ်အဖြစ်သာ တင်သွင်းခွင့်ပြုရန် (ဂ) မီနီဘတ်စ်နဲ့ ဘတ်စ်ကားကြီးများကို အသစ်ဘယ်မောင်းယာဉ်များအဖြစ်သာ တင်သွင်းခွင့်ပြုရန်ဆိုတဲ့ မူချမှတ်ဆောင်ရွက်ထားရှိပါတယ်။ လက်ရှိအခြေအနေမှာ နိုင်ငံတော်အစိုးရဟာ ပြည်သူများရဲ့အကျိုးငှာ ခေတ်စနစ်နဲ့အညီ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ ပြင်ဆင်ဆောင်ရွက်လျက်ရှိတဲ့ နေရာမှာလည်းပဲ အိုမင်းဟောင်းနွမ်းနေတဲ့ ပုဂ္ဂလိကပိုင်မော်တော်ယာဉ်များအစား၊ အစားထိုးလဲလှယ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ ၂၀၁၁ စက်တင်ဘာ ၁၁ ရက်နေ့ သတင်းစာများမှာလည်း အသေးစိတ်ဖော်ပြထားပြီး ဖြစ်ပါတယ်။ ထိုကဲ့သို့ လဲလှယ်ရန်အတွက် သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရဝန်ကြီးများ ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ သတင်းစာပါအချက်အလက်များနဲ့ အဓိကကျတဲ့ အချက်အချို့ကို တင်ပြရမယ်ဆိုရင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ မှတ်ပုံတင်ထားတဲ့ မော်တော်ယာဉ်များအနက် မှတ်ပုံတင် သက်တမ်း နှစ် ၄၀ ကျော်ယာဉ်များ၊ နှစ် ၃၀ ကျော်မှ ၄၀ ကြားယာဉ်များ၊ အနှစ် ၂၀ ကျော်မှ အနှစ် ၃၀ ကြားယာဉ်များကို သတ်မှတ်ထားပါတယ်။ အထက်ပါမော်တော်ကားများကို မှတ်ပုံတင်သက်တမ်း အနှစ် ၄၀ ကျော်ယာဉ်များမှစပြီး တစ်ဆင့်ပြီးတစ်ဆင့် အစားထိုးလဲလှယ်နိုင်ရေး ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ကားဟောင်းများအပ်နှံရေးကိစ္စမှတ်ပုံတင်ပြီးစီးပါက အပ်နှံမှုအမှတ်အသားတစ်စောင်ထုတ်ပေးမှာဖြစ်ပြီးတော့ ယာဉ်ဟောင်းအားဆက်လက်အသုံးပြုနိုင်ကာ ထုတ်လုပ်တဲ့ မူလနိုင်ငံက ရောင်းဈေးဒေါ်လာ ၃၅၀၀ ထက်မပိုသော ယာဉ်တစ်စီးအား ဝယ်ယူခွင့်ပါမစ်ထုတ်ပေးမှာ ဖြစ်ပါတယ်။ အဆိုပါဝယ်ယူခွင့်ပါမစ်ဖြင့် ၁၉၉၅ ခုနှစ် အထက်ရှိတဲ့ယာဉ်များကို နိုင်ငံခြားမှ မှာယူတင်သွင်းရန်ဖြစ်ပါတယ်။ ၎င်းကိစ္စနဲ့ ပတ်သက်ပြီးတော့လည်း စီးပွားကူးသန်းဝန်ကြီးဌာနဟာ One Stop Service နေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိပြီးတော့ အများပြည်သူများ အဆင်ပြေရေး အတွက်လိုအပ်လျှင်ရုံးပိတ်ရက်မှာပါ ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြလိုပါတယ်။

ဒါ့အပြင် ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံနဲ့ ထိုင်းနိုင်ငံစတဲ့နိုင်ငံတွေက ကားထုတ်လုပ်တဲ့ ကုမ္ပဏီများနဲ့ဆက်သွယ်ပြီး မြန်မာနိုင်ငံမှာ ယာဉ်အရောင်းပြခန်း Show Room များဖွင့်လှစ်ဆောင်ရွက်နိုင်ရေး ခွင့်ပြုပေးသွားမှာလည်း ဖြစ်ပါတယ်။ အပ်နှံတဲ့ယာဉ်ဟောင်း အမျိုးအစားအလိုက် လူစီးယာဉ်၊ လိုက်ထရပ်၊ ထရပ်နဲ့ဘတ်စ်

အမျိုးအစားများကို လျှောက်ထားခွင့်ပြုမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း နိုင်ငံခြားပို့ကုန်လုပ်ငန်း၊ ဟိုတယ်ခရီးသွားလာမှုလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လုပ်ကိုင်သူများ၊ နိုင်ငံခြားမှာ တရားဝင်သွားရောက်အလုပ် လုပ်ကိုင်သူများနဲ့ သင်္ဘောသားများဟာလည်းပဲ နိုင်ငံတော်ဘဏ်များမှာ တရားဝင်နိုင်ငံခြားငွေစုဆောင်းထားရှိပါက မော်တော်ယာဉ်ဝယ်ယူခွင့်ပါမစ်အား စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ခွင့်ပြုပေးသွားရန် အစီအစဉ်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အတွက်ကြောင့် မော်တော်ယာဉ်များ ဈေးကြီးပေးဝယ်နေရခြင်းများ မော်တော်ယာဉ် ရှားပါးမှုကြောင့် လမ်းပန်းဆက်သွယ်ရေးမှာ စရိတ်စကကြီးမြင့်လာရခြင်းများ ခေတ်စနစ်နဲ့အညီ လုပ်ထုံးလုပ်နည်းများကိုပြန်လည်ပြင်ဆင်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းယောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစောတင်မေးမြန်းထားတဲ့ မိုင်းယောင်းမြို့နယ်မှာ ယခင်နှစ်က ပိုလျှံသောစပါးများ ပင်လျှင်ရောင်းချ၍မရနိုင်သေးသဖြင့် တောင်သူလယ်သမားများမှာ အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်းမေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းယောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစောတင် မေးမြန်းတင်ပြထားတဲ့မေးခွန်းနဲ့ စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဦးစိုင်းစောတင်ရဲ့ မေးမြန်းချက်နဲ့ပတ်သက်လို့ ဖြေကြားရရင် ရှမ်းပြည်နယ်အရှေ့ပိုင်းမှာ မြို့နယ်ကိုးခု၊ လူဦးရေ ၈၇၆၆၅၇ ဦးရှိပြီးတော့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှာ မိုးစပါးစိုက်ဧက ၃၁၃၈၇၈၊ နွေစပါးစိုက်ဧက ၃၁၂၉၄ စုစုပေါင်း ၃၄၅၁၇၂ ဧကစိုက်ပျိုးပြီး မိုးစပါး၊ နွေစပါးစုစုပေါင်း ထွက်ရှိမှုဟာတင်း ၂၇၆.၈၀ သိန်းထွက်ရှိကြောင်းနဲ့ မျိုး၊ အလေအလွင့်နဲ့စားသုံးမှု စပါးတင်းမှာ ၁၇၁.၁၈ သိန်း ဖြစ်တာကြောင့် ပိုလျှံမှုစပါးတင်းပေါင်း ၁၀၅.၆၂ သိန်းရှိကြောင်း စာရင်းဇယားများအရ သိရှိရပါတယ်။ ဦးစိုင်းစောတင်တင်ပြထားတဲ့ မိုင်းယောင်းမြို့နယ်ကို ကြည့်မယ်ဆိုရင် လူဦးရေ ၁၀၉၇၈၃ ရှိပြီးတော့ မိုးစပါး၊ နွေစပါးစိုက်ဧကပေါင်း ၅၅၃၂၂ ဧကရှိပါတယ်။ ထွက်ရှိမှုစပါးတင်းပေါင်းမှာ ၄၁.၈၅ သိန်း၊ မျိုး၊ အလေအလွင့်နဲ့ စားသုံးမှုစပါးတင်းပေါင်း ၂၂.၀၁ သိန်း၊ ပိုလျှံမှုစပါးတင်း ၁၉.၈၄ သိန်းရှိကြောင်းသိရှိရပါတယ်။ ကျွန်တော့်အနေနဲ့လည်း တစ်ဖက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာနဝန်ကြီး တာဝန်ယူရသလို တစ်ဖက်ကလည်း ပြည်ထောင်စုကုန်ဈေးနှုန်းထိန်းသိမ်းရေးကော်မတီရဲ့ ဥက္ကဋ္ဌဖြစ်တဲ့အတွက်ကြောင့် ဒီ အဓိကစားသုံးဆန်နဲ့

ဆီကစပြီးတော့ အခြေခံစားကုန်များရဲ့စီးဆင်းမှုတွေကို အမြဲတမ်းတွက်ချက်ပြီး ဒါ့ကြောင့်လည်းပဲ တင်ပြလိုပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ဆန်စပါးမူဝါဒနဲ့ပတ်သက်လို့လည်း တင်ပြရရင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှာ နိုင်ငံတော်အတွင်းမှာရှိတဲ့ တောင်သူ လယ်သမားများ၊ ပြည်သူတစ်ရပ်လုံးရဲ့ အကျိုးစီးပွားကိုရည်ရွယ်ပြီး နိုင်ငံတော်ရဲ့အဓိကသီးနှံဖြစ်တဲ့ ဆန်စပါးကို၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်စပါးရာသီကစပြီး အစိုးရကတိုက်ရိုက်ဝယ်ယူခြင်း မပြုတော့ဘဲနဲ့ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားခွင့်ပြုတဲ့ ဆန်စပါးရောင်းဝယ်ရေးမူဝါဒသစ်ကို ကျင့်သုံးသွားမည် ဖြစ်ကြောင်း ၂၀၀၃ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့မှာ နိုင်ငံတော်က ကြေညာခဲ့ပါတယ်။ ၎င်းကြေညာချက်အရ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများအပါအဝင် ဆန်စပါး လုပ်ငန်းနှင့် ဆက်စပ်နေသော ပြည်သူများအားလုံးအနေနဲ့ ဆန်စပါးရောင်းဝယ်ခြင်း၊ ကြိတ်ခွဲခြင်း၊ တင်ပို့ခြင်းလုပ်ငန်းများကို လွတ်လွတ်လပ်လပ် လုပ်ဆောင်နိုင်ခွင့်ရရှိခဲ့ပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံ အတွင်း ဒေသတစ်ခုမှတစ်ခုကို လွတ်လပ်စွာ ရောင်းဝယ်စီးဆင်းခွင့်ပြုထားပြီးလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ နောင်ဖြစ်ပေါ်လာမယ့် လူဦးရေသန်း ၁၀၀ ကို စားနပ်ရိက္ခာလုံလောက်စေရေး အတွက်လည်းပဲ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်စေရေးဆောင်ရွက်ဖို့နဲ့ ဒီလိုဆောင်ရွက်ရာ မှာ စိုက်ဧကတိုးချဲ့ခြင်း Extensive၊ တစ်ဧကအထွက်နှုန်းတိုးတက်စေခြင်း Entensive နည်းလမ်း များဖြင့် ဆောင်ရွက်သွားပြီး ပြည်တွင်းစားသုံးမှုဖူလုံအောင် စိုက်ပျိုးထုတ်လုပ်ပြီး ပိုလျှံသည်များကို ပြည်ပကိုတင်ပို့နိုင်ရန် ဆန်စပါးမူဝါဒ ချမှတ်ထားပြီးလည်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်အရှေ့ပိုင်း အတွင်း စစ်ဆေးရေးဂိတ်များထားရှိမှုကို မေးမြန်းစုံစမ်းချက်အရ ကျိုင်းတုံ-မိုင်းလားလမ်းမှာ တာပင်းဂိတ်၊ ကျိုင်းတုံ-မိုင်းယန်းလမ်းမှာ ဝမ်တာပုံဂိတ်၊ မိုင်းခတ်ဂိတ်၊ မိုင်းယန်းဂိတ်များရှိကြောင်း ကျိုင်းတုံ-တာချီလိတ်လမ်းမှာ ကျိုင်းတုံပူးပေါင်းဂိတ်၊ မိုင်းဖြတ်ပူးပေါင်းဂိတ်၊ မယ်ယန်းပူးပေါင်း ဂိတ်များရှိကြောင်း မိုင်းယောင်းမှအထွက်မှာ မိုင်းယုဂိတ်ရှိကြောင်း သိရှိရပါတယ်။ ဒီဂိတ်များအနေနဲ့ လက်နက်နဲ့ဖောက်ခွဲရေးပစ္စည်းများ တရားမဝင်သယ်ယူမှုမရှိစေရေး နိုင်ငံတော်မှတားမြစ်ထားတဲ့ ကန့်သတ်ကုန်ပစ္စည်းများ၊ မူးယစ်ဆေးဝါးများ ဝင်ရောက်မှုမရှိစေရေး၊ နိုင်ငံတော်မှ တားမြစ်ထားတဲ့ ကန့်သတ်ကုန်ပစ္စည်းများ တရားမဝင်မှောင်ခိုထွက်ရှိမှု မရှိစေရေးတို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ သက်ဆိုင်ရာဌာနများပါဝင်တဲ့အဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း လေ့လာသိရှိရ ပါတယ်။ ဆန်စပါးအပါအဝင် လယ်ယာထွက်ကုန်သီးနှံများအားလုံးကို ပြည်တွင်းစားသုံးမှု ပိုလျှံပါက ပြည်ပကို တရားဝင်တင်ပို့ခွင့်ပြုထားပြီးလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် တရားမဝင်မှောင်ခို ထွက်ရှိမှုများကို တားဆီးကာကွယ်သွားကြရမှာပဲ ဖြစ်ပါတယ်။ ပြည်ပဆန်တင်ပို့မှုကို ကြည့်မယ်ဆိုရင်

ယခင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှာ ဆန်တန်ချိန် ၅.၃၇ သိန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၉၈.၂၃၆ သန်းဖိုးတင်ပို့ခဲ့ပါတယ်။ ယခု ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် စက်တင်ဘာလ၊ ဒုတိယပတ်ထိ ဆန်တန်ချိန် ၃.၄၇ သိန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၃၄.၆၇၁ သန်း တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်ကာလတွေမှာ ဆန်တန်ချိန် ၁.၃၈ သိန်း၊ အမေရိကန်ဒေါ်လာ ၄၆.၉၆၈ သန်းသာ တင်ပို့နိုင်တဲ့အတွက် ကာလတူနှိုင်းယှဉ်ကြည့်ရင် တန်ချိန် ၂.၀၉ သိန်း၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၈၇.၇၀ သန်းပိုမိုတင်ပို့ထားပြီးဖြစ်ပါတယ်။ ယခင်နှစ်များက ဆန်ပြည်ပတင်ပို့ခြင်းကို နယ်စပ်ကုန်သွယ်ရေးစခန်းများကပါ တင်ပို့ခွင့်ပြုခဲ့ပါတယ်။ ဒါပေမယ့် တရားမဝင်တင်ပို့မှုတွေ ရောနှောဖြစ်ပေါ်လာတဲ့အတွက် ၂၀၁၀-၂၀၁၁ နဲ့ ယခု ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်များမှာ နယ်စပ်ကုန်သွယ်ရေးစနစ်ဖြင့်တင်ပို့ခွင့်မပြုဘဲ ပင်လယ်ရေကြောင်းဖြင့်သာ တင်ပို့လျက်ရှိပါတယ်။

ဆန်စပါးဟာ မြန်မာနိုင်ငံရဲ့ အဓိကကျတဲ့ စားသုံးသီးနှံဖြစ်တဲ့အတွက် ပြည်တွင်းစားသုံးမှု ဖူလုံရေး၊ စားသုံးပြီးပိုလျှံမှသာ ပြည်ပသို့ စနစ်တကျ စိစစ်တင်ပို့ရေးတို့ကို ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ မလိုလားအပ်တဲ့ ဆန်ဈေးကြီးမြင့်မှုနဲ့ တစ်ဖက်နိုင်ငံသို့ တရားမဝင်မှောင်ခိုစီးထွက်မှုများ မရှိစေရေးအတွက် အလေးထားဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဆန်ပြည်ပတင်ပို့ခြင်းအား နယ်စပ်ဒေသမှ တင်ပို့လိုပါက သက်ဆိုင်ရာပြည်နယ်အစိုးရက မိမိပြည်နယ်အတွင်း စားသုံးမှုဖူလုံပြီး ပိုလျှံမှုပမာဏကို တာဝန်ယူတွက်ချက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားသင့်ပါတယ်။ သာဓကအားဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ အစိုးရအဖွဲ့မှ ဒေသတွင်းထွက်ရှိပြီး စားသုံးမှုဖူလုံကာ ပိုလျှံသော ဆန်များကို ပုသိမ် FOB ဖြင့် ပြည်ပသို့တိုက်ရိုက်တင်ပို့လိုကြောင်း ပြည်ထောင်စုအစိုးရကို တင်ပြချက်အရ M.V PUTRI ASIA သင်္ဘောဖြင့် ဟသ်ာတဆန်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်နှင့် ဧရာဒီပါ ပုသိမ်ဆန်စပါး ရောင်းဝယ်ရေးကုမ္ပဏီတို့က ၁၇-၈-၂၀၁၁ ရက်နေ့မှာ ၃၁-၈-၂၀၁၁ ရက်နေ့ အတွင်း ပြည်ပကိုဆန်တန်ချိန် ၃၀၀၀ FOB တင်ပို့ခဲ့ပါတယ်။ ဒါကြောင့် မိုင်းယောင်းမြို့နယ်အပါအဝင် ရှမ်းပြည်နယ်အရှေ့ပိုင်းမှ ထွက်ရှိတဲ့ဆန်စပါးများကို ပြည်တွင်းမှာ လွတ်လွတ်လပ်လပ်ဝယ်ယူရောင်းချခြင်း၊ လွပ်လပ်စွာစီးဆင်းခြင်းများ ဆောင်ရွက်နိုင်ပါကြောင်းနှင့် ပြည်နယ်တွင်း ပိုလျှံမှုရှိသည်များကို ပြည်ပသို့ နယ်စပ်ကုန်သွယ်ရေးစနစ်ဖြင့် တင်ပို့ရောင်းချခြင်းကို ပြည်နယ်အစိုးရမှတစ်ဆင့် ပြည်ထောင်စုအစိုးရသို့ တင်ပြဆောင်ရွက်နိုင်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါ တယ်ခင်ဗျား။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်(ခ)ဦးခင်မောင်ရည်မှ မေးမြန်းထားတဲ့စက်အသစ် Brand New များသာမကဘဲ Reconditioned စက်အဟောင်းများကိုပါ တင်သွင်းခွင့်ပြုရန် ကုန်သွယ်ရေးမူဝါဒကို ပြန်လည်

ပြင်ဆင်ရန် အစီအစဉ်ရှိမရှိမေးခွန်းအပေါ် ဖြေကြားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များခင်ဗျား။ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဟာ စက်ပစ္စည်းများနဲ့ ပတ်သက်ပြီးတော့ ပုဂ္ဂလိကလုပ်ငန်းရှင်များအား စက်သစ် Brand New များအားလုံးကို ကန့်သတ်မှု မရှိဘဲ တင်သွင်းခွင့်ပြုထားပြီးဖြစ်ပါတယ်။ ပြန်လည်ပြုပြင်ထားတဲ့ Reconditioned စက်ပစ္စည်းများ အတွက် စက်မှုကဏ္ဍဖွံ့ဖြိုးရေးမှာ အဓိကအရေးပါတဲ့ အသေးစားနဲ့အလတ်စား စက်မှုလုပ်ငန်းများ အတွက် တင်သွင်းရန်ခွင့်ပြုပေးထားခြင်းများကို ဆောင်ရွက်ခွင့်ပေးထားပါတယ်။ ဒါ့အပြင် စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဟာ ပြည်တွင်းကုန်ထုတ်လုပ်ငန်းများအတွက် စက်ရုံတည်ထောင်ရင်းနှီးမြှုပ်နှံတဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်များကို ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများငှားရမ်းခြင်းအပါအဝင်ဆောင်ရွက်နိုင်ရန်အတွက် ပြန်လည်ပြုပြင်ထားတဲ့ စက်ပစ္စည်းများကို (က) အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများအတွက် အသုံးပြုနိုင်မယ့် စက်ပစ္စည်းများဖြစ်ရမည်။ (ခ) တင်သွင်းမယ့်စက်ပစ္စည်းသည် အပြည့်အဝပြန်လည်ပြုပြင်ပြီး Full Reconditioned ဖြစ်ရမည်။ (ဂ) တင်သွင်းပြီးနောက် ၁၀ နှစ်အတွင်းလိုအပ်သော အပိုပစ္စည်းများ ရရှိနိုင်သည့်စက်ပစ္စည်းဖြစ်ရမည်။ (ဃ) တင်သွင်းပြီးနောက် ၁၀ နှစ်အတွင်းကောင်းမွန်စွာ သုံးစွဲနိုင်ကြောင်း နိုင်ငံခြားမှစက်ပစ္စည်းရောင်းသူ၏ အာမခံချက်ရှိရမည်ဆိုတဲ့ စည်းကမ်းချက် များနှင့်အညီ တင်သွင်းခွင့်ပြုထားပါ တယ်။

ဒါ့အပြင် ပြည်ပမှမော်တော်ယာဉ်များ၊ လုပ်ငန်းသုံးယာဉ်များနှင့် ယန္တရားများကို တင်သွင်းခွင့် ပြုရာမှာ အသစ်နဲ့အပြည့်အဝပြုပြင်ပြီး ယာဉ်များကိုလည်း တင်သွင်းခွင့်ပြုထားပါတယ်။ ပြုပြင်ပြီး အဆင့် Reconditioned အတွက်သတ်မှတ်ထားသည့် (က)အင်ဂျင်နှင့် အခြားလိုအပ်တဲ့ အစိတ်အပိုင်းများအား ပြီးပြည့်စုံအောင် စမ်းသပ်စစ်ဆေးပြီး ဖြစ်ရမည်။ (ခ) Brake အပါအဝင် မော်တော်ကားအောက်ပိုင်းနှင့် အခြားလိုအပ်သည့် အစိတ်အပိုင်းများအား ပြီးပြည့်စုံအောင် စမ်းသပ်စစ်ဆေးပြီးဖြစ်ရမည်။ (ဂ)မော်တော်ကားကိုယ်ထည်အား ပြီးပြည့်စုံအောင်ပြင်ဆင်ထားပြီး၊ ဆေးသုတ်ထားပြီးဖြစ်ရမည်။ (ဃ)မော်တော်ကားအတွင်းပိုင်း သန့်ရှင်းနေရမည်။ (င) ဘက်ထရီနှင့် တာယာအသစ်ဖြစ်ရမည်။ (စ) အစိုးရမှ ခွင့်ပြုထားသည့်စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးပြီးဖြစ်ရမည် စတဲ့အချက် ခြောက်ချက်အတိုင်း အပြည့်အဝထည့်သွင်း ပြုပြင်ဆောင်ရွက်ပြီးတော့ တင်သွင်းခွင့် ပြုထားပါတယ်။ ဒါကြောင့် ပြုပြင်ပြီးယာဉ်များအား တင်သွင်းခွင့်ပြုထားခြင်းဟာ သုံးလက်စ Used ပစ္စည်းများ၊ အဟောင်းများကို တင်သွင်းခြင်းထက် ပိုပြီးစိတ်ချလုံခြုံမှုများကို ရစေပါတယ်။ သုံးလက်စ

Used များကိုသာ အကန့်အသတ်မရှိ တင်သွင်းခွင့်ပြုမည်ဆိုပါက မိမိနိုင်ငံအတွင်း အခြားနိုင်ငံမှ အသုံးမဝင်တော့တဲ့ စက်ပစ္စည်းအဟောင်းများ စုပြုံဝင်ရောက်လာမှာဖြစ်ခြင်း၊ စက်ပစ္စည်းအဟောင်းများ စုပြုံလာနိုင်ခြင်းကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ဖြစ်ပေါ်လာနိုင်ခြင်း စက်ပစ္စည်းအဟောင်း Spare Part ရရှိမှုနည်းပါးနိုင်ခြင်း၊ Spare Part ရရှိမှုနည်းပါးတဲ့အတွက် စက်ရုံအလုပ်ရုံလည်ပတ်မှု ရပ်ဆိုင်းလာနိုင်ခြင်း စက်ပစ္စည်းအဟောင်းများကြောင့် စက်ရုံထုတ်ကုန်ပစ္စည်းများ အရည်အသွေးညံ့ဖျင်းနိုင်ခြင်း မိမိနိုင်ငံထုတ်ပစ္စည်းများ စံချိန်စံညွှန်းနှင့် မကိုက်ညီပါက နိုင်ငံတကာဈေးကွက်ကို မထိုးဖောက်နိုင်ခြင်း ဖြစ်ပေါ်လာနိုင်သည့်အတွက် ရေရှည်မှာ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ထည့်သွင်းစဥ်းစားရမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ယခုလိုပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်(ခ)ဦးခင်မောင်ရည်ရဲ့မေးခွန်းကို ဖြေကြားခွင့်ရတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များကို ကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ရှမ်းပြည်နယ်၊ လဲချားမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်တင်မေးမြန်းထားတဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းရှိသော တိုင်းဒေသကြီးနဲ့ပြည်နယ်များရဲ့ဘဏ္ဍာငွေရရှိရေးအတွက် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများမှ ရရှိတဲ့အခွန်အခ အရပ်ရပ်တို့ကိုဘဏ္ဍာအခွန်ဝန်ကြီးဌာနနဲ့ စီးပွားကူးသန်းဝန်ကြီးဌာနတို့မှ ရာခိုင်နှုန်းသတ်မှတ်ပြီး ခွဲဝေပေးခြင်း ရှိ၊ မရှိနဲ့ အခြားအိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ထိစပ်နေသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှာ နယ်စပ်စစ်ဆေးရေးစခန်းများ ရှိကြပါတယ်။ ထိုစစ်ဆေးရေးစခန်းများနဲ့ တရားမဝင်ထွက်ပေါက်များမှတစ်ဆင့် ကုန်သွယ်မှုများရှိနေရာ ၎င်းတို့အား တရားဝင်နယ်စပ်ကုန်သွယ်မှုဖြစ်အောင် စီမံဆောင်ရွက်ပေးပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဘဏ္ဍာငွေဖြည့်တင်းရေး စီမံဆောင်ရွက်နိုင်ခြေ ရှိ၊ မရှိ မေးမြန်းချက်အပေါ် ဖြေကြားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ လဲချားမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်တင်မေးမြန်းထားတဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းရှိသော တိုင်းဒေသကြီးနဲ့ပြည်နယ်များရဲ့ဘဏ္ဍာငွေရရှိရေးအတွက် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများမှ ရရှိတဲ့အခွန်အခ အရပ်ရပ်တို့ကိုဘဏ္ဍာအခွန်ဝန်ကြီးဌာနနဲ့ စီးပွားကူးသန်းဝန်ကြီးဌာနတို့မှ ရာခိုင်နှုန်းသတ်မှတ်ပြီး ခွဲဝေပေးနိုင်ခြင်း ရှိ၊ မရှိမေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန လက်အောက်မှာရှိတဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းများမှာ စီးပွားရေး

နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ကောက်ခံရရှိတဲ့အခွန်အခမှာ သွင်းကုန်လိုင်စင် ကြေးတစ်ခုတည်းသာ ရှိပါတယ်။ အဆိုပါရရှိတဲ့ သွင်းကုန်လိုင်စင်ကြေးများကိုလည်း ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေစာရင်းကို ပေးသွင်းလျက်ရှိပါတယ်။ ဘဏ္ဍာအခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာနဟာနယ်စပ်မှာ ကုန်သွယ်မှုပြုတဲ့ ကုန်ပစ္စည်းများအပေါ် ကင်းလွတ်ခွင့်ပြုထားတဲ့ အချို့ ကုန်ပစ္စည်းများမှအပ ကျန်ပို့ကုန်ပစ္စည်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကိုလည်ကောင်း၊ သွင်းကုန် များအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကိုလည်ကောင်း၊ အကောက်ခွန်ဦးစီးဌာနမှ သွင်းကုန်အပေါ် အကောက်ခွန်ကိုလည်ကောင်း ကောက်ခံလျက်ရှိပါတယ်။ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၁၊ အပိုဒ်ခွဲ(က)အရ အဆိုပါအခွန်အကောက်များဟာ ဇယား ၅၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရရှိမယ့် အခွန်အခများတွင် ပါဝင်ခြင်း မရှိတဲ့အတွက် ပြည်ထောင်စုအစိုးရကကောက်ခံပြီး ပြည်ထောင်စုရန်ပုံငွေသို့ ပေးသွင်းရတဲ့အခွန် အကောက်များလည်း ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေဖြင့်စတင်ဖွဲ့စည်းတဲ့ ကာလဖြစ်တဲ့အတွက် ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့ထိ ကာလကို နိုင်ငံတော်မှတာဝန်ယူပြီး နိုင်ငံတော်ရဲ့ ဘဏ္ဍာရန်ပုံငွေအစီအစဥ်နဲ့ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ ပြည်ထောင်စုရန်ပုံငွေနှင့် တိုင်းဒေသကြီး/ပြည်နယ် ရန်ပုံငွေများအဖြစ် ခွဲခြားဆောင်ရွက်မှာ ဖြစ်ပါတယ်။ ထိုကဲ့သို့ဆောင်ရွက်တဲ့နေရာမှာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ မှာဖော်ပြထားတဲ့ စီမံကိန်းနဲ့ ဘဏ္ဍာရေး ကဏ္ဍမှာသတ်မှတ်ထားတဲ့ အခွန်အခများ ဖြစ်တဲ့ မြေယာခွန်၊ ယစ်မျိုးခွန်၊ အဆောက်အအုံနဲ့ မြေခွန်၊ ရေခွန်၊ လမ်းဘီးခွန်စတဲ့ အခွန်အခများ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရဲ့ ဝန်ဆောင်မှုလုပ်ငန်းများနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပိုင် ပစ္စည်းများရောင်းချခြင်း၊ ငှားရမ်းခြင်းနဲ့ အခြားနည်းလမ်းများနဲ့ ဆောင်ရွက်ပြီး ရငွေများရရှိအောင် စီမံကြီးကြပ်ကောက်ခံရမှာ ဖြစ်ပါတယ်။ စီးပွားရေးကဏ္ဍမှာ ပြည်ထောင်စုကပြဋ္ဌာန်းတဲ့ ဥပဒေနဲ့အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်မယ့် စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ရောင်းဝယ်ရေးကိစ္စ များကို စီမံခန့်ခွဲပြီးဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ၎င်းအပြင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၁ မှာ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ စီမံကိန်းနဲ့ ဘဏ္ဍာရေးကဏ္ဍမှာ ပါဝင်တဲ့ အခွန်အခများဖြစ်တဲ့ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ တံဆိပ်ခေါင်း ခွန်၊ အကောက်ခွန်၊ အောင်ဘာလေထီများနဲ့ ပြည်ထောင်စုရဲ့ ဝန်ဆောင်မှုလုပ်ငန်းများနဲ့ ပြည်ထောင်စုပိုင်ပစ္စည်းများ

ရောင်းချခြင်း၊ ငှားရမ်းခြင်းနဲ့ အခြားနည်းလမ်းဖြင့် ဆောင်ရွက်ခြင်းများဖြင့် ရငွေရရှိအောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ စီးပွားရေးကဏ္ဍ သတ်မှတ်ချက်ဖြစ်တဲ့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး၊ ခရီးသွားလာရေးလုပ်ငန်းများကိုလည်းပဲ ပြည်ထောင်စုအဆင့်အနေနဲ့သာ ဆောင်ရွက်ပြီးတော့ ယင်းလုပ်ငန်းမှ ရငွေများဟာ ပြည်ထောင်စုရဲ့ရငွေများ ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၂၅၄ (က)နဲ့(ခ)မှာ တိုင်းဒေသကြီး၊ အစိုးရ သို့မဟုတ် ပြည်နယ်အစိုးရများကောက်ခံရမယ့် အခွန်အခများကို ခွင့်ပြုထားတာရှိပါတယ်။ တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရမှ ကောက်ခံရမယ့်အခွန်အခများ ၂၅၄(က)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များဇယား ၅ ပါ အခွန်အခများကို ဥပဒေနဲ့အညီကောက်ခံပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။ (ခ)တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများကို ဥပဒေနဲ့အညီ သုံးစွဲခွင့်ရှိသည်။ ဇယား ၅ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ ကောက်ခံရမည့်အခွန်အခများမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

(က) မြေယာခွန်၊

(ခ) ယစ်မျိုးခွန်၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲလျက်ရှိသည့် ဆည်များ၊ တာတမံများကို အရင်းခံတဲ့ရေခွန်၊ တာတမံခွန်နဲ့ ထိုဆည်များ၊ တာတမံများရဲ့ ရေအားဖြင့် ထုတ်လုပ်ရရှိတဲ့ လျှပ်စစ်ဓာတ်အားခသုံးစွဲခ၊

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲလျက်ရှိသည့် လမ်းများ၊ တံတားများ ဖြတ်သန်းခ၊

(င) ရေချိုငါးလုပ်ငန်းများအပေါ်မှာ စည်းကြပ်ကောက်ခံတဲ့ ဘဏ္ဍာတော်ကြေး၊ သတ်မှတ်ထားတဲ့ အကွာအဝေးအတွင်း ပင်လယ်ငါးဖမ်းလုပ်ငန်းအပေါ်မှာ စည်းကြပ်ကောက်ခံတဲ့ ဘဏ္ဍာတော်ကြေး၊

(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်း၊ ရေလမ်းသုံးယာဉ်များဆိုင်ရာ ဥပဒေအရ စည်းကြပ်သောအခွန်၊

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပိုင်ပစ္စည်းများ ရောင်းရငွေနှင့် ငှားရမ်းခများ၊ ယင်းပစ္စည်းများမှရရှိသောအကျိုးအမြတ်များ၊

(ဇ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဝန်ဆောင်မှုလုပ်ငန်းများအတွက် သတ်မှတ်ကောက်ခံတဲ့အခကြေးငွေများ၊ အခွန်အခများနဲ့အခြားရငွေများ၊

(ဈ) တိုင်းဒေသကြီးတရားလွှတ်တော်သို့မဟုတ်ပြည်နယ်တရားလွှတ်တော်က အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ တရားရုံးများက ချမှတ်သည့် ဒဏ်ငွေ များ၊ ဝန်ဆောင်မှုအတွက် ကောက်ခံတဲ့အခွန်အခများနဲ့ အခြားရငွေများ၊

(ည) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရန်ပုံငွေများ ထုတ်ချေးသဖြင့် ရရှိသော အတိုးများ၊

(ဋ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နဲ့ ပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ရရှိသည့် အကျိုးအမြတ်များ၊

(ဌ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ သစ်တောများမှ အောက်ပါပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်အခများ-

(၁) ကျွန်းနှင့်သတ်မှတ်သော သစ်မာများမှအပ ကျန်သစ်များအပေါ်တွင် ကောက်ခံသည့်အခွန်၊

(၂) ထင်း၊ မီးသွေး၊ ကြိမ်၊ ဝါး၊ ငှက်သိုက်၊ ရှားစေး၊ သနပ်ခါး၊ ထင်းရှူးဆီ၊ သစ်မွှေး၊ ပျားထွက်ပစ္စည်းများ စသည်တို့အပေါ် ကောက်ခံတဲ့အခွန်၊

(ဍ) မှတ်ပုံတင်ကြေး၊

(ဎ) ပွဲခွန်၊

(ဏ) ဆားခွန်၊

(တ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှရရှိသည့် ဘဏ္ဍာငွေများ၊

(ထ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ စည်ပင်သာယာရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ထည့်ဝင်ငွေများ၊

(ဒ) ပိုင်ရှင်မပေါ်သော သွင်းထားငွေများနှင့်ပစ္စည်းများ၊

(ဓ) ရတနာသိုက်များဖြစ်ကြောင်း တွေ့ရှိရပါတယ်။

သို့ပါ၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ ကောက်ခံရရှိတဲ့ အခွန်အကောက်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ရာခိုင်နှုန်းသတ်မှတ်၍ ခွဲဝေပေးရန် သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့ အခြားအိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ထိစပ်နေသော တိုင်းဒေသကြီး နှင့် ပြည်နယ်အသီးသီးမှာရှိတဲ့

နယ်စပ်စစ်ဆေးရေးစခန်းများနဲ့ တရားမဝင် ဝင်၊ ထွက်ပေါက်များမှတစ်ဆင့် ကုန်သွယ်မှုများရှိနေရာ ၎င်းတို့အား တရားဝင်နယ်စပ်ကုန်သွယ်မှုဖြစ်အောင် စီမံဆောင်ရွက်ပေးပြီး၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဘဏ္ဍာငွေ ဖြည့်တင်းရေး စီမံဆောင်ရွက်နိုင်ခြေရှိ၊ မရှိဆိုတဲ့မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံများနဲ့ဆက်စပ်နေတဲ့ နယ်စပ်ဒေသများမှာ နယ်စပ်ကုန်သွယ်ရေး စခန်း(၁၂)ခုကို ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။ နယ်စပ်ဖြတ်ကျော်ပုံမှန်ကုန်သွယ်ရေးများ ဆောင်ရွက်ပေးလျက်လည်းရှိပါတယ်။ အဲဒီလို နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးမှရရှိလာသော အခွန်အခများကိုလည်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ထည့်သွင်းစေလျက်ရှိပါတယ်။ တရားမဝင်ဝင်ထွက်ပေါက်များမှ ကုန်သွယ်မှုလုပ်ငန်းများကိုလည်းမပြုလုပ်နိုင်ရန် ပိတ်ဆို့တားဆီးပြီး တရားဝင်နည်းလမ်းများမှ ရောင်းဝယ်မှုပြုလုပ်နိုင်အောင်လည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တရားမဝင်ဝင်ထွက်ပေါက်များကို တရားဝင်နယ်စပ်ကုန်သွယ်ရေးစခန်းအဖြစ် ပြောင်းလဲဖွင့်လှစ်နိုင်ဖို့ အောက်ဖော်ပြပါ အချက် ၆ ချက်နဲ့ ပြည့်စုံရန်လိုအပ်မှာ ဖြစ်ပါတယ်-

(က) နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်မယ့် ဒေသတွင်း လုံခြုံအေးချမ်းမှုရှိခြင်း၊

(ခ) လမ်းပန်းဆက်သွယ်မှုအခြေအနေဟာ ကုန်သွယ်မှုချောမွေ့စွာ ဆောင်ရွက်နိုင်တဲ့ အဆင့်အထိကောင်းမွန်ခြင်း၊

(ဂ) နှစ်နိုင်ငံချစ်ကြည်ရေးကောင်းမွန်ပြီး နှစ်နိုင်ငံလုံးက နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်ရေး ညှိနှိုင်းသဘောတူညီချက်များ ရရှိရန်လိုခြင်း၊

(ဃ) နယ်စပ်ကုန်သွယ်မှုစခန်းသစ်ဖွင့်လှစ်ရေးနှင့်ပတ်သက်ပြီး နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ၊ အကောက်ခွန်ဆိုင်ရာ၊ ဘဏ်လုပ်ငန်းဆိုင်ရာ ညှိနှိုင်းသဘောတူညီချက်များ ရှိခြင်း၊

(င) နှစ်နိုင်ငံပို့ကုန်၊ သွင်းကုန်အပြန်အလှန်မျှတစွာ ဆောင်ရွက်နိုင်မယ့် ပမာဏရှိရန် လိုအပ်ခြင်း၊

(စ) အခြားတိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ချိတ်ဆက်ပြီး ကုန်သွယ်မှုပြုနိုင်ခြင်းစတဲ့ အချက်များဖြစ်ပါတယ်။

သို့ပါ၍ နယ်စပ်စခန်းများမှ ကောက်ခံရရှိတဲ့ အခွန်အရပ်ရပ်တို့ကို ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့သာ ပေးသွင်းလျက်ရှိကြောင်း ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ စီးပွားကူးသန်းဝန်ကြီးဌာနနဲ့သက်ဆိုင်တဲ့မေးခွန်း ၅ ခုမေးခဲ့ပါတယ်။ ဒီအပေါ်မူတည်ပြီးတော့လည်း သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက အသေးစိတ်ပြန်လည်ဖြေကြား ခဲ့ပါတယ်။ ဖြေကြားမှုနဲ့ပတ်သက်လို့ မေးခွန်းမေးမြန်းထားတဲ့ပုဂ္ဂိုလ်များအနေနဲ့ ကျေနပ်မှုရာခိုင်နှုန်း ဘယ်လောက်ရှိတယ်ဆိုတာတော့ သက်ဆိုင်ရာမေးမြန်းတဲ့သူတွေအပေါ်မှာပဲတည်ပါတယ်။ ဒီမေးခွန်း တွေဟာ ဒီနေ့အတွက် အရေးကြီးတဲ့ မေးခွန်းတွေဖြစ်တယ်လို့ ဥက္ကဋ္ဌအနေနဲ့ ဒီလိုပဲ မှတ်ယူပါတယ်။ အဲဒီတော့ မေးခွန်း(က)နဲ့ပတ်သက်လို့ ထူးခြားသုံးသပ်ရန်မရှိပါဘူး။ မေးခွန်း(ခ) ဦးဝင်းမြင့်၊ မြင်းခြံမဲဆန္ဒနယ်မေးတဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဒီကိစ္စကို သက်ဆိုင်ရာစီးပွားကူးသန်းဝန်ကြီးဌာန တစ်ခုတည်းဆောင်ရွက်ရမယ့် ကိစ္စမဟုတ်ဘဲနဲ့ အစိုးရအဖွဲ့နဲ့ လွှတ်တော်ကော်မတီများနဲ့ ညှိနှိုင်း ဆောင်ရွက်ရမယ့် ကိစ္စဖြစ်တယ်လို့ ဒီလိုပဲယူဆပါတယ်။ အဲဒီအတိုင်းပဲ ဦးစိုင်းစောတင်၊ မိုင်းယောင်း မဲဆန္ဒနယ်က ယခင်နှစ်ပိုလျှံ စပါးများကို ရောင်းချနိုင်ရေးအဆိုနဲ့ပတ်သက်ပြီးတော့၊ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်းမှာ ဇလွန်မဲဆန္ဒနယ်က ဦးတင်ထွတ်တင်သွင်းခဲ့တဲ့ အဓိပ္ပါယ်တော့တူပါမယ်။ စကားလုံးတော့မှားချင်မှားနိုင်ပါတယ်။ ဦးတင်ထွတ်တင်သွင်းတာက လယ်ယာထွက်ကုန်သီးနှံများအား အနိမ့်ဆုံးဈေးသတ်မှတ်ဝယ်ယူပေးဖို့ အစိုးရအဖွဲ့က ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရန်ဆိုတဲ့ အဆိုကို တင်သွင်းခဲ့ပါတယ်။ ဒီအဆိုနဲ့ပတ်သက်ပြီးတော့ ကိုယ်စားလှယ် တော်တော်များများက စိတ်ဝင်စားပြီးတော့ ဒီအဆိုကို ထောက်ခံဆွေးနွေးကြပါတယ်။ အဲဒီလို ဆွေးနွေးတဲ့အချိန်မှာ ဦးစိုင်းစောတင်က အခုမေးခွန်းကိုပဲ အဲဒီနေ့အဆိုနဲ့စပ်လျဉ်းပြီးတော့ ဆွေးနွေးသွားတာရှိပါတယ်။ ဆွေးနွေးတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ဒီဟာကအမှန်တကယ် မိုင်းယောင်းမဲဆန္ဒနယ်မှ အမှန်တကယ်ဒီလိုဖြစ်နေတာလား။ ဖြစ်နေတယ်ဆိုလို့ရှိရင်တော့ အခု ဆွေးနွေးသလောက်ဖြစ်သလား။ ဒါကို အသေးစိတ်ပြန်စိစစ်ပြီးတော့ ညှိနှိုင်းတင်ပြဖို့ လိုပါတယ်လို့ မိမိပြောခဲ့ပါတယ်။ ဒီနေ့တော့ ဒီမေးခွန်းအနေနဲ့ မေးတဲ့အခါမှာ သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးကလည်း အသေးစိတ်ရှင်းလင်း သွားတာရှိပါတယ်။ အဲဒီအတိုင်းပဲ မေးခွန်း(ဃ)၊ နောက်တစ်ခါ မေးခွန်း(င)မှာလည်း စီးပွားကူးသန်းဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့ကိစ္စများကို အားလုံးမေးမြန်းသွား တဲ့အတွက် ဖြေတဲ့နေရာမှာလည်း အသေးစိတ်ဖြေသွားသလို လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့လည်း သေချာနားထောင်သွားတယ်လို့ပဲယူဆပါတယ်။ အဲဒီတော့ ဝန်ကြီးပြန်လည်ဖြေကြား သလိုပဲ အခြေအနေ၊ အချိန်အခါအရ ယခင်တုန်းက ကုန်သွယ်ရေး၊ကုန်သွယ်မှုမူဝါဒ ကောင်းစီလို့ပဲပြောပြော သို့မဟုတ်လို့ရှိရင် သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်ခဲ့တဲ့

ဆုံးဖြတ်ချက်တွေက မှန်တယ်လို့ပဲယူဆလိုက်ပါ။ ဒါနဲ့ပတ်သက်လို့ ဘာမှ အငြင်းပွားနေလို့ရှိရင် ခက်ပါတယ်။ ဒီနေ့ ဒီကာလမှာတော့ ဒီနေ့ ဒီအချိန်အခါနဲ့ကိုက်ညီတဲ့ မူဝါဒတွေ၊ ဥပဒေတွေအတိုင်းပဲ ဆောင်ရွက်ဖို့လိုပါတယ်။ အရင်ကိုသွားပြီးတဲ့အခါမှာ ဝေဖန်ခြင်းမပြုတော့ဘဲနဲ့ ကိုယ့်ကိုယ်ကိုယ် ဒီထဲက သင်ခန်းစာကောင်းတွေယူပြီးတော့ ဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါတယ်။ ဒါဝန်ကြီးကလည်း ဒီလိုပဲဆွေးနွေးသွားတာပဲ။ ဒါဖြစ်ရင် ဒီနေ့ချမှတ်ထားတဲ့ မူဝါဒတို့၊ ဥပဒေတို့ ဟာကို တကယ်ပြည်သူ့ အကျိုး၊ နိုင်ငံ့အကျိုးဖြစ်စေသော ဥပဒေများ ဟုတ်၊ မဟုတ်ဆိုတာလည်း ပြန်လည်ဆန်းစစ်ဖို့ လိုပါတယ်။ အဲဒီလို ဆန်းစစ်တဲ့နေရာမှာ ကျွန်တော်တို့ လွှတ်တော်မှာ ဖွဲ့စည်းပေးထားတဲ့ ကော်မတီရှိပါတယ်။ ဒီကော်မတီနဲ့ အကျုံးဝင်တာကတော့ ကျွန်တော်တို့ ဒီကဖွဲ့ပေးထားတာ စီးပွားရေးနဲ့ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီနဲ့ အဓိက သက်ဆိုင်ပါတယ်။ ဒါကြောင့်မို့လို့ မူလပြဋ္ဌာန်းထားတဲ့ ဥပဒေရှိပါတယ်။ ဒီဥပဒေပေါ်မူတည်ပြီးတော့ ဆင့်ကဲဆင့်ကဲ ထွက်လာတဲ့ ဥပဒေလို့သတ်မှတ်မယ့် ဥပဒေများလည်း ရှိပါတယ်။ ဥပဒေလို့သတ်မှတ်မယ်ဆိုတာက မူလဥပဒေကတော့ ဒီနေ့အခေါ် Laws ပေါ့။ နောက်ဥပဒေကျတဲ့အခါကျတော့ Regulation တို့၊ By Laws တို့ ဖြစ်ပါတယ်။ ဒါကိုအဓိပ္ပါယ်ဖွင့်ဆိုမယ်ဆိုရင် Regulation ဆိုတာက ဒီညွှန်ကြားချက်နဲ့ ဆိုင်ပြီးတော့ လုပ်ဆောင်ရန်ညွှန်ကြားချက်နဲ့ဆိုင်ပြီးတော့ By Laws ဆိုတာကတော့ များသောအားဖြင့် ပြောမယ်ဆိုရင် စည်ပင်သာယာကနေပြီးတော့ထုတ်တဲ့ By Laws များနဲ့ဆိုင်ပါတယ်။ အဲဒါကို အသေးစိတ်ပြောမယ်ဆိုလို့ရှိရင် ပြည်ထောင်စုလွှတ်တော်ကဥပဒေများပြဋ္ဌာန်းပါတယ်။ ဒါကိုသမ္မတက လက်မှတ်ရေးထိုးအတည်ပြုပါတယ်။ ဒီလိုပြဋ္ဌာန်းလိုက်တဲ့ဥပဒေကို ဆင့်ကဲထုတ်ပြန်ရမှာက တစ်ချို့ ပြည်ထောင်စုအစိုးရဖြစ်ပါလိမ့်မယ်။ တစ်ချို့သက်ဆိုင်ရာဝန်ကြီးဌာနကဖြစ်ပါလိမ့်မယ်။ အဲ့ဒီ ဥပဒေ တွေကို ဒီနေ့အခေါ် ပြောမယ်ဆိုရင် နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်း ပြောမယ်ဆိုရင်နောက်ဆုံးအထိ ဘာနဲ့သက်ဆိုင်လည်းဆိုတဲ့အခါမှာ Manurial ခေါ်တဲ့လက်စွဲတွေ အထိ ဒါတွေဟာ ဥပဒေထဲမှာ အကျုံးဝင်တယ်လို့ ပြောပါတယ်။

ဒါကြောင့်မို့လို့မူလထုတ်ထားတဲ့ ဥပဒေနဲ့ နောက်ဆင့်ပွားထွက်လာမယ့်ဥပဒေလို့ ပြောလို့ရတဲ့ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေဟာ ရှေ့နောက်လိုက်လျောညီထွေမှု ရှိ၊ မရှိ ဒါတွေလေ့လာ သုံးသပ်ဖို့လိုပါတယ်။ ဘယ်သူကလေ့လာ သုံးသပ်ရမလဲ။ သက်ဆိုင်ရာပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီး ဌာနအနေနဲ့ကော၊ ဖွဲ့စည်းပေးထားတဲ့ ပြည်သူ့လွှတ်တော်၊ စီးပွားရေးနဲ့ကုန်သွယ်မှုဖွံ့ဖြိုးရေး ကော်မတီက ဒါတွေလေ့လာသုံးသပ်ဖို့လိုပါတယ်။ လေ့လာသုံးသပ်တဲ့အခါမှာ မူလဥပဒေအတိုင်းပဲ

ဆင့်ကဲပေါ်ပေါက်လာတဲ့ ဒီနေ့ဆိုရင်ထူးထူးခြားခြား သိသာတယ်။ အမိန့်ကြော်ငြာစာ၊ အမိန့်ကြော်ငြာစာ ဒါဘယ်ကထုတ်သလဲ ဒါသိပါတယ်။ ညွှန်ကြားချက်၊ အဲညွှန်ကြားချက်ကျတဲ့ အခါကျတော့ ဝန်ကြီးဌာန၊ တစ်ချို့ကျတဲ့အခါ EC ရဲ့ ဆုံးဖြတ်ချက်စသဖြင့် ဒါတွေဟာဥပဒေထဲမှာ သက်ရောက်တယ်လို့ ဒီလိုပဲလေ့လာရပါတယ်။ ဘယ်ကလေ့လာထားလည်းဆိုရင် ဥပဒေပညာရှင်များ ထံကနေလေ့လာပြီးတော့ ကြုံကြိုက်တဲ့အချိန်မှာ ကျွန်တော်ဒီလိုပဲ တင်ပြထားတာ ရှိပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေတွေရှိပြီ၊ နည်းဥပဒေတွေရှိပြီဆိုရင် အဲဒီနည်းဥပဒေတွေဟာ၊ အဲဒီဥပဒေတွေဟာ မူလထုတ်ပြန်ထားတဲ့ဥပဒေနဲ့ ညီညွတ်မှု ရှိ၊ မရှိ ဆိုတာ ပြန်လည်သုံးသပ်ရမယ့်တာဝန်ဟာ ဒီနေ့သက်ဆိုင်ရာကော်မတီအသီးသီးယူထားတဲ့ တာဝန်ယူထားတဲ့ နယ်ပယ်အသီးသီးမှာရှိနေကြတဲ့ ဥပဒေများကို၊ နည်းဥပဒေများကို သက်ဆိုင်ရာဟိုးအောက်ဆုံးကနေ ထွက်လာတဲ့ ဒါတွေကို ပြန်ပြီးတော့ သုံးသပ်ဖို့လိုပါတယ်။ ဒီဟာသည် ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားတာဖြစ်တဲ့ အတွက် သက်ဆိုင်ရာကော်မတီများကလည်း မိမိတာဝန်များကို ကျေဖို့ဆိုလို့ရှိရင် ကျေမှသာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားခြင်း၊ လိုက်နာခြင်းဖြစ်မှာ ဖြစ်ပါတယ်။ အဲ့ဒီနည်းတူပဲ Executive ပြောတဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေနဲ့လည်း ဒီလိုဥပဒေတွေကို မိမိတို့က လိုက်နာကျင့်သုံးမှသာလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာတယ်၊ လက်ခံတယ်ဆိုတဲ့ အနေအထားမျိုး ဖြစ်မှာဖြစ်တဲ့ အတွက် တစ်နည်းအားဖြင့်ပြောမယ်ဆိုရင် ဥပဒေပြဋ္ဌာန်းခြင်းနဲ့ အပြန်အလှန်ထိန်းညှိကူညီခြင်း အပိုင်းကို သက်ဆိုင်ရာကော်မတီတွေက တာဝန်ယူရမှာဖြစ်တဲ့အတွက် ဦးဝင်းမြင့်တို့ တင်ပြသွားတဲ့ ကိစ္စတွေက အမှန်တကယ်လက်တွေ့မှာဖြစ်နေတယ်။ ဒါဖြင့် ဥပဒေတွေကကော အမှန်တကယ် အဲဒီအတိုင်းပဲ ထုတ်ပြန်ထားလားဆိုတာပြန်လေ့လာဖို့လိုပါတယ်။ အဲ့ဒီအခါကျတော့မှသာ ဥပဒေကလည်းထုတ်ပြန်ထားတယ်၊ လက်တွေ့လည်း လုပ်တယ်ဆိုတဲ့အခါမှာ ဒီနေ့လိုချင်တဲ့ Rule of Laws ဆိုတဲ့ဥပဒေစိုးမိုးမှုဖြစ်မယ်၊ ဥပဒေစိုးမိုးမှုဖြစ်မှ ဒီနေ့ပြောတဲ့ ဒီမိုကရေစီဆိုတာဖြစ်မှာ။ အဲဒါမှမဟုတ်ဘူး၊ ကြားဖြတ်အမိန့် တွေနဲ့ဆောင်ရွက်နေမယ်ဆိုရင် Rule of Laws မဖြစ်ဘဲနဲ့ ဒီမိုကရေစီဆိုတာလည်း ဖြစ်မှာမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ဒါနဲ့ပတ်သက်လို့ ဒီနေ့စိတ်ဝင်စားစွာ တင်ပြလို့ စိတ်ဝင်စားစွာ ဆွေးနွေးထားတဲ့ ဝန်ကြီးကိုလည်း မိမိနဲ့သက်ဆိုင်တဲ့ ကိစ္စတွေမှာ ဒီလိုပဲ နှစ်ဖက်ညှိနှိုင်းပြီး ဆောင်ရွက်ဖို့လိုတယ်လို့ ကျွန်တော့်အနေနဲ့ ကြုံကြိုက်တုန်းတင်ပြချင်ပါတယ်။ တစ်ခါဦးတင်ထွတ်တင်ပြခဲ့တဲ့ လယ်ယာထွက်ကုန်သီးနှံများ အနိမ့်ဆုံးဈေးသတ်မှတ်၍ ဝယ်ယူရန် အတွက် အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့်ဆိုတဲ့နေရာမှာ အဲဒီနေ့ကတော့ ဒုတိယဝန်ကြီးဒေါက်တာပွင့်ဆန်း

တက်ပါတယ်။ သူလည်း သူ့ဟာသူဖြေသွားတာရှိပါတယ်။ ကျွန်တော်လည်း သူ့အဖြေနဲ့ ပတ်သက်ပြီးတော့ ဖြည့်စွက်ပြီးတော့ပြောလိုက်တာရှိပါတယ်။ တကယ်တမ်းကျတော့ ဒီနေ့ ပြည်ထောင်စုဝန်ကြီးတို့၊ ဒုတိယဝန်ကြီးဆိုတာ စီးပွားရေးနဲ့ပတ်သက်လို့ နယ်ပယ်ကလာတဲ့ ပုဂ္ဂိုလ်များဖြစ်တဲ့အတွက် စီးပွားရေးရဲ့ နယ်ပယ်အကြောင်းကိုလည်း နားလည်သလို၊ ပြည်သူလူထုရဲ့ဆန္ဒကိုလည်း တကယ်သိရှိကြမယ့်ပုဂ္ဂိုလ်များဖြစ်ပါတယ်။ ဒါကြောင့်မို့ မိမိတို့ အစိုးရဟာ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးလုပ်ရမယ်ဆိုတဲ့ အစိုးရဖြစ်တဲ့အတွက် ဒီဘက်ကိုလည်း အမြဲစဉ်းစားဆောင်ရွက်နေဖို့လိုပါတယ်။ ခေတ်တွေပြောင်းလာပြီ။ စနစ်တွေပြောင်းလာပြီ။ ခေတ်စနစ်နဲ့အတူ ဆောင်ရွက်ဖို့လိုပါတယ်။ ဒီနေ့ ဒီလို ဥပဒေအကြောင်းအရာတွေ ကျွန်တော် ပြောနေတာကလည်း ဒီနေ့ဒီလွှတ်တော်အစည်းအဝေးမှာ မေးထားတဲ့မေးခွန်းကို ဥပဒေနဲ့ပတ်သက်လို့ ပါရဂူဘွဲ့ရထားတဲ့ ရှေ့နေချုပ်ကြီးလည်း ဒီမှာတည်ရှိနေသလို ကျွန်တော် အစည်းအဝေးတွေမှာ လွှတ်တော်ကိုယ်စားလှယ်များနဲ့ သက်ဆိုင်ရာမှ တင်ပြတဲ့အခါမှာလည်း ဒီလို ရှေ့နေချုပ်အပါအဝင် ဥပဒေပညာရှင်များကို မေးမြန်းပြီးမှ ကျွန်တော် တင်ပြခဲ့တာဖြစ်တဲ့အတွက် အခုလည်း သူ့ရှေ့မှာပဲ ဒီလို လွှတ်တော်ကို ပြန်တင်ပြခြင်း ဖြစ်ပါတယ်။ ဒီလိုတင်ပြတဲ့နေရာမှာ မှားယွင်းတယ်၊ လိုအပ်ချက်ရှိတယ်ဆိုလို့ရှိရင်လည်း ရှေ့နေချုပ်ကြီးအနေနဲ့ ကျွန်တော့်ကို အမြဲကျွန်တော် လမ်းဖွင့်ပေးထားပါတယ်။ အကြံပေးပါ။ ဝေဖန်ပါလို့ ပြောထားတာ ဖြစ်တယ်။ အခု ကျွန်တော်ရဲ့ တင်ပြချက်တွေဟာ ဥပဒေနဲ့မညီဘူးဆိုလို့ရှိရင်လည်း ရှေ့နေချုပ်အပါအဝင် ကျန်တဲ့အဖွဲ့များကလည်း ဥပဒေနဲ့ညီအောင် ပြန်လည်ပြီးတော့ ဝေဖန်ပြီးတော့ သုံးသပ်နိုင်အောင် ဆောင်ရွက်လို့ရပါတယ်ဆိုတဲ့အကြောင်း ကျွန်တော် တင်ပြချင်ပါတယ်။ တစ်ခါဆက်လက်ပြီးတော့ ပြည်ထောင်စုဝန်ကြီးပြောသွားတဲ့ ဈေးကွက်၊ ဒီနေ့ဟာ ဈေးကွက်စီးပွားရေးစနစ်ပါ။ ဈေးကွက်ဆိုတဲ့အတွက် ဈေးကွက်ဘယ်မှာ ရှိသလဲဆိုတဲ့အခါမှာ ကျွန်တော်တို့ နှစ်ပိုင်းပြန်တွေ့ရပါမယ်။ တစ်ပိုင်းက ပြည်ပ၊ တစ်ပိုင်းက ပြည်တွင်း အဲ့တော့ ပြည်တွင်းကိုအရင်ပြောပါမယ်။ ဒီနေ့ ပြည်တွင်းနဲ့ပတ်သက်လို့ Food Security ခေါ်တဲ့ ရိက္ခာဖူလုံအောင် နိုင်ငံတော်အစိုးရ အရင်အစိုးရလက်ထက်က ရိက္ခာတွေဖူလုံအောင် ခုနက တင်ပြသွားသလို စိုက်ပျိုးမြေတွေတိုးချဲ့တယ်။ Extentive ဆိုတာ သူကတော့ မူလမြေဧရိယာ ၁ သိန်း ရှိတယ်ဆိုရင် နောက်ထပ် ၅၀၀၀၊ နောက်ထပ် ၁၀၀၀၀ ဒီလိုရအောင်တိုးချဲ့ထားတာ။ Extensive Method အနေနဲ့ စိုက်ပျိုးမြေတွေ တိုးချဲ့တယ်။ နောက်တစ်ခုကျတော့ Extensive ခေါ်တဲ့ တစ်ဧကအထွက်နှုန်းတွေ တိုးပြီးတော့လုပ်တယ်။ အဲဒီအတွက် ဒီနေ့မြန်မာနိုင်ငံမှာ Food Security လုံလောက်တယ်။

ကိန်းဂဏန်းများအရ ပြောမယ်ဆိုလို့ရှိရင် စပါးတင်းသန်း ၁၅၀၀ ထွက်တယ်လို့ ယူဆတယ်။ တကယ်တိတိကျကျပြောမယ်ဆိုလို့ရှိရင် စပါးတင်းသန်းပေါင်း ၁၅၆၀ ထွက်တယ်လို့ပြောတယ်။ ဒီအတွက် မြန်မာနိုင်ငံစားသုံးမှုဟာ ဘယ်လောက်လိုလည်းဆိုတဲ့အခါမှာ အများဆုံးအနေအထား တွက်လိုက်တဲ့အခါမှာ တင်းသန်း ၉၀၀ ပဲလိုတယ်။ အများဆုံး။ လူဦးရေ သန်း ၆၀ ရှိတယ်။ ပြီးတဲ့အခါမှာ လူတစ်ယောက်ကို ၁၅ တင်းနှုန်း၊ စားမယ်။ သုံးမယ်။ ဒီအထဲမှာ ခုနကဝမ်းစာအပြင် အခြားမုန့်ပဲသရေစာအပေါင်း ပြီးတဲ့အခါမှာ ကျွန်တော်တို့ ခုနက မျိုးအပါအဝင် ၁၅ တင်းနှုန်းနဲ့ဆို သန်း ၆၀ ဆို သန်း ၉၀၀၊ ဒါကြောင့်မို့လို့ သန်း ၁၅၆၀ ထွက်တယ်ဆိုရင် စပါးတင်း ၆၆၀ သန်း ထွက်တယ်။ ဒီလိုပြောတာတော့ နည်းနည်းလေးတော့ သည်းခံနားထောင်ပါ။ အကြောင်းရှိပါတယ်။ သန်း ၆၆၀ ထွက်တယ်ဆိုလို့ရှိရင် ဒီနေ့ ၂၅ မှတ် စပါးကို ကြိတ်မယ်ဆိုရင် သူ့ရဲ့ Zorms က တင်း ၈၀ ပဲလိုတယ်။ ဒါပေမယ့် တင်း ၁၀၀ ထား၊ ၂၅ မှတ် တစ်တန်ရဖို့အတွက်၊ တစ်တန်ဆိုလို့ရှိရင် စုစုပေါင်း တင်း ၆၆၀ သန်း ပိုတဲ့အတွက် ၆.၆ သန်း၊ တင်း ၁၀၀ မှာ တစ်တန်၊ တင်း ၈၀ နဲ့ မတွက်ဘူး၊ တင်း ၁၀၀ နဲ့တွက်တယ်ဆို ၆.၆ သန်း အပိုရှိတယ်။ အပိုရှိတယ်ဆိုတဲ့အတွက် ခုနက Food Security နဲ့ ပတ်သက်လို့ လုံလောက်တယ်။ ဒီ့အပြင်ပိုတယ်။ အဲဒါအတွက် အရန်ထား။ ထားပြီးတဲ့အခါမှာ ကျန်တာရောင်းလို့ရတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ်ပါတယ်။ အဲဒီတော့ ကျန်တဲ့ဟာလည်းဈေးကွက်၊ ဈေးကွက်ကျတဲ့ အခါကျတော့ ပြည်တွင်းမှာ စားသုံးမယ့်သူ မရှိဘူးဆိုရင် ပြည်ပပို့ရမှာပေါ့၊ Export ပို့ကိုပို့ရမယ်။ မပို့ဘူးဆိုလို့ရှိရင် ဒီဟာတွေ သွန်ပစ်မှာလား။ ဒါမှ မဟုတ်လို့ရှိရင် ဘာလုပ်ပစ်မလဲ။ ဘယ်သူမှမသွန်နိုင်ဘူး။ ဘာကြောင့်လည်းဆိုတော့ ဟိုတစ်နေ့က ဦးတင်ထွတ်အဆိုပြုတင်တဲ့နေရာမှာ အဲဒီမှာတစ်ယောက်ထောက်ခံပါတယ်။ ကျွန်တော်မှတ်မိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမဲဆန္ဒနယ်က ဒီလိုထောက်ခံသွားပါတယ်။ နွေစပါးစိုက်တယ်။ ဘယ်လောက်ကုန်တယ်။ ဘယ်လောက်ထွက်တယ်။ ဒါကြောင့်မို့လို့ ဒါဆိုလို့ရှိရင် အမြတ်မရှိဘူး။ အမြတ်မရှိဘူးဆိုတဲ့အလုပ် မလုပ်ချင်ဘူး။ အဲဒီဟာတောင် ဒီလိုဖြစ်တယ်ဆိုရင် ခုန ဟိုဘက်က ဦးစိုင်းစောတင် မိုင်းယောင်းကနေ တင်ပြတဲ့ဟာက စပါးတွေပိုနေပြီ။ ရှိနေပြီ။ ဒီဟာတွေကိုလည်း ရောင်းလို့မရဘူးဆိုတာ ဘာကြောင့်လဲ။ ဘယ်သူကလဲ။ ဒီလိုဆိုလို့ရှိရင် နောက်နှစ်လယ်သမားက လယ်စိုက်ဖို့အတွက် ဘယ်လိုအခက်အခဲတွေရှိတယ်ဆိုတဲ့ဟာကို ကျွန်တော်တို့က လက်တွေ့အခြေအနေနဲ့ ဒါပြန်လေ့လာဖို့ လိုပါတယ်။ အဲဒီတော့ အမိန့်ထုတ်ပြီးပြီ။ ဥပဒေထုတ်ပြီးပြီ။ ဒါပေမယ့်ဆိုရုံနဲ့ ဒီခေတ်မှာတော့ မလုံလောက်တော့ဘူး။ ပြည်သူ့ကိုယ်စားလှယ်များအနေနဲ့ ဒါနဲ့ပတ်သက်လို့ ဂယနဏ ပြန်ပြီးတင်ပြဖို့လိုတယ်။ ဒါ

ပြည်သူ့အတွက် တကယ်အမှန်တကယ် အကျိုးပြုဖို့လိုတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ဆိုပါတယ်။ ရဲရဲဝံ့ဝံ့ သတ္တိရှိရှိ ပြောဖို့ လိုတယ်။ အဲဒီလိုပဲ အမှန်တကယ်သာ ခုနက ဈေးကွက်နဲ့ပတ်သက်လို့ Export အတွက်လိုတဲ့ဟာ Export လုပ်မယ်။ ပိုတဲ့ဟာ Export လုပ်မယ်။ အရန်ထားမယ်။ အာဆီယံအရန်ဖြစ်ဖြစ်၊ မြန်မာနိုင်ငံအရန် ဖြစ်ဖြစ်ထားမယ်။ Export လုပ်မယ်။ လုပ်တဲ့အခါမှာ ဈေးကောင်းရဖို့ လိုတယ်။ ဈေးကောင်းမရတောင် မှန်တဲ့ဈေးနှုန်းရဖို့ လိုတယ်။

အဲဒီမှာမှ ဦးဝင်းမြင့် ဆွေးနွေးသွားတယ် ဘာပါလဲဆိုတဲ့အခါမှာ ဒီသီးနှံတွေကို ဒါတော့ မိုင် ၅၀၀ ဆိုတာ များလွန်းအားကြီးပါတယ်။ မိုင် ၅၀၀ တော့လျှော့လိုက်ပါ။ Export လုပ်မယ်ဆိုလို့ရှိရင် အများစု အားဖြင့်တော့ ဧရာဝတီထွက်တဲ့ ဟာတွေကတော့ ဧရာဝတီတစ်ဝိုက်ပေါ့။ တချို့ စစ်ကိုင်းဘက်က ပိုတာတွေကျတော့ ဒီဘက်စစ်ကိုင်းပေါ့။ မိုင် ၃၀၀ ပတ်ဝန်းကျင်လောက်ပဲရှိတယ်။ အဲဒီမှာ ဦးဝင်းမြင့် သူလည်း စီးပွားရေးသမားတစ်ယောက်ပဲ။ တင်ပြထားတာ ဘာလဲဆိုတဲ့အခါ အဲဒီလို တစ်တန်အတွက် ဆိုလို့ရှိရင် ၃၀ ရာခိုင်နှုန်း ဒေါ်လာ ၈၀ ကနေ ၁၂၀၊ ရောင်းရတာက ဒေါ်လာ ၃၀၀ ကနေ ၄၀၀ ဆိုတဲ့အတွက် ၃၀ ရာခိုင်နှုန်းလောက်က ဒီကုန်ကျစရိတ်ထဲမှာ သွားပြီးတော့ ကုန်နေတယ်။ အဲဒါ ဘာကြောင့် လဲဆိုတော့ ဦးဝင်းမြင့် တင်ပြတာက ကားတွေ ဈေးကြီးပြီး ဝယ်ရလို့ဆိုတဲ့ တစ်ချက်ပါ၊ ပြီးတဲ့အခါမှာ သွားလာတဲ့စရိတ်တွေ အဲဒီမှာ ခုနက အခွန်အခတွေ အကောက်အခွန်တွေ များတဲ့အတွက်ပါ။ အဲဒါအပြင် တင်ဖို့တစ်ခုကျန်ပါသေးတယ်။ ဘာလဲဆိုရင် သက်ဆိုင်ရာ သက်ဆိုင်ရာတွေမှာ ဘာကျန်လဲဆိုတဲ့အခါမှာ မြို့တွင်းသို့ ကားများဝင်ခွင့်ကိစ္စနဲ့ ပတ်သက်ပြီး တစ်နေရာမှာချ၊ ချပြီးတဲ့ အခါမှာ ဒါတွေကို ပြန်ပြီးဟိုဘက်ကို ကဲ့ဆိုတဲ့ဟာပေါ် မူတည်ပြီးတော့ ကုန်ကျတဲ့စရိတ်တွေ ရှိပါတယ်။ ခုနက ဆွေးနွေးသွားတာရှိပါတယ်။ ဘာလဲဆိုရင် လေဆိပ်ကနေပြီးတော့ ရန်ကုန်ကနေပြီးတော့ နေပြည်တော်လာတယ်။ နှစ်သောင်းနဲ့ ဘယ်လောက်ကျတယ်။ နေပြည်တော်ရောက်တဲ့အခါမှာ နေပြည်တော်လေဆိပ်ကနေ ဒီကိုလာတယ်။ ဘယ်လောက်ကျတယ်။ ဒါပေမယ့် ရန်ကုန်လေဆိပ်ကနေ ဟိုသွားတယ်။ ဘယ်လောက်ကျတယ်ဆိုတဲ့ စရိတ်တွေဟာ Transportation Charges၊ အဲဒါတွေ စုရုံးခေါ်လိုက်မယ်ဆိုရင် Transaction Charges တွေက များတဲ့အတွက် ကုန်ဈေးနှုန်းထိန်းသိမ်းရေးမှာ မြင့်မားတယ်ဆိုတဲ့နေရာမှာ ကုန်ဈေးနှုန်းမှာ သွားပြီးတော့ အကျုံးဝင်တယ်ဆိုတဲ့ အချက်တွေလည်း ရှိပါတယ်။ အခုအဲဒါနဲ့ ဆက်စပ်ပြီးတော့ အခု ဆွေးနွေးတဲ့အခါမှာ ဦးဝင်းမြင့်တော့ မလာပါဘူး။ အဲဒီနေ့က ဆင်းရဲပပျောက်မှုလျှော့နည်းရေး သို့မဟုတ်လို့ရှိရင် ကျေးလက်ဖွံ့ဖြိုးရေးကိစ္စနဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်ဖို့ ဆိုလို့ရှိရင် ပိုက်ဆံ

ချေးပေးရုံနဲ့ မရဘူး။ သွင်းအားစုတွေအတွက် ငွေချေးပေးရုံနဲ့မရဘူး။ ထွက်လာတဲ့ အသီးအနှံတွေကို အနိမ့်ဆုံး ဈေးသတ်မှတ်ပြီးတော့ ဆောင်ရွက်မှသာ ဖြစ်မယ်ဆိုတာကို ဦးတင်ထွတ်က ဒီလိုအဆို တင်သွင်းတယ်။ ဆွေးနွေးချင်တဲ့လူက အများကြီးတားထားတယ်။ ၁၀ ယောက်လောက် ဆွေးနွေးတယ်။ အဲဒီလို ဆွေးနွေးတဲ့အခါမှာ သက်ဆိုင်ရာတွေက အဲဒီလို ဆွေးနွေးခြင်းသည် ဒီကနေ့ လယ်သမား၊ လယ်သမားကို မှီခိုထားတဲ့ မိသားစု၊ လယ်ယာလုပ်သားများ စုစုပေါင်း မြန်မာနိုင်ငံမှာ ၆၀၊ ၆၅၊ ၇၀ ရာခိုင်နှုန်းဟာ ထိုက်သင့်တဲ့ သီးနှံဈေးနှုန်း မရဘဲနဲ့တော့ သူတို့ရဲ့ကိုယ်ဥက ဆင်းရဲနွမ်းပါးမှုဆိုတာ ဘယ်လိုမှ လျှော့ချလို့မရဘူး။ အဲဒီအတွက် ဆွေးနွေးလိုက်ကြတာ အများကြီးပဲ။ ဒါကြောင့်မို့လို့ မိမိတို့ဘက်ကတော့ မိမိဆိုတာ လယ်သမားတွေဘက်ကတော့ ထုတ်လုပ်သူတွေဘက်ကတော့ မိမိတို့ထုတ်လုပ်တဲ့ သီးနှံနဲ့ပတ်သက်လို့ ရောင်းချင်တယ်။ မရောင်းလို့ မဖြစ်ဘူး။ ရောင်းချင်တယ်။ ရောင်းတဲ့အခါမှာ ထိုက်သင့်တဲ့ဈေး၊ မတရားမဟုတ်ဘူး။ ထိုက်သင့်တဲ့ဈေး၊ ရရှိဖို့ လိုတယ်ဆိုတာကို ပြောသွားတာဖြစ်တဲ့အတွက် အခု မိုင်းယောင်းကပြောပြီ။ ရောင်းမရဘူး။ ဘာကြောင့်လဲ။ ဒီမှာတင် အဖြေမဟုတ်ဘဲနဲ့ လက်တွေ့နယ်ပယ်မှာ အဖြေရှာဖို့လိုပါတယ်။ သက်ဆိုင်ရာဌာနရောင်းလို့မရဘူး။ ဘာကြောင့်လဲ။ ပြီးတဲ့အခါမှာ သူတို့ပြောတာက နိုင်ငံခြားကို ရောင်းဖို့တင်မဟုတ်ဘူး။ လောလောဆယ်ရောင်းလို့ မရဘူး။ တကယ်လို့ သူက Export လုပ်ချင်တယ်ဆိုလို့ရှိရင် Export အတွက် လျော်ညီတဲ့ လုပ်ဆောင်ချက်တွေရှိဖို့လိုပါတယ်။ ဒါကိုလည်း မိမိတို့တာဝန်ဖြစ်လာပြီ။ မိမိတို့ အစိုးရမှာတာဝန်ဖြစ်လာလို့ မိမိတို့ရဲ့ ဒီဖွဲ့စည်းပြီးလိုက်တဲ့ကော်မတီမှာ တာဝန်ရှိလာပြီ။ အဲဒါမှ ပြည်သူ့အကျိုးကို အမှန်တကယ်သယ်ပိုးနိုင်မှာ။ အဲဒီလိုမှ မဟုတ်ဘဲနဲ့ ပြည်သူ့ကိုယ်စားလှယ် လုပ်ပြီးတဲ့အခါ လာပြီးတဲ့အခါမှာ ပြည်သူ့အကျိုးကို မသယ်ပိုးနိုင်ဘူးဆိုရင်တော့ အလကားပဲ။ ကျွန်တော်တို့မှာ ဘာမှတန်ဖိုးမရှိဘူး။ အဲဒီအတိုင်းပဲ အစိုးရအဖွဲ့လည်း ပြည်သူ့အကျိုးလုပ်ရမယ်။ နိုင်ငံ့အကျိုးလုပ်ရမယ်။ အဲဒါမှ မလုပ်ပေးနိုင်ဘူးဆိုလို့ရှိရင် ဘာမှတန်ဖိုးမရှိဘူး။ ပြည်သူ မထောက်ခံ ဘူးဆိုလို့ရှိရင် ကျွန်တော်တို့ ဆုံးရှုံးမှာ။ အစိုးရလည်း ဆုံးရှုံးမှာပဲ။ ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ် တွေလည်း နောက်တစ်ကြိမ် မိမိကိုထောက်ခံဖို့ဆိုတဲ့ဟာက ဖြစ်နိုင်တဲ့အခြေအနေမရှိပါဘူး။ ထောက်ခံဖို့၊ မထောက်ခံဖို့ဆိုတာက မိမိဟာ ပြည်သူ့အကျိုးအတွက် ဘယ်လောက် တကယ်လုပ်ပေးတယ်ဆိုတဲ့ အပေါ်မှာမူတည်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာသည် ခုနက ဆက်စပ်နေပါတယ်။ အဲဒီအတိုင်းပဲ မော်တော်ယာဉ်တင်သွင်းခွင့်နဲ့ ပတ်သက်လို့ ခုနကပြောခဲ့တဲ့ ဦးဝင်းမြင့်တို့ ပြောသွားတာက ဘယ်မောင်းတွေ၊ ညာမောင်းတွေ အရေးကြီးတာက ကိုယ်နိုင်ငံနဲ့

ဆီလျော်ပြီးတော့ ဒီနေ့အကျိုးပြုတဲ့ ပေါ်လစီ သို့မဟုတ်ရင် မူဝါဒ သို့မဟုတ်ရင် ဥပဒေတွေဖြစ်ဖို့လိုပါတယ်။ စေတနာကောင်းရင်ကောင်းမယ်။ မှန်ရင် မှန်မယ်။ ဒါပေမယ်လို့ ဒီနေ့ မိမိတို့ နိုင်ငံအတွက် ပြည်သူအတွက် အကျိုးပြုမယ့် မူဝါဒ ဒီ့ထက်ပိုသေချာလို့ရှိရင် ဥပဒေတွေ ပြဋ္ဌာန်းပြီးလုပ်ဖို့လိုတယ်။ အဲဒီပြဋ္ဌာန်းတဲ့ဥပဒေအတိုင်းပဲ စဉ်ဆက်စဉ်ဆက် ဆက်လက်ပြီး ဆောင်ရွက်သွားဖို့ လိုပါတယ်။ အဲဒါမှ မဟုတ်ဘဲနဲ့ မည်ကာမတ်တတ်အနေနဲ့ ထမင်းရည်ပူလာလျှာလွှဲ ဆိုတဲ့ စကားမျိုးတွေ ပြောပြီးတော့ ပြောရမယ့်အချိန်မဟုတ်ဘူး။ ဒီဟာကတော့ ကျွန်တော်တို့ ဒီလိုပဲ ပြောရမယ့် အခြေအနေရှိပါတယ်။ ဒါကြောင့်မို့လို့ မော်တော်ယာဉ်တင်သွင်းခွင့် ဆိုတဲ့နေရာမှာ ခုန ကျွန်တော်ကြားလိုက်တာ ဘာလဲဆိုရင် နှစ်ပေါင်းလွန်ခဲ့တဲ့ နှစ် ၄၀၊ ၃၀၊ ၂၀ ကဟာတွေ ဘယ်လို၊ ဘယ်လို လုပ်မယ်။ ဒီလို ပြောတာဖြစ်ပြီးတဲ့အခါမှာ လက်ရှိ မော်တော်ယာဉ် အသစ်နဲ့ ပတ်သက်လို့ ကျွန်တော်တော့ မကြားလိုက်ဘူး။ ဒါပေမယ့် ဥပဒေရှိပါလိမ့်မယ်။ အဲဒီဥပဒေတွေက ဘယ်လိုလဲ။ ဆင့်ကဲဆင့်ကဲ ဥပဒေဘယ်သူလဲဆိုတာ သက်ဆိုင်ရာကော်မတီတွေက လုပ်သွားရမယ့် သဘောရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ စဉ်းစားတဲ့အခါမှာ ယနေ့အတွက်လည်း စဉ်းစားရမယ်။ နောက်နှစ်အတွက်လည်း စဉ်းစားရမယ်။ နောက်ကာလအရှည်အတွက်လည်း စဉ်းစားပြီး ဆောင်ရွက်ရမယ့် အနေအထားဖြစ်ပါတယ်။ အဲဒီလိုမှ မစဉ်းစားဘဲနဲ့ အရင်ပုံစံမျိုးနဲ့ ဒီတိုင်းပဲ ရပါတယ်ခင်ဗျား။ ဒီတိုင်းပဲရပါတယ် ကောင်းတယ်။ ဆိုလို့ရှိရင်တော့ပြည်သူက လက်မခံဘူးဆိုရင်၊ အများပြည်သူက လက်မခံဘူးဆိုရင်၊ လက်မခံတဲ့အလျောက် ကျွန်တော်တို့ တွေဟာ ဒီလမ်းကြောင်းပေါ် လျှောက်ရမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ လွှတ်တော်ဘက်ကတော့ လွှတ်တော်ကော်မတီတွေကို လွှတ်တော်ကို တာဝန်ခံဖို့ ကျွန်တော်ပြောထားတာ ရှိပါတယ်။ ဒါကြောင့်မို့ ကိုယ့်တာဝန်ကိုယ် ကျေအောင်လုပ်ဖို့ လိုပါလိမ့်မယ်။ ဒါ့ကြောင့် ဒီနေ့မေးခွန်းတွေသည် လွှတ်တော်ကော်မတီက ဘယ်ကော်မတီနဲ့ဆိုင်လဲဆိုလို့ရှိရင် စီးပွားရေးနဲ့ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်မှုကော်မတီနဲ့ သက်ဆိုင်တဲ့အတွက် ထုတ်ပြန်ထားတဲ့ ဥပဒေတွေဟာ အမှန်တကယ်ပြည်သူ့ကို အကျိုးပြုပြီလား။ နိုင်ငံ့ကိုအကျိုးပြုပြီလား။ အမှန်တကယ် ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ပေးပြီလား။ မဖော်ဆောင်ပေးဘူးလား။ သို့မဟုတ်လို့ရှိရင် ပြည်သူ့အတွက် အဟန့်အတားတွေ ဖြစ်နေလားဆိုတာ ပြန်လေ့လာသုံးသပ်ပြီး ပယ်ဖျက်သင့်တဲ့ ဥပဒေများ ပယ်ဖျက်ခြင်းသည် ဥပဒေပြုခြင်းဖြစ်တယ်။ ပြင်ဆင်သင့်တဲ့ဥပဒေများကို ပြင်ဆင်ခြင်းသည် ဥပဒေဖြစ်တယ်။ အဲဒီအတိုင်းပဲ အသစ်ပြုစုဖို့၊ ပြဋ္ဌာန်းဖို့ဆိုတာ ဥပဒေဖြစ်တယ်။ ဒီတာဝန်က လွှတ်တော်ရဲ့တာဝန်။ အဲဒီတော့ကိုယ့်တာဝန်ကိုယ်

ကျေအောင်လုပ်ဖို့လိုတယ်။ ဒီလိုလွှတ်တော်က ဥပဒေပြုလိုက်တာကို သက်ဆိုင်ရာ အကောင်အထည် ဖော်မယ့် တာဝန်ရှိတဲ့ အဖွဲ့အစည်းက အကောင်အထည်ဖော်ဖို့ သူတို့တာဝန်ဖြစ်တယ်။ အဲဒီလို တာဝန်ဖြစ်တဲ့နေရာမှာ လွှတ်တော်က ဒါနဲ့ပတ်သက်လို့ စောင့်ကြည့်ပြီးတဲ့အခါမှာ ကူညီပေးဖို့၊ ညှိနှိုင်းပေးဖို့ရဲ့ တာဝန်ဟာ လွှတ်တော်များရဲ့ တာဝန်ဖြစ်တယ်။ ကိုယ့်တာဝန်ကိုယ် ကျေဖို့ လိုပါတယ်။ ဒါကြောင့်မို့လို့ ဒီမှာ ကြုံကြိုက်တဲ့အတွက် ဒီနေ့ မေးခွန်းအားလုံးဟာလည်း ဒီကိစ္စကို မေးတယ်။ ဒီကိစ္စမေးတဲ့အတွက် ဒီကော်မတီနဲ့ သက်ဆိုင်တယ်ဆိုတာ ကြုံကြိုက်လို့ ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။ ဘာ့ကြောင့်လဲဆိုတဲ့အခါမှာ ဘယ်ပစ္စည်းပဲ ထုတ်လုပ်၊ ထုတ်လုပ်၊ ရောင်းလို့မရဘူး ဆိုသွားပြီ။ ဒီ Process ကြီးက၊ ရောင်းလို့တော့ ရတယ်။ ခုနရှုံးမယ်ဆိုလို့ရှိရင် သွားပြီ။ ဒီတာဝန်တွေကို ဘယ်သူက တာဝန်ယူရမှာလည်းဆိုတဲ့အခါမှာ ဒီနေ့တာဝန်ယူရမယ့် ဌာနအဖွဲ့အစည်းပေါ်ပြီ ဖြစ်ပါတယ်။ အဲဒီတော့ ပြည်ထောင်စုအဆင့်တာဝန်ဖြစ်တဲ့အတွက် ပြည်ထောင်စုအဆင့်တာဝန်နဲ့ ဟာမျိုးကိုယူဖို့လိုသလို တစ်ဖက်ကလည်း ပြည်ထောင်စုအဆင့်တာဝန်ယူထားတဲ့ မိမိတို့ လွှတ်တော်ကော်မတီတွေကလည်း ဒီတာဝန်ကို ယုံယုံရဲရဲနဲ့ ထမ်းဆောင်သွားဖို့လိုပါတယ်။ ဒီဟာက ဘာလဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာခြင်း၊ ဆောင်ရွက်ခြင်းပဲဖြစ်ပါတယ်ဆိုတဲ့အသိနဲ့ ဆောင်ရွက်သွားဖို့ လိုပါတယ်။ ဒီဟာသည် ကျွန်တော်တို့နှုတ်က ပြောနေတာမဟုတ်ဘဲနဲ့ မိမိတို့ရဲ့ လုပ်ငန်းတာဝန်အရ ထမ်းဆောင်ရမယ့်ကိစ္စကို ဒီမှာ ဥပဒေပညာရှင်ကြီးရဲ့ရှေ့မှာ လွှတ်တော် ကိုယ်စားလှယ်များကို တင်ပြဆောင်ရွက်ခြင်းဖြစ်တယ်ဆိုတာကိုလည်း ကျွန်တော်ထပ်လောင်း တင်ပြသလို တစ်ဖက်ကကျွန်တော့်ရဲ့တင်ပြချက် မှားတယ်ဆိုလို့ရှိရင်လည်း ဥပဒေပညာရှင်များ အဖွဲ့ကနေပြီးတော့ ဥက္ကဋ္ဌကြီး တင်ပြမှု၊ ပြောဆိုမှုတွေဟာ လွဲနေပါတယ်။ မှားနေပါတယ်ဆို ကျွန်တော်တို့ဘက်က ခံဖို့အသင့်ဖြစ်ပါတယ်။ မှန်တယ်ဆိုရင်တော့ မှန်တဲ့အတိုင်း ဆက်ပြီး လုပ်သွားမှာ ဖြစ်ကြောင်း၊ ခုနက မေးခွန်း ၅ ခုကို အဖြေ ၅ ခု ပေးတဲ့ကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော့်အနေနဲ့ ဖြည့်စွက်တင်ပြရခြင်းဖြစ်ပါတယ်။ ဆက်လက်ပြီး ဦးသိန်းဆွေ၊ အမ်းမဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းဆွေ(အမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံနဲ့ဘင်္ဂလားဒေ့ရှ်

နိုင်ငံတို့ အကြားမှာ ဖြစ်ပေါ်နေတဲ့ ပင်လယ်ပြင်နယ်နိမိတ်သတ်မှတ်ရေးကိစ္စနဲ့ ပတ်သက်ပြီးတော့မှ မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့ဟာ နှစ်ပေါင်းကြာရှည်စွာ ချစ်ကြည်ရင်းနှီးတဲ့ အိမ်နီးချင်းနိုင်ငံများဖြစ်ကြပါတယ်။ နှစ်နိုင်ငံအကြား ဖြစ်ပွားတဲ့ ကိစ္စတွေအားလုံးကိုလည်းပဲ နှစ်နိုင်ငံ ခေါင်းဆောင်များ၊ နှစ်နိုင်ငံပြည်သူများက ချစ်ကြည်ရင်းနှီးစွာ ညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်ပဲ ဖြစ်ပါတယ်။ သို့ရာတွင် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဖြစ်ပေါ်နေတဲ့ ပင်လယ်နယ်နိမိတ် သတ်မှတ်ရေးအမှုနဲ့ စပ်လျဉ်းပြီးတော့မှ ကျွန်တော်တို့ လေ့လာတဲ့အခါမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က နှစ်နိုင်ငံညှိနှိုင်းဖြေရှင်းတာနဲ့တင် မလုံလောက်ဘဲနဲ့ ဥပဒေကြောင်းအရ ဖြေရှင်းလိုကြောင်း ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့က စတင်အဆိုပြု တောင်းခံခဲ့တယ်လို့ သိရပါတယ်။ အဲဒီပင်လယ်ပြင်နယ်နိမိတ် သတ်မှတ်ရေးကိစ္စနဲ့ပတ်သက်ပြီးတော့မှ ရေရှည်တည်တံ့ ခိုင်မြဲတဲ့၊ နှစ်ဘက်မျှတတဲ့ ဖြေရှင်းမှုရှိဖို့အတွက် နှစ်နိုင်ငံချစ်ကြည်ရေးကို ထောက်ရှုပြီးတော့မှ မြန်မာနိုင်ငံဘက်ကလည်းပဲ ဥပဒေအရ ဖြေရှင်းပေးရန် သဘောတူလက်ခံခဲ့ကြောင်း လေ့လာသိရှိ ရပါတယ်။ အဲဒီနှစ်နိုင်ငံ ပင်လယ်ပြင်နယ်နိမိတ် သတ်မှတ်ရေးကိစ္စကို ပင်လယ်ဥပဒေဆိုင်ရာ အပြည်ပြည်ဆိုင်ရာတရားရုံး ( ITLOS ) ဖြေရှင်းတင်သွင်းရန် နှစ်နိုင်ငံသဘောတူခဲ့ကြပြီးတော့မှ တရားရေးလုပ်ငန်းစဉ်များကိုလည်းပဲ ဆက်လက်ပြီးတော့မှ လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက် ခဲ့ကြောင်းသိရှိရပါတယ်။ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်မှ ၂၄ ရက်နေ့အထိ ပင်လယ်ဥပဒေဆိုင်ရာ အပြည်ပြည်ဆိုင်ရာတရားရုံးတည်ရှိရာ ဂျာမနီနိုင်ငံ၊ ဟမ်းဘတ်မြို့မှာ တရားသူကြီး ၂၁ ဦးရဲ့ ရှေ့မှောက်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံကရော၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံကရော၊ ကြားနာမှုများအဆိုတင်သွင်းမှုများပြုလုပ်ပြီး ဆက်လက်ပြီးတော့မှ ဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်မေးမြန်းချင်တဲ့ မေးခွန်းကတော့ ပင်လယ်ပြင်ဥပဒေဆိုင်ရာ အပြည်ပြည်ဆိုင်ရာတရားရုံးနဲ့ ကြားနာစစ်ဆေးမှုများ ပြုလုပ်လျက်ရှိတဲ့ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံနှစ်နိုင်ငံတို့အကြား ပင်လယ်ပြင်နယ်နိမိတ်သတ်မှတ်ရေးကိစ္စနဲ့ စပ်လျဉ်းပြီးတော့မှ ပြည်ထောင်စု အစိုးရအဖွဲ့ရဲ့ဆောင်ရွက်ခဲ့မှုနဲ့ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို သိရှိလိုပါသဖြင့် ဖြေကြား ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်ထောင်စုရှေ့နေချုပ်က ဒီကိစ္စနဲ့ပတ်သက်လို့ အစအဆုံး ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်ခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် ဒီမေးခွန်းကို ပြည်ထောင်စု ရှေ့နေချုပ်က ပြန်လည်ရှင်းလင်းဖြေကြားပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းရှင်(ပြည်ထောင်စုရှေ့နေချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဧည့်သည်တော်အပေါင်းတို့ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ ဆန္ဒပြု ဆုမွန်တောင်းလိုက်ပါတယ်။ ရခိုင်ပြည်နယ်၊ အမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေက မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နှစ်နိုင်ငံအကြား ပင်လယ်ပြင်နယ်နိမိတ်သတ်မှတ်ရေးကိစ္စအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆောင်ရွက်ခဲ့မှု အခြေအနေနှင့်စပ်လျဉ်း၍ မေးခွန်းမေးမြန်းသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ဖြေကြားခွင့် ရရှိသည့်အတွက်လည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပဏာမ ပြောကြားလိုပါတယ်။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ဟာ ဘင်္ဂလားပင်လယ်အော်မှာ ပိုင်နက်ပင်လယ်၊ သီးသန့်စီးပွားရေးဇုန်၊ ကမ်းလွန်ရေတိမ်ပိုင်းစတဲ့ ပင်လယ်နယ်နိမိတ် သတ်မှတ်ရေးနှင့်စပ်လျဉ်းလို့ ၁၉၇၄ ခုနှစ်တည်းက စတင်ပြီးတော့ ၂၀၀၉ ခုနှစ်အထိ နှစ်နိုင်ငံမှကိုယ်စားလှယ်များ ပါဝင်သော Technical Team များဟာ အပြန်အလှန်စေလွှတ်ပြီးတော့ အကြိမ်ကြိမ် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါတယ်။ ထိုသို့ ဆွေးနွေးမှုများ ပြုလုပ်ခဲ့သော်လည်း နှစ်နိုင်ငံအကြား တိကျသော၊ လက်ခံနိုင်သော သဘောတူညီချက်တစ်စုံတစ်ရာ ရရှိခဲ့ခြင်းမရှိတဲ့အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့မှာ ပင်လယ်ပြင်နယ်နိမိတ် သတ်မှတ်ရေးနှင့် စပ်လျဉ်း၍ ဥပဒေကြောင်းအရ ဖြေရှင်းလိုကြောင်း စတင်တောင်းဆိုလာပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ စတင်အဆိုပြု တောင်းဆိုလာတဲ့ကိစ္စနှင့် စပ်လျဉ်းလို့ ပြန်လည်ဖြေရှင်းဆောင်ရွက်နိုင်ရန် အစိုးရအဖွဲ့ရဲ့ ၂၉-၁၀-၂၀၀၉ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၀၉ နဲ့ ဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဥက္ကဋ္ဌ။ ဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး ဘာသာရပ်ဆိုင်ရာ ဥပဒေကျွမ်းကျင်သူများ ပါဝင်တဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ် ပင်လယ်နယ်နိမိတ် အငြင်းပွားမှု ဖြေရှင်းရေးကိစ္စနှင့် ပတ်သက်လို့ အထူးလုပ်ငန်းဦးစီးအဖွဲ့ Special Task Force ကို စုစုပေါင်းအဖွဲ့ဝင် ၂၇ ဦးနဲ့ ဖွဲ့စည်းခဲ့ပါတယ်။ ထိုစဉ်က ရှေ့နေချုပ်ရုံး၊ ဒုတိယရှေ့နေချုပ်၊ ဒေါက်တာထွန်းရှင် အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်တဲ့ ဥပဒေရေးရာ ကျွမ်းကျင်သူများအဖွဲ့၊ ဗိုလ်မှူးချုပ်မျိုးမြင့်သန်း၊ ဌာနချုပ်မှူး၊ ပမ္မဝတီရေတပ်စခန်းဌာနချုပ် အဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်တဲ့ နည်းပညာကျွမ်းကျင်မှုအဖွဲ့၊ ဦးမောင်မြင့်၊ ဒုတိယဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်သော အုပ်ချုပ်ထောက်ပံ့မှုအဖွဲ့တို့ကိုလည်း အမိန့်ကြော်ငြာစာဖြင့် စနစ်တကျဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။ ပင်လယ်ပြင်ဥပဒေဆိုင်ရာ အပြည်ပြည်ဆိုင်ရာ တရားရုံး ( ITLOS ) ခေါ်တဲ့ ခုံရုံးဟာ ယခုကိစ္စကို ဖြေရှင်းဖို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့မှာ အဆိုတင်သွင်းခဲ့ပါတယ်။ အဆိုပါကိစ္စနှင့်

စပ်လျဉ်း၍ ITLOS မှ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့ ရက်စွဲပါစာဖြင့် မြန်မာနိုင်ငံကိုလည်း အကြောင်း ကြားခဲ့ပါတယ်။ မြန်မာနိုင်ငံကလည်း ITLOS သို့သွားရန် သဘောတူခဲ့ပါတယ်။ ယင်းသို့သဘောတူရခြင်းမှာ အငြင်းပွားမှုကို ဒေသတွင်းနိုင်ငံများရဲ့ ငြိမ်းချမ်းရေးကို ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းအရ ငြိမ်းချမ်းစွာဖြေရှင်းရန် ယင်းပဋိညာဉ်စာတမ်း အခန်း(၆)မှာ ဖော်ပြထားတဲ့ အတိုင်းပဲ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံအနေနဲ့လည်း ငြိမ်းချမ်းစွာဖြေရှင်းရန် တာဝန်ရှိတဲ့ အလျောက်၊ အပြည်ပြည်ဆိုင်ရာဥပဒေအရ လက်ခံခဲ့ခြင်းပဲဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာဥပဒေရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာပင်လယ်ပြင်ဥပဒေ ကွန်ဗင်းရှင်း International United Nations Convention for the Low of the Sea မှာ အငြင်းပွားမှုများကိုငြိမ်းချမ်းစွာ ဖြေရှင်းတဲ့နည်းဟာ (၄)နည်း ရှိပြီးတော့ ၎င်းဥပဒေပုဒ်မ ၂၈၇ မှာ ဖော်ပြထားတဲ့အတွက် အပြည်ပြည်ဆိုင်ရာပင်လယ်ပြင်တရားရုံးမှာ ဖြေရှင်းနည်းဟာ ဒီလေးနည်းထဲမှာ ပထမဆုံးနည်း ဖြစ်ပါတယ်။ အားသာချက်အနေဖြင့် ယင်းတရားရုံးမှာဖြေရှင်းပါက ငြိမ်းချမ်းစွာဖြေရှင်းနိုင်သည့် အပြင် တရားရုံးစရိတ်များအားလုံးကိုလည်း ကုလသမဂ္ဂကကျခံခဲ့ပါတယ်။ သို့ဖြစ်၍ ITLOS တွင်ဖြေရှင်းရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံက အဆိုပြုခဲ့ခြင်းအပေါ် မြန်မာနိုင်ငံကလက်ခံခဲ့ခြင်းပဲဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် အငြင်းပွားမှု များကို ငြိမ်းချမ်းစွာဖြေရှင်းသည့် နိုင်ငံအဖြစ် ကမ္ဘာကအသိအမှတ်ပြုခြင်းကို အကျိုးအမြတ်ခံစားခဲ့ ခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံက ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့မှာ ITLOS ၏ စီရင်ပိုင်ခွင့် ကိုလက်ခံကြောင်း ကြေညာခြင်းပြုခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား၊ ဘင်္ဂလားပင်လယ်ပြင်မှာ နှစ်နိုင်ငံပင်လယ်နယ်နိမိတ်ရဲ့ သတ်မှတ်ရေးကိစ္စနဲ့ပတ်သက်လို့ ဂျာမနီ နိုင်ငံ၊ ဟမ်းဘတ်မြို့မှာရှိတဲ့ ITLOS တရားရုံးကို အမှုအမှတ် ၁၆ ဖြင့် ဖြေရှင်းရန်ရောက်ရှိခဲ့ခြင်းပဲ ဖြစ်ပါတယ်။ အလျဉ်းသင့်၍ဖော်ပြရလျှင် အပြည်ပြည်ဆိုင်ရာပင်လယ်ပြင်ဥပဒေတရားရုံးဟာ နိုင်ငံရေးကင်းပြီး တစ်ကမ္ဘာလုံးရှိ အပြည်ပြည်ဆိုင်ရာဥပဒေကို ကျွမ်းကျင်သော နိုင်ငံအသီးသီးမှ လာသည့် တရားသူကြီးများဖြင့် ဖွဲ့စည်းထားပါသည်။ တရားသူကြီး ၂၁ ဦးပါဝင်ပြီး အငြင်းပွားသည့် နိုင်ငံနှစ်နိုင်ငံမှ Ad hoc judge ဟုခေါ်တဲ့ တရားသူကြီးတစ်ဦးစီကိုလည်းတင်ပြခဲ့ပါတယ်။ ထိုနှစ်ဦးဟာအမှုကို ဆုံးဖြတ်ရာမှာ အခြားတရားသူကြီးများနည်းတူ ရပိုင်ခွင့်များရှိကြပါတယ်။ ယခု တရားရုံးဥက္ကဋ္ဌဟာ ကာရစ်ဘီယန်ပင်လယ်ဒေသရှိ Cape Verde မှ အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင် ဖြစ်ပါတယ်။ ၎င်းရုံးဟာ အပြည်ပြည်ဆိုင်ရာဥပဒေရေးရာ၊ ကျွမ်းကျင်မှုဆိုင်ရာပညာနှင့် ရေကြောင်းတိုင်းတာရေးပညာတို့ကို သုံးပြီးတော့ အမှုကိုဆုံးဖြတ်လေ့ရှိပါတယ်။ ယခုအမှုဟာ

တရားရုံးမှာ ပထမဆုံးဖြစ်တဲ့ ပင်လယ်နယ်နိမိတ်သတ်မှတ်တဲ့ အမှုဖြစ်တဲ့အတွက် တစ်ကမ္ဘာလုံးကနေပြီးတော့ စိတ်ဝင်စားပြီး တစ်ကမ္ဘာလုံးကို တရားရုံးရဲ့စီရင်ဆုံးဖြတ်ချက်များ ဆောင်ရွက်မှုများကို Website ကနေပြီးတော့ အစအဆုံးကမ္ဘာကို တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ထို့အတူ တစ်ဖက်မှာလည်း မြန်မာနိုင်ငံအတွက် ဒီတရားရုံးကို သွားခြင်းဟာ ပထမဆုံးအမှုဖြစ်တဲ့အတွက် အားလုံးစိတ်ဝင်စားတဲ့ အမှုလည်း ဖြစ်တယ်ဆိုတာ တင်ပြလိုပါတယ်။ နိုင်ငံတော်မှ ထိုစဉ်က ရှေ့နေချုပ်ရုံး၊ ဒုတိယရှေ့နေချုပ်အား ဒီအမှုနဲ့ပတ်သက်လို့ နိုင်ငံတော်၏ကိုယ်စားလှယ် Agent အဖြစ် ခန့်အပ်တာဝန်ပေးခဲ့ပြီး ဒုတိယကိုယ်စားလှယ် Deputy Agent နှစ်ဦးကိုလည်း ခန့်အပ်တာဝန်ပေးခဲ့ပါတယ်။ ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ဟာ ၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ၊ ၂၅ ရက်မှ ၂၆ ရက်နေ့များမှာ ITLOS ဥက္ကဋ္ဌ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဒုတိယကိုယ်စားလှယ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှေ့နေများနှင့် ကိုယ်တိုင်ကိုယ်ကျ တရားရုံးရှေ့မှောက်မှာ သွားပြီးတော့ ရှေ့နေလိုက်ပြီးတော့ အမှုနှင့်ပတ်သက်တဲ့ အစီအစဉ်များနှင့်ရုံးချိန်းများကို ရေးဆွဲသဘောတူညီမှု ရရှိခဲ့ပါတယ်။ ဥပဒေရေးရာကျွမ်းကျင်သူများအဖွဲ့ ဥက္ကဋ္ဌနှင့်အတူ နည်းပညာကျွမ်းကျင်သူများအဖွဲ့၊ အုပ်ချုပ်ရေးထောက်ပံ့မှုအဖွဲ့များနဲ့ ညှိနှိုင်းတိုင်ပင်ပြီး ITLOS အမှုကိစ္စမှာ လိုက်ပါဆောင်ရွက်ဖို့ ကမ္ဘာပေါ်ရှိ ဥပဒေစနစ်ကြီးသုံးရပ်ကို ကျွမ်းကျင်ပြီး ပင်လယ်ရေပြင်နယ်နမိတ် သတ်မှတ်ရေးအမှုကိစ္စများမှာ အတွေ့အကြုံများစွာရှိတဲ့ နိုင်ငံပေါင်းစုံမှ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ ပင်လယ်ပြင်ဥပဒေပါရဂူများဖြစ်တဲ့ ပြင်သစ်နိုင်ငံမှ Prof. Alain Pellet, အင်္ဂလန်နိုင်ငံမှ Sir Michael Wood, ပြင်သစ်နိုင်ငံမှ Prof. Mathias Forteau, အမေရိကန် ပြည်ထောင်စုမှ Mr. Coalter Lathrop, ဂျာမဏီနိုင်ငံမှ Mr. Daniel Muller, ပြင်သစ်နိုင်ငံမှ Mr. Benjamin Samson, အစ္စရေးနိုင်ငံမှ Mr. Eran Sthoeger, ဥပဒေပညာရှင်အဖွဲ့နှင့် ပင်လယ်ပြင်တိုင်းတာရေး ကျွမ်းကျင်သူများဖြစ်တဲ့ ရိုမေးနီးယားနိုင်ငံမှ Mr. Octavian Buzatu, နှင့် အမေရိကန်နိုင်ငံမှ Mr. David Swanson နှင့် Mr. David P. Riesenberg၊ အကြံပေးအဖြစ် အတ္တလန္တိတ်သမုဒ္ဒရာကျွန်းမှာရှိတဲ့ Faros ကျွန်းမှ ဥပဒေပါရဂူ Mr. Bjorn Kunoy တို့နှင့် အထောက်အကူပြုအဖွဲ့ရဲ့ ရှေ့နေနှစ်ဦးဖြစ်သော ပြင်သစ်နိုင်ငံမှ Missis. Heloise Bajer Pellet နှင့် Miss. Tessa Barsac တို့လည်း ငှားရမ်းဆောင်ရွက်ခဲ့ပါတယ်။ ထို့နောက် အဆိုပါညှိနှိုင်းသဘောတူညီချက်အရ တရားရုံး၌ အမှုရင်ဆိုင်ရာမှာ ပြည်တွင်းတရားရုံးများမှာ တရားမမှုများ စစ်ဆေးမှုနှင့် ပုံစံခြင်းအတော်နီးစပ်တယ်ဆိုတဲ့အကြောင်း ဥပဒေပညာရှင်များ သိသာရန် တင်ပြလိုပါတယ်။ အမှုမှာ နှစ်ပိုင်းရှိကြောင်း တွေ့ရှိရပါတယ်။ ပထမပိုင်းမှာ စာဖြင့်အဆိုပြုခြင်းဆိုတဲ့ Written Pleadings ဟုခေါ်သော

တစ်ဘက်နဲ့ အဆိုလွှာ၊ အချေလွှာများ တင်ရပါတယ်။ ယင်းတို့မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ တင်ပြသော အဆိုလွှာလို့ခေါ်တဲ့(Memorial) တင်သွင်းခြင်း၊ မြန်မာနိုင်ငံဘက်မှချေလွှာလို့ခေါ်တဲ့ (Countery memorial)တင်သွင်းခြင်း၊ ဘင်္ဂလားဒေ့ရှ်ဘက်မှ ပြန်ကြားလွှာလို့ခေါ်တဲ့ (Reply)နှင့် နောက်ဆုံးမြန်မာဘက်မှ ပြန်လည်ချေလွှာလို့ခေါ်တဲ့(Rejoinder) တင်သွင်းခြင်းတို့ကို ဆောင်ရွက်ရပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ Memorialကို ၁-၇-၂၀၁၀ ရက်နေ့မှာ တင်သွင်းခဲ့ပြီး မြန်မာနိုင်ငံဘက်မှ Counter Memorial ကို ၁-၁၂-၂၀၁၀ ရက်နေ့တွင်တင်သွင်းခဲ့ပါတယ်။ ဆက်လက်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ Reply ကို ၁၅-၃-၂၀၁၁ ရက်နေ့တွင် တင်သွင်းခဲ့ရာမှာ မြန်မာနိုင်ငံဘက်မှ Rejoinder ကို ၁-၇-၂၀၁၁ ရက်နေ့တွင် တင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ ယင်းနောက် ဒုတိယပိုင်းကို ကူးပြောင်းသွားခြင်းပဲဖြစ်ပြီးတော့ ဒုတိယပိုင်းကို စတင်ခဲ့ပါတယ်။ ယခုသွားရောက်တဲ့ ခရီးစဉ်မှာ အမှုကြားနာစစ်ဆေးပြီး ကြိုတင်မှုများ ပြင်ဆင်ပြီးတော့ အမှုကြားနာစစ်ဆေးတဲ့ အချိန်ဟာ ၁၄ ရက် ဆက်တိုက်ကြာရှိခဲ့ပါတယ်။ ITLOS မှာ အမှုဖြေရှင်း နိုင်ရေးနှင့်စပ်လျဥ်းပြီးတော့ သတ်မှတ်ထားတဲ့ လုပ်ထုံးလုပ်နည်းများ၊ အစီအစဥ်များနှင့်အညီ မြန်မာနိုင်ငံဘက်မှ ၁-၁၂-၂၀၁၀ ရက်နေ့မတိုင်မီ Countery memorial ကိုတင်သွင်းခြင်း၊ ၁-၇-၂၀၁၁ ရက် နေ့မတိုင်မီ Rejoinder တင်သွင်းခြင်းတို့ကို ဥပဒေရေးရာကျွမ်းကျင်သူများ အဖွဲ့ခေါင်းဆောင် ဦးဆောင်တဲ့ မြန်မာအဖွဲ့နှင့် ပြည်ပရှေ့နေအဖွဲ့တို့ အကြိမ်ကြိမ်အသေးစိတ်ညှိနှိုင်းတိုင်ပင်ပြီးတော့ ဆွေးနွေးခဲ့ခြင်းဖြစ်ပါတယ်။ ဤသို့ဖြင့် စာဖြင့်အဆိုအချေပြုလုပ်ခြင်း Written Pleadings များပြီးဆုံးသွားတဲ့အခါမှာ နှုတ်ဖက်လျှောက်လဲတဲ့ Oral Pleadings အပိုင်းကို ကူးပြောင်းသွားတာတွေ့ရပါတယ်။ ယခုအခါ ITLOS တရားရုံးရှေ့မှာ နှုတ်ဖက်လျှောက်လဲချက်များကို ကြားနာစစ်ဆေးပြီး ဖြစ်ပါတယ်။ ပထမအကြိမ် လျှောက်လဲချက်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ၈-၉-၂၀၁၁ ရက်နေ့မှ ၁၃-၉-၂၀၁၁ ရက်နေ့ထိ လျှောက်လဲတင်ပြခဲ့ပြီး မြန်မာဘက်မှ အမှုအဖွင့်မိန့်ခွန်းကို ပြည်ထောင်စုရှေ့နေချုပ်က ပြောကြားခဲ့၍ ၁၅-၉-၂၀၁၁ မှ ၂၀-၉-၂၀၁၁ ရက်နေ့အထိ လျှောက်လဲခဲ့ပြီး ဖြစ်ပါတယ်။ ထို့နောက် မြန်မာနိုင်ငံ၏ ရှေ့နေများက မြန်မာနိုင်ငံဘက်မှ ဥပဒေကြောင်းအရလည်းကောင်း၊ ကျွမ်းကျင်မှုဆိုင်ရာပညာပိုင်းမှ လည်းကောင်း၊ ပင်လယ်ရေကြောင်းတိုင်းတာရေးပညာ Hydrography ပိုင်းမှလည်းကောင်း၊ ဘူမိဗေဒပိုင်းဆိုင်ရာပညာပိုင်းမှလည်းကောင်း ခိုင်မာစွာလျှောက်လဲ တင်ပြခဲ့ပါတယ်။ ဒုတိယအကြိမ် လျှောက်လဲချက်ပြုခြင်းကို ဘင်္ဂလားဒေ့ရှ်မှတစ်ခါ Second Round လို့ခေါ်ပြီးတော့ Second Round ကို ၂၁-၉-၂၀၁၁ နှင့် ၂၂-၉-၂၀၁၁ ရက်နေ့များကိုလည်းကောင်း၊ မြန်မာနိုင်ငံဘက်မှ အပြီးသတ် လျှောက်လဲချက်ကို ၂၄-၉-၂၀၁၁ ရက်နေ့မှာလည်းကောင်းတင်ပြခဲ့ပါတယ်။ မြန်မာနိုင်ငံဘက်မှ

ပြည်ထောင်စုရှေ့နေချုပ်နှင့်အတူ ငှားရမ်းထားသော ပြည်ပရှေ့နေများဟာ ITLOS တရားရုံးရှေ့မှာ အပြည်ပြည်ဆိုင်ရာ ပင်လယ်ပြင်ဆိုင်ရာ အထောက်အထားများ၊ ကျွမ်းကျင်မှုဆိုင်ရာ အထောက်အထားများ၊ ပင်လယ်ရေပြင်တိုင်းတာရေးပညာအထောက်အထားများ (Hydrography)နှင့် ဘူမိဗေဒ သိပ္ပံဆိုင်ရာအထောက်အထားများ (Geomorphology)တို့ကို ကိုးကားတင်ပြခဲ့ပါတယ်။ နှစ်နိုင်ငံ ကိုယ်စားလှယ်များက နိဂုံးချုပ်ပြောကြားပြီးတော့ ရှေ့နေများပြီးဆုံးတဲ့အခါမှာ ပြည်ထောင်စု ရှေ့နေချုပ်က အားလုံးကိုခြုံပြီးတော့ တရားသူကြီးများကိုတင်ပြခဲ့ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ နှစ်နိုင်ငံဘက်ကကိုယ်စားလှယ်များ နိဂုံးချုပ်များ ပြောကြားတဲ့အခါမှာ ဤသို့ငြိမ်းချမ်းစွာ ဖြေရှင်းခြင်းဖြင့် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ နှစ်နိုင်ငံအကြားတည်ရှိပြီးဖြစ်တဲ့ ချစ်ကြည်ရင်းနှီးမှုဟာ ပိုပြီးတော့မြှင့်တင်ပေးလိမ့်မယ်လို့ ယုံကြည်ကြောင်းလည်း နှစ်နိုင်ငံမှာ ပါဝင်လာတဲ့ ကိုယ်စားလှယ်များက ပြောကြားခဲ့တာကိုမှတ်တမ်းတင်ခဲ့ပါတယ်။ အဆိုပါအမှုကို ၂၀၁၂ ခုနှစ်၊ မတ်လမှာ ITLOS တရားရုံးမှသမာသမတ်ရှိပြီး တရားမျှတမှုရှိတဲ့ အပြည်ပြည်ဆိုင်ရာ ပင်လယ်ပြင်ဥပဒေနှင့်ညီတဲ့ ရသောရလဒ်(Equitable Result)ကို ဖော်ထုတ်ဆောင်ရွက်မယ့် အမိန့်ချမှတ်မည်ဟု ယုံကြည်မျှော်လင့်ပါတယ်။ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအနေနဲ့ ဒီတာဝန်မှာ ပါဝင်ထမ်းဆောင်ခွင့်ရရှိတဲ့အတွက် အထူးပဲဂုဏ်ယူကြောင်းတင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ပင်လယ်ပြင်နယ်နိမိတ်သတ်မှတ်ရေးအငြင်းပွားမှုမှာ တာဝန်ရှိသူများ အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်ကပဲ ဒေါက်တာထွန်းရှင်ကို ကျွန်တော်တို့ ကိုယ်စားလှယ်များ နည်းနည်းလေးပိုရှင်းသွားအောင် အခုဒီလိုဖြစ်ပေါ်ရတဲ့အကြောင်းလေးလည်း နည်းနည်းရှင်းပြပေးစေ ချင်ပါတယ်။ သဘောကတော့ International Territoral Water၊ နောက်တစ်ခါ ကျွန်တော်တို့ Territoral Water၊ နောက်တစ်ခါ မိုင် ၂၀၀ အထိဆက်ပြီးတော့ လုပ်မယ့်ကိစ္စမှာ အကယ်လို့ ကိုယ့်ဘက်ကနစ်နာ သွားမယ်ဆိုရင် ဘာတွေဆုံးရှုံးနိုင်လည်းဆိုတဲ့ဟာလေးကို ရှင်းပြပေးနိုင်ရင်လည်း ရှင်းပြပေးပါ။ အဲဒီအကြောင်းကိုပိုပြီးတော့ ကိုယ်စားလှယ်များစိတ်ဝင်စားတယ်ဆိုတာ ကျွန်တော် သိရပါတယ်။

**ဒေါက်တာထွန်းရှင်(ပြည်ထောင်စုရှေ့နေချုပ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ဒီအကြောင်း ထပ်မံရှင်းလင်းခွင့်ပေးတဲ့အတွက် ဦးစွာပထမ ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့ ဒီပင်လယ်ပြင်နဲ့ပတ်သက်လို့ ပင်လယ်ပြင်ဥပဒေပိုင်းမှာ (၃)ပိုင်းရှိပါတယ်။ ပထမ

တစ်ပိုင်းကို ကျွန်တော်တို့ပိုင်နက်ပင်လယ်လို့ခေါ်ပါတယ်။ ဒုတိယတစ်ပိုင်းကို ကျွန်တော်တို့ Coutinental Shelf လို့ခေါ်ပြီးတော့ တတိယတစ်ပိုင်းကို သူတို့စကားနဲ့ Economic Zone လို့ခေါ်တဲ့ သီးခြားစီးပွားရေးဇုံလို့ခေါ်ပါတယ်။ ဒီသုံးပိုင်းရှိပြီးတော့ ပထမတစ်ပိုင်းမှာ ပိုင်နက်ပင်လယ်ပြင်ဟာ သာမန်အားဖြင့် ဥပဒေအရ ၁၂ မိုင်တည်ရှိပါတယ်။ ဒါပြီးတော့ Coutinental Shelf ဆိုတာလာပြီးတော့ တတိယတစ်ပိုင်းမှာတော့ မိုင်၂၀၀ ကျော်သွားလို့ရှိရင် ကမ်းဝေးပင်လယ်ပြင်လို့ခေါ်တဲ့ Economic Zone သဘောမျိုးသက်ရောက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ ဒီနေရာမှာတောင်းဆိုတဲ့အပိုင်းအနေနဲ့ကတော့ ကျွန်တော်တို့သုံးတဲ့ပညာဟာ ကျွန်တော်တို့ရေတပ်တိုင်းတာရေးကသုံးတဲ့ Hydrography လို့သုံးတဲ့နေရာမှာ ဘာခေါ်လည်းဆိုရင် ဒါကိုသုံးတဲ့ Method ဟာ Equa-distance Method လို့ ကျွန်တော်တို့သုံးပါတယ်။ Equa-distance Method ကျွန်တော်တို့သုံးလို့ရှိရင် ကမ္ဘာမှာ Equa-distance Method နဲ့သုံးမှသာလျှင် ကျွန်တော်တို့တရားမျှတမှုရှိပြီးတော့ Equa-distance Method မရှိမှသာလျှင် တခြားနည်းကို ကျွန်တော်တို့ သုံးလေ့ရှိပါတယ်။ ဒီတော့ ကျွန်တော်တို့ ပထမဆုံးအနေနဲ့ ကျွန်တော်တို့တောင်းဆိုတဲ့အချက်ကတော့ မြန်မာနိုင်ငံရဲ့တောက်လျှောက်ရပ်တည်ချက်က Equa-distance Method ကိုသုံးဖို့ရှိတဲ့အတွက် ကျွန်တော်တို့ရပ်တည်ခဲ့ပါတယ်။ ဒါကိုလည်း ပြည်တွင်းဥပဒေမှာ ပါဝင်တဲ့ရှေ့နေ အမြောက်အမြားလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများထဲမှာ ရှိကြပါတယ်။ အားလုံးသိတဲ့အတိုင်းပဲ ဥပဒေကို ကျွန်တော်တို့အနေနဲ့ကိုးကားခဲ့ပါတယ်။ တစ်ခါ ဥပဒေပြီးတဲ့အခါမှာ ဒုတိယအနေနဲ့ အပြည်ပြည်ဆိုင်ရာကမ္ဘာ့တရားရုံးများကချမှတ်တဲ့ စီရင်ထုံးဖြတ်ထုံးများကိုလည်း ကျွန်တော်တို့ ကိုးကားခဲ့ပါတယ်။ Equa-distance Method ကို ကျွန်တော်တို့ သုံးခြင်းအားဖြင့် နှစ်နိုင်ငံတရားမျှတတဲ့ နယ်နိမိတ်သတ်မှတ်ခြင်းများကို ရရှိနိုင်တယ်လို့ မူတည်ပြီးတော့ ကျွန်တော်တို့ဘက်ကလည်း နစ်နာမှုမရှိဘဲနဲ့ တစ်ဘက်ကလည်း တရားမျှတမှုရှိမယ်ဆိုတာကို ကျွန်တော်တို့ ရှေ့နေများနဲ့ညှိနှိုင်းပြီးတော့ တောက်လျှောက်ရပ်တည်ခဲ့ပါတယ်။ တစ်ဘက်က သုံးတာကတော့ သူတို့ပညာအရ ဒီ Angle by Circle လို့ခေါ်တဲ့နည်းကို သုံးပါတယ်။ သုံးတဲ့အခါမှာ သူတို့သုံးပုံသုံးနည်းကတော့ အကြောင်းပြတာကတော့ ဘာလည်းဆိုလို့ရှိရင် ဒီထူးခြားတဲ့ အခြေအနေရှိတဲ့အတွက် သူတို့ကိုပေးပါလို့ ပြောပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ထူးခြားတဲ့အခြေအနေ မရှိဘူးလို့ ငြင်းဆိုပါတယ်။ သူတို့အနေနဲ့တောင်းတဲ့မျဉ်းနဲ့ ကျွန်တော်တို့ တောင်းတဲ့မျဉ်းနဲ့နှစ်မျိုးရှိပါတယ်။ ကျွန်တော်တို့တောင်းတဲ့မျဉ်းက Equa-distance Method အရတောင်းပြီးတော့ သူတို့ကတော့ Angle by Circle နည်းအရ တောင်းတဲ့မျဉ်းများ ဖြစ်ပါတယ်။

တရားရုံးရဲ့ လုပ်ရိုးလုပ်စဉ်အရ အခု လက်တွေ့မှာတွေ့ရတာ ဘာလဲဆိုတော့ တစ်ဖက် အမှုသည် တင်ပြတာကိုလည်း နားထောင်ပါတယ်။ နောက်တစ်ဖက်အမှုသည် တင်ပြတာကိုလည်း နားထောင်ပါတယ်။ နားထောင်ပြီးတော့ သူတို့ Expert ကိုယ့် Expert များကို ရှင်းလင်းပြီးတဲ့အခါမှာ တရားရုံးအနေနဲ့ သီးခြားခေါ်တဲ့ တတိယ Expert တစ်ယောက်ကို တရားသူကြီး(၂၃)ယောက်စလုံးက ခေါ်ပြီးတော့ ကြားနာပါတယ်။ ကြားနာတဲ့အခါမှာ ဒီ Expert တွေရဲ့ တင်ပြတဲ့မှဉ်းများပေါ်မှာ မူတည်ပြီးတော့ နှစ်ဦးနှစ်ဖက်သူလည်းမသာ ကိုယ်လည်းမနာတဲ့ လမ်းကြောင်းကိုဆွဲမယ်လို့ ကျွန်တော်တို့သိရပါတယ်။ အခုလည်း ဒီအတိုင်းလုပ်ပြီးတော့ အခုတရားသူကြီးများအနေနဲ့ စဉ်းစားခန်းလို့ ခေါ်တဲ့ Deliberation ကို အောက်တိုဘာလ (၁)ရက်နေ့ကနေ ကျွန်တော်တို့ စတင်တာ ဖြစ်ပါတယ်။ ဒီအတွင်းမှာ သူတို့ Expert တွေနဲ့ သူတို့ခေါ်ပြီးတော့ တရားမျှတတဲ့ ဆုံးဖြတ်ချက်တစ်ခုကို ထုတ်ဖို့ရည်ရွယ်တယ်လို့ သုံးသပ်ပါတယ်။ ကျွန်တော်တို့ ဒီတရားရုံးမှာလည်း ကျွန်တော်တင်ပြခဲ့သလိုပဲ ဒီဟာကကမ္ဘာပေါ်မှာ ပထမဆုံးအကြိမ်ဆုံးဖြတ်တဲ့ ပင်လယ်နယ်နိမိတ် သတ်မှတ်တဲ့အမှုဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက်လည်း ပထမဆုံးအကြိမ်ဖြစ်တဲ့အတွက် ကမ္ဘာကလည်း ဒါကိုစူးစိုက်ပြီးတော့ တရားသူကြီးများဟာလည်း အထူးဂရုစိုက်ပြီးတော့ သမာသမတ် ရှိတဲ့အမိန့်ထွက်ဖို့လည်း ကြိုးစားလျက်ရှိကြောင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်ဘက်က အသိတစ်ယောက်ဆိုရင် ဒီပင်လယ်နယ်နိမိတ်သတ်မှတ်တဲ့ အပေါ်မူတည်ပြီးတော့ မြန်မာနိုင်ငံရဲ့စီးပွားရေး အထူးသဖြင့်တော့ ကမ်းလွန်မှာရှိကြတဲ့ ရေနံတို့၊ သဘာဝဓာတ်ငွေ့တို့ဟာ ဒီအပေါ်မှာအများကြီးသွားပြီးတော့ အကျိုးသက်ရောက်မှုရှိပါတယ်။ ဒါကြောင့်မို့လို့ မိမိတို့ မြန်မာနိုင်ငံဘက်က မနစ်နာရအောင်ဆိုပြီးတော့ ခုနကရှေ့နေချုပ်ကြီးတင်ပြ သွားသလိုအဖွဲ့ကို သေချာစနစ်တကျဖွဲ့ခဲ့ပါတယ်။ ပြီးတဲ့အခါမှာ ဆွေးနွေးမှုတွေ အကြိမ်ကြိမ်လုပ် ပါတယ်။ လုပ်ပြီးတဲ့အခါမှာ ဆွေးနွေးမှုတွေထဲမှာ ဇာတ်တိုက်မှုတွေလုပ်ပါတယ်။ ပြီးတဲ့အခါမှာ ခုနက နိုင်ငံတော်အနေနဲ့ ငွေထိုက်သင့်တာ ကုန်ချင်သလောက်ကုန် ဒီမှာမိမိတို့မနစ်နာအောင် ဆောင်ရွက် ဆိုပြီးတော့ ခုနကတင်ပြတဲ့ အဖွဲ့အစည်းများနဲ့ ဆောင်ရွက်တဲ့နေရာမှာ ဆရာဒေါက်တာထွန်းရှင်က တော့ ဥပဒေနဲ့ပတ်သက်လို့ ကိုယ့်ဘက်က မနစ်နာရအောင် ခုနက တင်ပြသွားတဲ့အတိုင်း ဆောင်ရွက် တဲ့နေရာမှာ အဲဒီလို ဥပဒေအရ ဆောင်ရွက်နေရာမှာလည်း ခုနက(category)အပိုင်းကြတဲ့အခါကျ တော့ တပ်မတော်(ရေ)နဲ့သက်ဆိုင်ပါတယ်။ ပေါင်းစပ်ပြီးတော့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ဒုတိယမေးခွန်းမေးတဲ့အကြောင်းက တချို့နည်းနည်းလေး အသံရှိပါတယ်။

မြန်မာနိုင်ငံက ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ပင်လယ်နယ်နိမိတ် တိုင်းထွာသတ်မှတ်တဲ့နေရာမှာ ပြည်သူတွေ မသိကြဘူး။ တစ်ဖက်နိုင်ငံကတော့ သူတို့နိုင်ငံရဲ့လုပ်ဆောင်ချက်တွေ သူတို့ပြည်သူတွေသိတယ်။ အဲဒီတော့ မိမိတို့ပြည်သူနိုင်ငံဘက်ကများ နစ်နာသွားမလားဆိုတဲ့ စိုးရိမ်မှုတချို့တစ်ဝက်လည်း ရှိပါတယ်။ ဒီအပေါ်မူတည်ပြီးတော့ အမ်းမဲဆန္ဒနယ်က ဦးသိန်းဆွေက သူကိုယ်တိုင်လည်း အရင်တုန်းက ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး တာဝန်ယူခဲ့တဲ့အတွက် ပြည်သူတွေရဲ့အသံကို သူကြားရတဲ့အတွက် ဒီမေးခွန်းမေးချင်ပါတယ်ဆိုပြီးတော့ ကျွန်တော်တို့ဆီ ဒီလိုလာပါတယ်။ လာတဲ့အခါမှာ အဲဒီတုန်းကတော့ ဒေါက်တာထွန်းရှင်က ခုနကပြောတဲ့ ITLOS ကို သွားနေတဲ့အချိန်ဖြစ်တဲ့အတွက် နိုင်ငံခြားရေးဒုတိယဝန်ကြီးက သူအတော်အသင့်နားလည်တဲ့အတွက် အချိန်ပေးပါ၊ ပြန်ရှင်းပြပါ့မယ်လို့ပြောခဲ့ပါတယ်။ အခုကျတော့ ဆရာဒေါက်တာထွန်းရှင် ကိုယ်တိုင်ဒီမှာ ရှင်းပြတဲ့အတွက် ကျွန်တော်တို့ဘက်ရဲ့လုပ်ဆောင်ချက် ပြည်သူတွေ၊ ပြည်သူ့ကိုယ်စားလှယ်များက တစ်ဆင့် သိသွားမှာဖြစ်သလို ဒီနေ့သတင်းထုတ်ပြန်တဲ့အခါမှာလည်း မိမိတို့နိုင်ငံဘက်က မနစ်နာရအောင် သက်ဆိုင်ရာတာဝန်ရှိတဲ့သူတွေက ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာ သတင်းမှာပါသွားမှာဖြစ်တယ်။ ဒါကြောင့်မို့ ဒီနေ့မေးခွန်းတွေဟာ အင်မတန်မှနိုင်ငံ့အတွက် အရေးကြီးတဲ့မေးခွန်းတွေဖြစ်တဲ့အတွက် လာရောက်ပြီးတော့ ရှင်းလင်းပေးတဲ့ ပြည်ထောင်စုဝန်ကြီးကိုရော၊ ရှေ့နေချုပ်ဒေါက်တာထွန်းရှင်ကိုရော ကျေးဇူးတင်တယ်လို့ပဲ ထပ်လောင်းပြောပါရစေ။

**ဥက္ကဋ္ဌ**။ ။ ဒီနေ့အတွက်တော့ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ အစည်းအဝေးကို နေ့လယ်စာ စားသုံးရန်အတွက် တစ်နာရီခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစည်းအဝေးကို နေ့လည် ၁၃၀၀ နာရီအချိန်တွင် ပြန်လည်စတင်ပါ့မယ်။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးရေးတိုးတက်မှုကော်မတီမှ ယနေ့ညနေအစည်းအဝေးပြီးတဲ့အချိန်တွင် ကော်မတီများအဆောင်(I-5)မှာ အစည်းအဝေးပြုလုပ်ရန်ရှိကြောင်း အသိပေးတင်ပြအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက်အစီအစဉ် (၆)ကိုဆောင်ရွက်ပါမယ်။ ဥပဒေပြုရေးဟာ မိမိတို့လွှတ်တော်များရဲ့ အဓိကတာဝန် ဖြစ်ပါတယ်။ ဥပဒေပြုတဲ့နေရာမှာ အမြဲတမ်းသတိပြုဆင်ခြင်ဆောင်ရွက်ဖို့က ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားရမှာဖြစ်သလိုလိုက်နာရမှာဖြစ်တဲ့အတွက် မိမိတို့ပြုတဲ့ဥပဒေများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ကင်းလွတ်ပြီး သို့မဟုတ် ဆန့်ကျင်ပြီး ဆောင်ရွက်တဲ့ကိစ္စမျိုးမဖြစ်ဖို့ အဓိကလိုအပ်ပါတယ်။ သို့မှသာမိမိတို့ဥပဒေပြုရေးတာဝန်ရှိတဲ့ လွှတ်တော်ရဲ့တာဝန်ကျေပွန်မှာ ဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ မိမိတို့ပြုတဲ့ဥပဒေဟာ နိုင်ငံတော်နဲ့ နိုင်ငံသားများအကျိုးစီးပွားကို ဖြစ်ထွန်းဖို့လိုပါတယ်။ ကာကွယ်ဖို့လိုပါတယ်။ ဒါကိုလည်းအဓိကထား စဉ်းစားရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အစည်းအဝေးရဲ့ (၂၅)ရက်မြောက်နေ့မှာ ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းပြီး လွှတ်တော်မှာဆွေးနွေးစဉ်းစားရန် ဆုံးဖြတ်ထားတဲ့ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းကို ဒီကနေ့ စတင်ဆွေးနွေးပါ့မယ်။ ဒီလိုဆွေးနွေးရာမှာ (၂၉-၉-၂၀၁၁) ရက်နေ့အထိ ကိုယ်စားလှယ်များပေးပို့ထားတဲ့ ပြင်ဆင်ချက်များအပေါ်အခြေခံပြီး အပိုဒ်၊ အပိုဒ်ခွဲအလိုက် ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးခြင်း၊ အတည်ပြုခြင်းများတစ်ပါတည်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ယခု စတင်ဆောင်ရွက်ပါမယ်။ အခန်း(၁)၊ ခေါင်းစဉ်နှင့် အပိုဒ်(၁)၊ အပိုဒ် (၂)၊ အပိုဒ်ခွဲ(က) အထိ ပြင်ဆင်ချက်မရှိတဲ့အတွက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းရဲ့အစိတ်အပိုင်း၂၊ အပိုဒ်ခွဲ (ခ)၊ (ဂ)၊ (င)၊ (စ)၊ အပိုဒ် ၃၊ အပိုဒ်ခွဲ (ခ)၊ (ဂ)နှင့် အပိုဒ် ၄ အတွက် ပြင်ဆင်ချက်အဆိုတင်သွင်းရန် ဦးအောင်သိန်း၊ ရွာငံမဲဆန္ဒနယ်အားဖိတ်ခေါ်ပါ တယ်။

**ဦးအောင်သိန်း(ရွာငံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအပါအဝင် အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးကခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၅၄)၊ ပုဒ်မခွဲ(၁)မှာ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်လျှင် လက်နက်မပါဘဲငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် အခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်လို့ ဖော်ပြပါရှိပါတယ်။ ထိုနည်းတူစွာပင် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ

စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းနိဒါန်းမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများက ယင်းအခွင့်အရေးများကို ဥပဒေနှင့်အညီ သုံးစွဲဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော် သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟုဖော်ပြ ထားတာကိုလည်း တွေ့ရှိဖတ်ရှုလိုက်ရပါတယ်။ ကျွန်တော့်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အနှစ်သာရများနှင့် ကိုက်ညီမှုရှိစေရန်အတွက် လည်းကောင်း၊ စကားလုံးသုံးနှုန်းတဲ့နေရာမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ အသုံးအနှုန်းများနှင့် တစ်ထပ်တည်းကျနေစေရန်အတွက်လည်းကောင်း၊ လွတ်လပ်စွာဆိုတဲ့အသုံးအနှုန်းကို အလျဉ်းသင့် တဲ့ ဖော်ပြပါနေရာများမှာ ဖြည့်စွက်ထည့်သွင်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ကျိုးကြောင်းဖော်ပြချက်နဲ့အညီ အခန်း(၁)၊ အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်အပိုဒ် ၂၊ အပိုဒ်ခွဲ(ခ)ပါ မူလပြဋ္ဌာန်းချက်ကို ငြိမ်းချမ်းစွာစုဝေးခြင်းဆိုသည်မှာ ဤဥပဒေအရသတ်မှတ်ခွင့်ပြုသည့် အများပြည်သူဆိုင်ရာနေရာတွင် မိမိသဘောဆန္ဒကိုလွတ်လပ်စွာ ဖော်ပြရန်အလို့ငှာ တစ်ဦးထက်ပိုသူများက သတ်မှတ်စည်းကမ်းများနှင့်အညီ လက်နက်မပါဘဲ ငြိမ်းချမ်းစွာရောက်ရှိခြင်း၊ ဟောပြောခြင်းကို ဆိုသည်ဟုလည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ)ပါ မူလပြဋ္ဌာန်းချက်ကို ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုသည်မှာ ဤဥပဒေအရသတ်မှတ် ခွင့်ပြုသည့် အများပြည်သူဆိုင်ရာလမ်းတွင် မိမိသဘောထားဆန္ဒကို လွတ်လပ်စွာဖော်ပြရန်အလို့ငှာ တစ်ဦး ထက်ပိုသူများက သတ်မှတ်သည့်စည်းကမ်းများနှင့်အညီ လက်နက်မပါဘဲငြိမ်းချမ်းစွာစနစ်တကျ လှည့်လည်ခြင်းကိုဆိုသည်ဟုလည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(င)ပါမူလပြဋ္ဌာန်းချက်ကို ပိုစတာဆို သည်မှာ လူတစ်ဦးတစ်ယောက်၏ အသရေကို နစ်နာမှုမဖြစ်စေသော မိမိဆန္ဒသဘောထားနှင့် လိုလားချက်တို့ကို လွတ်လပ်စွာ စာပေရေးသား၍ဖြစ်စေ၊ ဆိုင်းဘုတ်၊ ရုပ်ပုံ၊ ဓါတ်ပုံ၊ ပန်းချီ၊ ကာတွန်း သို့မဟုတ် ရုပ်ထုဖြင့်ဖြစ်စေ၊ ရုပ်မြင်သံကြားထုတ်လွှင့်သည့် နည်းလမ်းဖြင့်ဖြစ်စေ၊ အခြား တစ်နည်းနည်းဖြင့်ဖြစ်စေ၊ လွတ်လပ်စွာဖော်ပြပြီး လက်တွေ့ကိုင်ဆောင်နိုင်ရန် မြေပြင်တွင် စိုက်ထူနိုင်ရန် အရာဝတ္ထုတစ်ခုခုတွင် ကပ်ထားနိုင်ရန် သို့မဟုတ် တနည်းနည်းဖြင့်ဖော်ပြနိုင်ရန် စီမံပြုလုပ်ထား သည့်အရာကို ဆိုသည်ဟုလည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(စ)ပါ မူလပြဋ္ဌာန်းချက်ကို ဆိုင်းဘုတ် ဆိုသည်မှာ ပါတီ သို့မဟုတ် အသင်း သို့မဟုတ် အဖွဲ့အစည်း တစ်ခုခု၏အမည်၊ အထိမ်းအမှတ် တံဆိပ်တို့ကို ရေးသားဖော်ပြချက်များအပါအဝင် လူတစ်ဦးတစ်ယောက်၏အသရေကို နစ်နာမှုမဖြစ် စေသော မိမိသဘောထားနှင့် လိုလားချက်တို့ကို လွတ်လပ်စွာစာဖြင့် ရေးသား၍ လက်တွေ့ ကိုင်ဆောင်နိုင်ရန် မြေတွင်စိုက်ထူနိုင်ရန် တစ်နေရာ၌ချိတ်ဆွဲနိုင်ရန် သို့မဟုတ် တနည်းနည်းဖြင့် လွတ်လပ်စွာဖော်ပြနိုင်ရန် စီမံပြုလုပ်ထားသောအရာကို ဆိုလိုသည်ဟုလည်းကောင်း၊

အခန်း ၂၊ ရည်ရွယ်ချက်အပိုဒ် ၃၊ အပိုဒ်ခွဲ(ခ)ပါ မူလပြဋ္ဌာန်းချက်ကို ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏မူလအခွင့်အရေးဖြစ်သည့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ကို လွတ်လပ်စွာစနစ်တကျသုံးစွဲ ဆောင်ရွက်ခွင့်ရရှိစေရန်နှင့် ယင်းတို့အားဥပဒေအရကာကွယ်ပေးရန်ဟုလည်းကောင်း၊ အပိုဒ် ၃၊ အပိုဒ်ခွဲ(ဂ)ပါမူလ ပြဋ္ဌာန်းချက်ကို ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို လွတ်လပ်စွာသုံးစွဲဆောင်ရွက်သူများကြောင့် အများပြည်သူအား အနှောင့်အယှက် ဖြစ်စေခြင်း၊ ဘေးအန္တရာယ်ဖြစ်စေခြင်း၊ ထိခိုက်နစ်နာစေခြင်းနှင့် အဟန့်အတားဖြစ်စေခြင်းတို့မှ ကာကွယ်ရန်ဟုလည်းကောင်း၊ အပိုဒ် ၃ ခွင့်ပြုမိန့်လျှောက်ထားခြင်း၊ အပိုဒ် ၄ မူလပြဋ္ဌာန်းချက်ကို မိမိသဘောထားဆန္ဒကို လွတ်လပ်စွာဖော်ပြရန်အလို့ငှာ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်လိုသော နိုင်ငံသားများသည် ခွင့်ပြုမိန့်ရရှိရန် အောက်ပါအချက်များ ပါဝင်သောလျှောက်လွှာကို သက်ဆိုင်ရာမြို့နယ်၊ ရဲတပ်ဖွဲ့မှူးထံ ယင်းသို့ဆောင်ရွက်သည့် နေ့ရက်မတိုင်မီ အနည်းဆုံး ၇ ရက် ကြိုတင်၍ တင်ပြရမည်ဟုလည်းကောင်း၊ ပြင်ဆင်ချက်အဆိုကို တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်သိန်း ပြင်ဆင်ချက်၊ ပြင်ဆင်ရန်တင်ပြချက်က ၂(က) တစ်ခုတည်း မဟုတ်ဘဲနဲ့ လွတ်လပ်စွာဆိုတဲ့နေရာမှာ အခုတင်ပြချက်ကို ဆန်းစစ်တော့ ဒီဇယားထဲမှာ မပါဘဲနဲ့ မူလဥပဒေကြမ်းပေါ်မူတည်ပြီးတော့ အပိုဒ် ၂(ခ)၊ ၂(ဂ)၊ ၂( င)၊ ၂(စ)၊ ၃(ခ)၊ ၃(ဂ)၊ အဲဒီအပိုဒ်အားလုံးနဲ့ သက်ဆိုင်တဲ့နေရာတွေမှာ လွတ်လပ်စွာဆိုတာကို ထပ်ထည့်ဖို့ ၊ဖြည့်စွက်ဖို့ ဒီအဆို ဟာမှန်ပါသလား။

**ဦးအောင်သိန်း(ရှာငံမဲဆန္ဒနယ်)**။ ။ မှန်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့်သူအားဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ပြင်ဆင်ချက်အဆိုဟာ ဖွဲ့စည်းပုံအခြေခံဥပဒေက မူလပေးထားတဲ့အခွင့်အရေးကို ခွင့်ပြုသည့် အခွင့်အရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ (က) မှာဖော်ပြထားတဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အချက်ပေါ်မှာအခြေခံတဲ့အတွက် သဃ်န်းကျွန်းမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးသိန်းညွန့်မှ လေးလေးနက်နက် ထောက်ခံကြောင်း ပြည်သူ့လွှတ်တော် အား တင်ပြအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရှာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်းရဲ့အဆိုမှာ အပိုဒ်၂၊ အပိုဒ်ခွဲ (ခ)နှင့် (ဂ)၊ မူလပြဋ္ဌာန်းချက်ပါ မိမိသဘောထားဆန္ဒကို ဟူသောစကားရပ် အပိုဒ်၂၊ အပိုဒ်ခွဲ (င)မူလပြဋ္ဌာန်းချက်ပါလိုလားချက်တို့ကို နှင့် အခြားတစ်နည်းနည်းဖြင့်ဖြစ်စေဟူသောစကားရပ်၊ အပိုဒ် (၂)၊ အပိုဒ်ခွဲ(စ) မူလပြဋ္ဌာန်းချက်ပါလိုလားချက်တို့ကို နှင့် တစ်နည်းအားဖြင့်ဟူသောစကားရပ်၊ အပိုဒ် (၃)၊ အပိုဒ်ခွဲ(ခ) မူလပြဋ္ဌာန်းချက်ပါ စီတန်းလှည့်လည်ခြင်းတို့ကို နှင့် အပိုဒ်ခွဲ(ဂ)ပါ အခွင့်အရေးတို့ကို ဟူသောစကားရပ်၊ အပိုဒ်(၄)၊ မူလပြဋ္ဌာန်းချက်ပါ မိမိသဘောထားဆန္ဒကို ဟူသောစကားရပ်နောက်တွင် လွတ်လပ်စွာဟူသောစကားရပ်ဖြည့်စွက်ပြင်ဆင်ရန် ဖြစ်သည်။ ဒီတင်ပြချက်နှင့်စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို (ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဖြစ်ပါတယ်။ ကျွန်တော်တို့အခုတင်ပြထားတဲ့ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်မှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ အခုပထမဦးစွာ ရှာငံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းရဲ့ ပြင်ဆင်ရန်တင်ပြချက်နဲ့ပတ်သက်ပြီးတော့ ဖြေရှင်းရှင်းလင်းပြမှာဖြစ်ပါတယ်။ လွတ်လပ်စွာဟူသောစကားလုံးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၅၄)မှာဖော်ပြထားတဲ့ နေရာမှာတော့ ယှဉ်တွဲပြီးတော့ဖော်ပြထားတဲ့စာသား ပါပါတယ်။ ဒါကတော့ ပြဋ္ဌာန်းထားတဲ့ဥပဒေများနဲ့ မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာသုံးစွဲခွင့် ရှိသည်ဟု ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ အဲဒီတော့ဒီစကားရပ်ကို လွတ်လပ်စွာဆိုတဲ့ စကားရပ်ကိုသုံးတိုင်း၊ သုံးတိုင်းဟာ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေနဲ့ မဆန့်ကျင်ဖို့ လိုအပ်ကြောင်းကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့လည်း ကျွန်တော်တို့ ဒီဥပဒေကြမ်းရဲ့ နိဒါန်းအပိုင်းမှာကို ဒီအဓိပ္ပါယ်ကို ပြဋ္ဌာန်းဖော်ပြထားပြီးဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီဥပဒေကြမ်းထဲမှာပါတဲ့ လွတ်လပ်စွာဆိုတဲ့အသုံးအနှုန်းတိုင်းဟာ ပြဋ္ဌာန်းထားတဲ့ဥပဒေတွေနဲ့ မဆန့်ကျင်လျှင်ဆိုတာနဲ့ယှဉ်တွဲပြီးတော့ ဒါ အဓိပ္ပါယ်ဖော်ဆောင်မှသာ ပြည့်စုံတဲ့အနေအထား ဖြစ်ပါတယ်။ နောက်တစ်ခါ ဥပဒေရဲ့ သဘောအရလည်း တိုတိုနဲ့ထိရောက်တဲ့ စကားလုံးကို ကျစ်ကျစ်လစ်လစ်ရေးသားရတာဖြစ်တဲ့အတွက် လွတ်လပ်စွာဆိုတဲ့စာသားကို နေရာတိုင်းမှာ မထည့်ဘဲနဲ့နိဒါန်းမှာပဲ ခုနကတင်ပြသလို ပြဋ္ဌာန်းထားတဲ့ဥပဒေများနဲ့ မဆန့်ကျင်လျှင်

ဆိုတဲ့စကားရပ်နဲ့ ယှဥ်တွဲထားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တင်ပြထားတဲ့ မူလစာသားအတိုင်းသာ ထားရှိသင့်ပါကြောင်း တင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးက လွှတ်လပ်စွာဆိုတဲ့စကားလုံးကို နိဒါန်းမှာပါပြီးဖြစ်တဲ့အတွက် ဦးအောင်သိန်း တင်ပြတဲ့လွှတ်လပ်စွာဆိုတာကို ကျန်တဲ့အပိုဒ်တွေမှာ ထည့်စရာမလိုကြောင်း ဆွေးနွေးသွားပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဦးအောင်သိန်းရဲ့သဘောထား သိလိုပါတယ်။

**ဦးအောင်သိန်း(ရွာငံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထဲရေးဝန်ကြီးရှင်းလင်းတင်ပြချက်ကို ကျွန်တော့်အနေနဲ့ လက်ခံပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် သီးခြားဆန္ဒယူရန်မလိုတော့ပါဘူး။ ဒါ့ကြောင့် ဦးအောင်သိန်းရဲ့ ပြင်ဆင်ချက်အဆိုအတည်မဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၂၊ အပိုဒ်ခွဲ(ခ)(ဂ)(င)(စ)၊ အပိုဒ် ၃ ၊ အပိုဒ်ခွဲ(ခ)(ဂ)နှင့် အပိုဒ် ၄ တို့သည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဃ)(ဆ)(ဇ)၊ အပိုဒ် ၃ ၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၊ အပိုဒ်ခွဲ(က)(ခ)တို့သည် ပြင်ဆင်ချက်မရှိသဖြင့် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး အပိုဒ် ၄၊ အပိုဒ်ခွဲ(ဂ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းရန် ဦးခင်မောင်ရည်၊ အလုံမဲဆန္ဒနယ်ကို ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဖိတ်ကြားထားသူပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ အလုံမဲဆန္ဒနယ်မြေမှ ဦးခိုင်မောင်ရည်(ခ)ဦးခင်မောင်ရည် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ငြိမ်းချမ်းစွာစုဝေးခွင့်နဲ့ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကြမ်းကို ပြင်ဆင်ရန် အဆိုပြုချက်တင်သွင်းလိုပါတယ်။ အပိုဒ်၄(ဂ) ငြိမ်းချမ်းစွာစုဝေးခွင့်နဲ့ ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခွင့်တို့အတွက် လျှောက်ထားသူ၊ ဦးဆောင်မည့်ပုဂ္ဂိုလ်နှင့် ဟောပြောမည့်ပုဂ္ဂိုလ်တို့၏ ကိုယ်ရေးအချက်အလက်ဆိုရာတွင် ကျွန်တော်မှ ကိုယ်ရေးအချက်အလက်နေရာတွင် အမည်နှင့်နေရပ်လိပ်စာဟု ပြောင်းလဲပြင်ဆင်လိုပါသည်။ ပြင်ဆင်လိုတဲ့အကြောင်းအရာ အကျဉ်းချုပ်အနေနဲ့ ဒီကိုယ်ရေး

အချက်အလက်ဆိုရာမှာ အကျဉ်းသော်လည်းကောင်း၊ အကျယ်သော်လည်းကောင်း ဖော်ပြထားခြင်း မရှိပါဘူး။ မလိုလားအပ်တဲ့အချက်အလက်ပေါင်းများစွာ ဖြည့်ခိုင်းခြင်းကြောင့် အချက်အလက်များ ပြည့်စုံစွာ ဖော်ပြနိုင်ခြင်းမရှိခြင်း၊ အချက်အလက်မပြည့်စုံမှုအပေါ် အကြောင်းပြ၍ငြင်းပယ်ခြင်း သို့မဟုတ် ခွင့်ပြုမိန့်ကြန့်ကြာခြင်းမရှိစေရန်နှင့် ဒီဥပဒေကြမ်းပါအခန်း(၄) ခွင့်ပြုမိန့်ထုတ်ပေးခြင်းနဲ့ ငြင်းပယ်ခြင်းအပိုဒ် ၈(ဃ)ပါ ပြဋ္ဌာန်းချက်တွင် ဟောပြောခွင့်ရရှိသည့် ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များ၏ အမည်နှင့် နေရပ်လိပ်စာဟု ဖော်ပြထားသဖြင့် ဤဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီစေရန် အတွက်ကြောင့်လည်းကောင်း တင်သွင်းလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့်သူအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ထွန်းသာ(မြောက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည် ပြင်ဆင်ရန်အဆိုပြုတင်ပြချက်ကို ရခိုင်ပြည်နယ်၊ မြောက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးအောင်ထွန်းသာမှ ထောက်ခံ ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်ရဲ့အဆိုမှာ အပိုဒ် ၄၊ အပိုဒ်ခွဲ(ဂ) မူလ ပြဋ္ဌာန်းချက်ပါ ကိုယ်ရေးအချက်အလက်ဟူသော စကားရပ်အစား အမည်နှင့်နေရပ်လိပ်စာဟူသော စကားရပ်ဖြင့် အစားထိုးပြင်ဆင်ရန်ဖြစ်သည်။ ဒီတင်ပြချက်နဲ့စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ အပိုဒ် ၄ ဟာ လျှောက်ထားခြင်းဖြစ်ပါတယ်။ ဒီခွင့်ပြုမိန့်လျှောက်ထားခြင်းအတွက်ဖြစ်ပါတယ်။ ဒီခွင့်ပြုမိန့်လျှောက်ထားသူရဲ့ကိုယ်ရေးအချက်အလက်တွေကို ပြည့်ပြည့်စုံစုံပေးဖို့ လိုအပ်ပါတယ်။ အမည်နဲ့နေရပ်လိပ်စာဆိုတဲ့နေရာမှာ ကိုယ်ရေးအချက်အလက်မှာပါတဲ့ အစိတ်အပိုင်းတစ်ခုပဲ ဖြစ်ပါတယ်။ ကျွန်တော့်တို့ ခွင့်ပြုချက်ပေးတဲ့နေရာမှာ အဆင့်ဆင့် စဉ်းစားပြီးတော့ ဆုံးဖြတ်ရတာတွေ ပါပါတယ်။ ဥပမာအရေးပါတဲ့ နိုင်ငံသားဟုတ်၊မဟုတ် မှတ်ပုံတင်နဲ့ကြည့်ပြီးတော့ စစ်ရမှာ ဖြစ်ပါတယ်။ ထို့အတူပဲ အသက်အရွယ်ဖြစ်ပါတယ်။ အသက်အရွယ်ဟာလည်း သိပ်ပြီးတော့ငယ်လွန်းသောသူ ဖြစ်နေတာမျိုးတွေဖြစ်နေပါတယ်။ နောက်တစ်ခုက အလုပ်အကိုင်ဖြစ်ပါတယ်။ ဒီလိုအရေးကြီးတဲ့

အချက်တွေကို ပိုမိုပြီးတော့ပြည့်ပြည့်စုံစုံပါမှသာ ဒါခွင့်ပြုမိန့်ပေးတဲ့အခါမှာ ပိုထိရောက်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအချက်တွေ ခြုံငုံပြီးတော့ပါတဲ့ ကိုယ်ရေးအချက်အလက်ဆိုတဲ့ ဝေါဟာရကို သုံးနှုန်းထားခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မူလစာသားအတိုင်းပဲ ထားသင့်ပါကြောင်း တင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဦးခင်မောင်ရည်ရဲ့သဘောထား သိလိုပါတယ်။

**ဦးခင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ပြည်ထဲရေးဝန်ကြီးရှင်းပြသွားတဲ့ အချက်အလက်တွေဟာ ဥပဒေကြမ်းထွက်ပြီးမှ နောက်ဆက်တွဲနည်းဥပဒေ၊ ဥပဒေတို့ထွက်လာမှ ဒီအချက်တွေထည့်လို့ ဖြစ်ပါတယ်။ တကယ်တမ်းတော့ အမည်နဲ့နေရပ်လိပ်စာဆိုတာ ရှင်းနေပါပြီ။ ဘယ်သူကစီတန်း လှည့်လည်ပွဲကို ဦးဆောင်မယ်ဆိုတာ သူတို့ဦးဆောင်မယ့်လူက ကိုယ့်အကြောင်းကိုယ် ကိုယ်တင်ပြ ရတာဖြစ်တဲ့အတွက် ဒီဟာပေါ်ပေါ်ထင်ထင် လုပ်ရတဲ့လုပ်ငန်းတစ်ခုမှာ ကွယ်ဝှက်စရာရှိမယ် မထင်ပါဘူး။ အဲဒီတော့ မလိုလားအပ်ဘဲနဲ့ ကိုယ်ရေးအချက်အလက်တွေ အများကြီးဖြည့်စွက်ရတဲ့ ပြည်ထဲရေးရဲ့ စာရင်းဇယားတွေဟာ အင်မတန်မှရှုပ်ထွေးပါတယ်။ အဲဒီရှုပ်ထွေးမှုတွေအပေါ် မူတည်ပြီးတော့ တစ်စုံတစ်ရာမှားယွင်းမှုရှိခဲ့ရင် ပြန်ပြီးတော့မှ ဒီဟာကို နောက်ထပ်ပြန်ပြီးတော့ ပြန်တင်ရမယ်ဆိုရင် ရတဲ့အချိန်တစ်ပတ်နှင့် မလောက်နိုင်တော့ပါဘူး။ အဲဒီအတွက် အမည်နဲ့နေရပ် လိပ်စာဆိုရင်ပြည့်စုံပြီး ကျန်တဲ့အချက်အလက်များသည် ဥပဒေ၊ နည်းဥပဒေများကျမှ ထပ်ထည့်ရင် ရနိုင်မယ်လို့ အဲဒီလိုပဲ ယုံကြည်ပါတယ်။ အဲဒီတော့ လွှတ်တော်၏အဆုံးအဖြတ်ကိုခံယူဖို့ ဥက္ကဋ္ဌကို တင်သွင်းပါတယ်။

**ဥက္ကဋ္ဌ** ။ ။ ဒါကြောင့် ဦးခင်မောင်ရည်ရဲ့ပြင်ဆင်ရန် အဆိုပြုတင်ပြချက်ကိုထောက်ခံမယ့် သူများ မတ်တတ်ရပ်ပေးပါ။ ထောက်ခံ ၂၆ ယောက်၊ ထိုင်နိုင်ပါပြီခင်ဗျာ။ ကြားနေမယ့်သူများ မတ်တတ်ရပ်ပေးကြပါ။ ကြားနေ ၉ ယောက်၊ နှစ်ခုပေါင်း ၃၅ ယောက်။ ဒီနေ့ မိမိလွှတ်တော် ကိုယ်စားလှယ် ၃၈၄ ယောက်။ အဆိုနဲ့ပတ်သက်လို့ မဲခွဲရလဒ်ကို ကြေညာပါမယ်။ ဦးခင်မောင်ရည်ရဲ့ အဆိုကို ထောက်ခံဆန္ဒမဲ ၂၆ မဲ၊ ကန့်ကွက်မဲ ၃၄၉ မဲ၊ ကြားနေမဲ ၉ မဲ ဖြစ်ပါတယ်။ ကန့်ကွက်တဲ့ အရေအတွက်များတဲ့အတွက် ဦးခင်မောင်ရည်ရဲ့ ပြင်ဆင်ချက်အဆို အတည်မဖြစ်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အပိုဒ် ၄၊ အပိုဒ်ခွဲ(ဂ)သည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၄၊ အပိုဒ်ခွဲ(ဃ)နဲ့ အပိုဒ် ၅ တို့သည် ပြင်ဆင်ချက်မရှိတဲ့အတွက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၃၊ အပိုဒ် ၅၊ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၅ မူလပြဋ္ဌာန်းချက်စာသား၏နောက်တွင် သို့ရာတွင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ့်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခြင်းမပြုရဟူသောစာသား ဖြည့်စွက်ပြင်ဆင်ရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။ ယခုပြင်ဆင်ချက်နဲ့ စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့သဘောထားကို သိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြပါပြင်ဆင်ချက်ဖြည့်စွက်ခြင်းဟာ ပိုမိုပြီးတော့ ပြည့်စုံကောင်းမွန်တာဖြစ်တဲ့အတွက် သီးခြားတင်ပြရန်မရှိပါဘူးခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၅ သည် ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၆ မှ အပိုဒ် ၈၊ အပိုဒ်ခွဲ(ဃ)အထိ ပြင်ဆင်ချက်မရှိတဲ့အတွက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၈၊ အပိုဒ်ခွဲ(င)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းရန် ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေသဆိုင်ရာလိုအပ်ချက်အရ သတ်မှတ်ထားသည့် စည်းကမ်းများနေရာမှာ တည်ဆဲဥပဒေအရ လိုက်နာဆောင်ရွက်ခြင်းဆိုတာကို ဘာ့ကြောင့်ထည့်သွင်းရတယ်ဆိုတာ ကျွန်တော် အကျိုးအကြောင်းဖော်ပြပါမယ်။ မနက်ကပဲ လွှတ်တော်ဥက္ကဋ္ဌကြီးက ဥပဒေနဲ့ပတ်သက်ပြီး ဖွင့်ဆိုခဲ့ပါတယ်။ ဥပဒေထဲမှာ ဥပဒေပါတယ်။ နည်းဥပဒေပါတယ်။ စည်းကမ်းဥပဒေပါတယ်။ စည်းမျဉ်းပါတယ်။ ကြေညာချက်၊ ကြေညာစာတမ်းပါတယ်။ အစိုးရကထုတ်ပြန်တဲ့ အမိန့်ပြန်တမ်းပါတယ်။ ညွှန်ကြားချက် ပါပါတယ်။ အဲဒီအထဲမှာ ဒေသဆိုင်ရာလိုအပ်ချက်အရ သတ်မှတ်သည့် စည်းကမ်းများဟာ ဥပဒေမှာမပါပါဘူး။ အဲဒီတော့ နိုင်ငံတစ်ဝန်းလုံးမှာ

ဒီဒေသအလိုက် ခြားနားတဲ့အချက်အလက်များကို ဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းရန် မသင့်တော်ပါဘူး။ အဲဒီတော့ တစ်ပြေးညီတည်းဖြစ်တဲ့ တည်ဆဲဥပဒေအရ လိုက်နာဆောင်ရွက်ခြင်းဆိုရင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ လူစုလူဝေးနဲ့ပတ်သက်တဲ့ ပြဋ္ဌာန်းချက်များနဲ့လည်း သက်ဆိုင်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ဒီဥပဒေက အခြေခံလွတ်လပ်ခွင့်ကို နိုင်ငံသားများထံမှာ ပြန်လည်အပ်နှင်းတဲ့ ဥပဒေကြမ်းဖြစ်တဲ့အတွက် ကျွန်တော်တို့ ကြိုဆိုရမယ့် ဥပဒေမှာ မေးခွန်းထုတ်စရာ အချက်အလက်များ မပါစေချင်ပါဘူး။ ယေဘုယျအသုံးအနှုန်းတွေလည်း မပါစေချင်ပါဘူး။ နောက်တစ်ခုက ဥပဒေရဲ့အဓိပ္ပါယ်ဖွင့်ဆိုမှုမှာ တစ်ကြောင်း တစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း မဖြစ်ဘဲနဲ့ တိတိကျကျ ပြဋ္ဌာန်းဖို့လိုပါတယ်။ နောက်တစ်ချက်ကလည်း အကန့်အသတ်တွေ များပြားလှခြင်းဟာ ပေးထားတဲ့အခွင့်အရေးကို ကျွန်တော်တို့ ဆောင်ရွက်တဲ့နေရာမှာ အခက်အခဲဖြစ်စေနိုင်ပါတယ်။ အရေးကြီးဆုံးကတော့ ကျွန်တော်တို့ ဥပဒေမှာ ဆိုရိုးစကား၊ ဆိုထုံးရှိပါတယ်။ ဒါကဘာလဲဆိုတော့ ဥပဒေသည် အများနားလည်အောင် ပြသရမည်ဖြစ်ပြီး လိုအပ်သည်ထက်မပိုရဆိုတာ ဥပဒေစကားလုံး၊ ဥပဒေရဲ့လမ်းညွှန်မှုဖြစ်ပါတယ်။ ဒါ့ကြောင့် ဒေသဆိုင်ရာလိုအပ်ချက်အရ သတ်မှတ်သည့်စည်းကမ်းများဆိုတဲ့ လိုသလိုအဓိပ္ပါယ်ဖွင့်နိုင်တဲ့ စကားရပ်အစား တိကျတဲ့တည်ဆဲဥပဒေအရ လိုက်နာဆောင်ရွက်ခြင်းအပိုဒ်ကို ဖြည့်စွက်သင့်ကြောင်း ကျွန်တော်လေးစားစွာ လွှတ်တော်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးလေးစားစား တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အဆိုကို ထောက်ခံမယ့်သူအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအနေနဲ့ တည်ဆဲဥပဒေအရ လိုက်နာဆောင်ရွက်ခြင်းဆိုတဲ့အချက်က ပိုပြီးသင့်တော်မယ်လို့ ထင်မြင်ယူဆမိတဲ့အတွက် ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွှန့်ရဲ့အဆိုကို ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ကျွန်မ ဒေါ်ခင်စောဝေမှ ထောက်ခံအပ်ပါတယ်ရှင့်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဦးသိန်းညွှန့်ရဲ့အဆိုမှာ အပိုဒ် ၈၊ အပိုဒ်ခွဲ(င) မူလပြဋ္ဌာန်းချက်ပါ ဒေသဆိုင်ရာလိုအပ်ချက်အရ သတ်မှတ်သောစည်းမျဉ်းများဟူသော စကားရပ်အစား တည်ဆဲဥပဒေအရ လိုက်နာဆောင်ရွက်ခြင်းဟူသောစကားရပ်ဖြင့် အစားထိုးပြင်ဆင်ရန်ဖြစ်သည်။ ယခုပြင်ဆင်ချက်နှင့် စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအချက်ဟာ ကျွန်တော်တို့ ခွင့်ပြုမိန့်မှာပါမယ့် အချက်ဖြစ်ပါတယ်။ ဆိုလိုတာကတော့ ဒေသန္တရသတ်မှတ်ချက်တွေ၊ စည်းကမ်းချက်တွေကို ဆိုလိုရင်း ဖြစ်ပါတယ်။ တည်ဆဲဥပဒေဆိုလို့ရှိရင်တော့ သိပ်ကျယ်ပြန့်သွားမယ့်အနေအထားဖြစ်ပါတယ်။ အဲဒီတော့ တစ်နေရာနဲ့တစ်နေရာဟာ ကာလ၊ ဒေသအခြေအနေအချိန်အခါ မတူညီနိုင်ပါဘူး။ ဒီဥပဒေကြမ်းမှာလည်း တည်ဆဲဥပဒေနဲ့ ပတ်သက်ပြီးတော့ ဒါဖော်ပြထားတဲ့ ပုဒ်မပါရှိပြီး ဖြစ်ပါတယ်။ ဒီဥပဒေဟာ တည်ဆဲဥပဒေတွေကို လိုက်နာရမည်ဆိုတဲ့အချက် ဖြစ်ပါတယ်။ ဒီဥပဒေရဲ့ ပုဒ်မ ၂၁ မှာ ဤခွင့်ပြုမိန့်အရ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုရာတွင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ပြည်သူတို့ရဲ့ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားတဲ့ဥပဒေကို ဆန့်ကျင်ကျူးလွန်လျှင်သော်လည်းကောင်း၊ သူတစ်ဦးဦးကို ထိခိုက်နစ်နာစေသောပြုလုပ်မှုများ ကျူးလွန်လျှင်သော်လည်းကောင်း ယင်းဖောက်ဖျက်ကျူးလွန်သူကို ယင်းတို့နှင့် သက်ဆိုင်တဲ့ တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်ရမည်ဆိုပြီးတော့လည်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဒေသတစ်ခုနဲ့ တစ်ခုဟာ အခြေအနေအချိန်အခါ မတူညီနိုင်တာဖြစ်တဲ့အတွက် ဒီစကားရပ်ကိုထည့်သွင်း ပြဋ္ဌာန်းထားရခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မူလစာသားအတိုင်းပဲ ထားရှိသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်ရဲ့ သဘောထား သိလိုပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသဆိုင်ရာ လိုအပ်ချက်များအရ သတ်မှတ်သည့်စည်းကမ်းချက်များဆိုတာ နောင် ဒေသဆိုင်ရာနယ်မြေတွေအပေါ်မှာ လိုသလို အဓိပ္ပာယ်ဖွင့်နိုင်တဲ့အတွက် မူအရ ကျွန်တော်လက်မခံနိုင်တဲ့အတွက် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ကျွန်တော်နာခံပါမယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့ပတ်သက်လို့ မဲခွဲဆုံးဖြတ်ပါမယ်။ ဒါ့ကြောင့် ဦးသိန်းညွန့်ရဲ့ အဆိုကို ထောက်ခံတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မတ်တတ်ရပ်ပေးကြပါ။ ထိုင်နိုင်ပါပြီခင်ဗျာ။ ထောက်ခံမဲ ၃၄ မဲ။ ကြားနေမဲ မတ်တတ်ရပ်ပေးပါ။ မရှိပါဘူး။ အဆိုနဲ့ပတ်သက်လို့မဲခွဲရလဒ် ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲ ၃၄ မဲ၊ ကန့်ကွက်မဲ ၃၅၀ မဲ၊ ကြားနေမဲ ၀ မဲဖြစ်ပါတယ်။ ကန့်ကွက်အရေအတွက်များတဲ့အတွက် ဦးသိန်းညွန့်ရဲ့ ပြင်ဆင်ချက်အဆို အတည်မဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၈၊ အပိုဒ်ခွဲ(င)သည် မူလပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၉၊ အပိုဒ်ခွဲ(က)သည် ပြင်ဆင်ချက်မရှိတဲ့ အတွက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၉၊ အပိုဒ်ခွဲ(ခ)အတွက် ပြင်ဆင်ချက်အဆို တင်သွင်းရန် ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မူလပြင်ဆင်ထားတဲ့ ပြင်ဆင်ချက်မှာ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးသည် ပုဒ်မခွဲ(က)အရ အယူခံခြင်းနှင့် စပ်လျဉ်း၍ ယင်းအယူခံလွှာကို လက်ခံရရှိသည့်နေ့မှ ၁၄ ရက်အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် အဆုံးအဖြတ်ပေးရမယ်လို့ ပြင်ဆင်ထားပါတယ်။ ကျွန်တော့် ပြင်ဆင်ချက်ကတော့ ပြည်နယ်၊ တိုင်း ဒေသကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရဲ့နေရာမှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၏ အတည်ပြုချက်ဖြင့် အဆုံးအဖြတ်ပေးရန် ကျွန်တော်ပြောင်းလဲတင်သွင်းပါတယ်။ ကျွန်တော့်ရဲ့ ကျိုးကြောင်းဖော်ပြချက်ကတော့ ကျွန်တော်တို့ ဒီမိုကရေစီစနစ်ကိုသွားနေတဲ့အချိန်မှာ တတ်နိုင်သမျှ ဌာနဆိုင်ရာကခန့်အပ်တဲ့ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ကို အာဏာလွှဲပေးမယ့်အစား ဒီသက်ဆိုင်ရာလူထုက သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ အရ ရွေးချယ်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်တဲ့ အစိုးရအဖွဲ့တာဝန်ခံက ဆုံးဖြတ်တာက ပိုပြီးတော့ ကျိုးကြောင်းညီညွတ်မယ်လို့ ကျွန်တော်ယူဆပါတယ်။ အားလုံးသိတဲ့အတိုင်း လုံခြုံရေးနဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနဆိုတာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင့်တော်တဲ့ တပ်မတော်သား ကို အမည်တောင်းခံလို့ အစိုးရအဖွဲ့ထဲမှာ ဝန်ကြီးတာဝန်ပေးထားတာဖြစ်ပါတယ်။ နောက်ဖွဲ့စည်းပုံ အခြေခံဥပဒေအရလည်း တိုင်းဒေသကြီး/ပြည်နယ်ဟာ ဝန်ကြီးချုပ်စနစ်ပါ။ ဝန်ကြီးချုပ် ဦးဆောင်တဲ့ အစိုးရအဖွဲ့မှာ လုံခြုံရေးနဲ့နယ်စပ်ရေးရာဝန်ကြီးဟာ ပါဝင်ပါတယ်။ ဒါ့ကြောင့် လုံခြုံရေးနဲ့ နယ်စပ်ရေးရာဝန်ကြီးကသာလျှင် အခုပြည်သူလူထုရဲ့ ဆန္ဒဖော်ထုတ်မှုကိစ္စမှာ အယူခံမှုများ တက်လာတဲ့အခါမှာ အစိုးရအဖွဲ့ထဲမှာနေပြီးတော့ လူထုဆန္ဒကို အကဲဖြတ်နေရတဲ့ပုဂ္ဂိုလ်၊ ခံယူနေရတဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် တတ်နိုင်သမျှ ဒီရွေးချယ်ခန့်အပ်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်များပါဝင်တဲ့ သို့မဟုတ် အခြေခံဥပဒေအရ တပ်မတော်သားကိုယ်စားလှယ်များသည်လည်း ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ်များဖြစ်တဲ့အတွက် အဲဒီတာဝန်ရှိတဲ့သူများက ဆုံးဖြတ်ခြင်းဟာ အုပ်ချုပ်ရေးမှူးရဲ့ ဆုံးဖြတ်ချက်နဲ့ ပိုပြီးတော့ သဘာဝကျပြီးတော့ လူထုရဲ့ဆန္ဒကို မှန်မှန်ကန်ကန် အကဲဖြတ်နိုင်မယ်လို့ ထင်မြင်ယူဆတဲ့အတွက် ဤပြင်ဆင်ချက်ကို ကျွန်တော်တင်သွင်းရခြင်းဖြစ်ကြောင်း ဥက္ကဋ္ဌကြီး အားတင်ပြပါရစေ။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့်သူရှိပါသလား။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီအပိုဒ်မှာ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသိန်းညွန့်ရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ အယူခံလွှာနဲ့ပတ်သက်တဲ့ကိစ္စပေါ့။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးထက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးရဲ့ အဆုံးအဖြတ်ကပိုပြီး သင့်လျော်မယ်လို့ ယူဆပါတယ်။ ဘာကြောင့်လည်းဆိုတော့ကာ လုံခြုံရေးနှင့်နယ်စပ်ရေးရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးထက်ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးကမြင့်နေတဲ့ သဘောတရားမျိုးဟာ မဖြစ်သင့်ဘူးလို့ ကျွန်တော်ထင်မြင်ပါတယ်။ ဒီအတွက်ကြောင့် ဦးသိန်းညွန့်ရဲ့ ပြင်ဆင်ချက်အဆိုကို ကျွန်တော်ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်ရဲ့ အဆိုမှာ အပိုဒ် ၉၊ အပိုဒ်ခွဲ(ခ) မူလပြဋ္ဌာန်းချက်စာကြောင်းရေ(၃)ပါ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ရေးမှူးဟူသော စကားရပ်အစား လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဟူသောစကားရပ်နှင့် အစားထိုးပြင်ဆင်ရန်ဖြစ်သည်။ ယခုပြင်ဆင်ချက်နှင့် စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ သဘောထားသိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၀ မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အကြီးအမှူးသည် ရာထူးအလျောက်သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အတွင်းရေးမှူးဖြစ်သည်။ ထို့အပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံးလည်းဖြစ်သည်ဟု ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊

အုပ်ချုပ်ရေးမှူးရဲ့ အတည်ပြုချက်ဖြင့် အဆုံးအဖြတ်ပေးခြင်းဟာ အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာ အစိုးရအဖွဲ့ရဲ့ အတွင်းရေးမှူးဖြစ်တဲ့အတွက် အတွင်းရေးမှူးရဲ့ အတည်ပြုချက်နဲ့ ဆုံးဖြတ်တာဟာ အစိုးရအဖွဲ့ရဲ့ အတည်ပြုချက်နဲ့ ဆုံးဖြတ်တာ အဓိပ္ပာယ်ချင်းတူပါတယ်။ ဒါ့ကြောင့်မို့လို့ ပိုမိုလေးနက်ခိုင်မာတာဖြစ်တဲ့အတွက် မူလစာသားအတိုင်းပဲထားရှိသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့် ရဲ့ သဘောထားသိလိုပါတယ်။

**ဦးသိန်းညွန့်(သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီပြဿနာဟာ မူပြဿနာဖြစ်တဲ့အတွက် လွှတ်တော်၏အဆုံးအဖြတ်ကို နာခံမည်ဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြပါရစေ။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် ဦးသိန်းညွန့်ရဲ့ အဆိုကို ထောက်ခံတဲ့သူများ မတ်တတ်ရပ်ပေးပါ။ ၃၄ ယောက်။ ထိုင်နိုင်ပါပြီခင်ဗျ။ ကြားနေမယ့်သူများမတ်တတ်ရပ်ပေးပါ။ ကြားနေ ၂ ယောက်၊ မဲခွဲရလဒ်ကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၃၄ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၁၄၈ မဲ၊ ကြားနေမဲ ၂ မဲ ဖြစ်ပါတယ်။ ကန့်ကွက်အရေအတွက်များတဲ့အတွက် ဦးသိန်းညွန့်ရဲ့ ပြင်ဆင်ချက်အဆို အတည်မဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၉၊ အပိုဒ်ခွဲ(ခ)သည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး အပိုဒ် ၉၊ အပိုဒ်ခွဲ(ခ)အတွက် ပြင်ဆင်ချက်အဆို တင်သွင်းရန် ဦးခင်မောင်ရည်၊ အလုံမဲဆန္ဒနယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျွန်တော်၏ ပြင်ဆင်ချက်အဆိုအား ဆက်လက် တင်သွင်းပါမယ်ခင်ဗျား။ အခန်း ၄၊ အပိုဒ် ၉၊ အပိုဒ်ခွဲ(ခ)မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးသည် ပုဒ်မခွဲ(က)အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ ယင်းအယူခံလွှာ လက်ခံရရှိသည့်နေ့မှ ၁၄ ရက်အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် ဆုံးဖြတ်ပေးရမည်ဟု မူလအဆိုမှာ ပါရှိပါတယ်။ ကျွန်တော် ပြင်ဆင်မယ့်အဆိုပြုချက်မှာ မူလအဆို၏ ၁၄ ရက်အတွင်းဆိုသည့်နေရာမှာ ၇ ရက်အတွင်းဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်လိုပါတယ်။ ၇ ရက်အတွင်းလို့ ပြင်ဆင်ရခြင်းမှာ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် မပြုလုပ်မီ ၇ ရက်ကြိုတင်၍ လျှောက်ထားရပါမယ်။ နောက်ထပ်

လျှောက်ထားပြီးတဲ့ အချိန် ၇ ရက်အတွင်းမှာ ဆန္ဒမပြမီ ၄၈ နာရီ မတိုင်မီမှာ ခွင့်ပြုမိန့်သို့မဟုတ် ငြင်းပယ်မိန့် ရရှိပါမယ်။ အဲဒါပြီးရင် နောက်ထပ် အယူခံဖို့အတွက်ကို ၁၄ ရက်သတ်မှတ်ထားတဲ့အတွက် အဲဒီ ၁၄ ရက် ပြင်ဆင်ရမယ့်အယူခံဟာလည်း တင်ရမယ့်အယူခံဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးမှာ ဖြစ်တဲ့အတွက် ဒီတိုင်းဒေသကြီးနဲ့ ပြည်နယ်ရဲတပ်ဖွဲ့မှူးမှာ ၁၄ ရက် ဆိုတာ အတော်ကြာပါတယ်။ အချို့ကိစ္စတွေမှာ အမြန်လုပ်ဆောင်ရမယ့်ကိစ္စမျိုးတွေ ရှိကောင်းရှိနိုင်ပါတယ်။ ၁၄ ရက်ဆိုတာက အယူခံလွှာလက်ခံရရှိတဲ့နေ့မှ ၁၄ ရက်ဆိုတာ အတော်ကြာတဲ့အတွက် ကျွန်တော့်အနေနဲ့ ၇ ရက်နဲ့ဆိုလျှင် ပိုမိုသင့်လျော်ပါတယ်လို့ ဒီအဆိုကို တင်သွင်းပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူအား ဖိတ်ခေါ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ ၇ ရက်အတွင်း ဆိုတဲ့ အချိန်ဟာ အခုလို IT ခေတ်မှာ ဒီကိစ္စကို အဆုံးအဖြတ်ပေးဖို့ အတွက် လုံလောက်တဲ့ အချိန်ဖြစ်တယ်လို့ ယူဆပါသောကြောင့် အလုံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်၏ အဆိုကို မြေပုံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းက ထောက်ခံပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခိုင်မောင်ရည်ရဲ့အဆိုမှာ မူလပြဋ္ဌာန်းချက်ပါ အပိုဒ် ၉၊ အပိုဒ်ခွဲ(ခ) စာကြောင်းရေ ၂ ပါ ၁၄ ရက်အတွင်းဟူသော စကားရပ်အစား ၇ ရက်အတွင်းဟူသော စကားရပ်ဖြင့် အစားထိုးပြင်ဆင်ရန်ဖြစ်သည်။ ယခုပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လျှောက်ထားသူရဲ့ အယူခံလွှာအပေါ်မှာ စိစစ်ဖို့အတွက် အချိန်လုံလုံလောက်လောက်ရစေလိုတဲ့ ရည်ရွယ်ချက်နဲ့ ၁၄ ရက်အတွင်းလို့ သတ်မှတ်ထားခြင်းဖြစ်ပါတယ်။ သူ့ရဲ့ ဒေသရဲ့ ခရီးအကွာအဝေးပေါ်မူတည်ပြီးတော့ ၁၄ ရက်အတွင်းမှာ ကျွန်တော်တို့ အတည်ပြုပေးဖို့ပဲဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးဝေးကွာတဲ့ ပြည်နယ်များအတွက်ပါ ထည့်သွင်းစဉ်းစားထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မူလစာသားအတိုင်းပဲ ထားရှိသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခိုင်မောင်ရည်ရဲ့ သဘောထားသိလိုပါတယ်။

**ဦးခင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ခံယူပါ့မယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးခိုင်မောင်ရည်ရဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်များ မတ်တတ်ရပ်ပေးကြပါ။ အဆိုနဲ့ပတ်သက်လို့ မဲခွဲရလဒ်ကို ကြေညာပါ့မယ်။ ထောက်ခံမဲ ၂၅ မဲ၊ ကန့်ကွက်မဲ ၃၅၃ မဲ၊ ကြားနေမဲ ၆ မဲ ဖြစ်ပါတယ်။ ကန့်ကွက်အရေအတွက်များတဲ့အတွက် ဦးခိုင်မောင်ရည်ရဲ့ ပြင်ဆင်ချက်အဆိုအတည်မဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၉၊ အပိုဒ်ခွဲ(ခ)သည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်းရဲ့ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ၃၀ မိနစ်ခန့်ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစည်းအဝေးကို နေ့လယ် ၂း၃၅ နာရီတွင် ပြန်လည်စတင်ပါ့မယ်ခင်ဗျား။ အားလုံးထွက်ခွာနိုင်ကြပါပြီ။

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး အပိုဒ် ၉၊ အပိုဒ်ခွဲ(ဂ)နှင့်(ဃ)အတွက် ပြင်ဆင်ချက်အဆိုတင်သွင်းရန် ဦးခိုင်မောင်ရည်၊ အလုံမဲဆန္ဒနယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်ကြီးများအားလုံး၊ ဖိတ်ကြားထားသောဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေ။ ဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော့်ရဲ့ပြင်ဆင်ချက်အဆိုအား ဆက်လက်တင်သွင်းပါမယ်။ မူလအဆိုတွင် အပိုဒ် ၉၊ အပိုဒ်ခွဲ(ခ)အောက်တွင် အသစ်ဖြည့်စွက်ခြင်းဖြစ်ပါတယ်။ အပိုဒ် ၉(ဂ)အထိ ပြင်ဆင်ရန်ပါ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ အဆုံးအဖြတ်ဖြင့်မပြီးပြတ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ထံ အယူခံနိုင်သည်အပိုဒ်နဲ့ အပိုဒ် ၉(ဂ)အဖြစ်ဖြည့်စွက်လိုက်တဲ့အတွက် မူလအဆိုပြုပြဋ္ဌာန်းချက်မှာ အပိုဒ် ၉(ဂ)သည် ကျွန်တော့်ရဲ့ အပိုဒ် ၉(ဃ)နှင့် ပြင်ဆင်ခြင်း ဖြစ်သွားပါတယ်။ အပိုဒ် ၉(ဃ)ကို ပုဒ်မခွဲ(ဂ)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က ချမှတ်သောအဆုံးအဖြတ်သည် အပြီးပြတ်ဖြစ်စေရမည်။ မူလပြဋ္ဌာန်းချက်မှာ ပုဒ်မခွဲ(ခ)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးက ချမှတ်သောအဆုံးအဖြတ်သည် အပြီးပြတ် ဖြစ်စေရမည်ဟု ပါရှိပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူရှိပါသလား။

**ဦးစိုင်းသိန်းအောင်(တာချီလိတ်မဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အလုံမဲဆန္ဒနယ်၊ ဦးခိုင်မောင်ရည် အသစ်ဖြည့်စွက်ခြင်းအဆိုကို တာချီလိတ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် စိုင်းသိန်းအောင်က ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ရည်ရဲ့အဆိုမှ အပိုဒ် ၉၊ အပိုဒ်ခွဲ(ဂ)အဖြစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး၏အဆုံးအဖြတ်ဖြင့် မပြီးပြတ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ထံ အယူခံဝင်နိုင်သည်ဟူသော အပိုဒ်ခွဲအသစ်တစ်ခု ဖြည့်စွက်ရန်နှင့် မူလပြဋ္ဌာန်းချက်အပိုဒ်(ဂ)အား ပုဒ်မခွဲ(ဂ)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်က ချမှတ်သောအဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်ဟူသောစာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ပြီး အပိုဒ်ခွဲ(ဃ)အဖြစ် သတ်မှတ်ရန်ဖြစ်သည်။ ယခုပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့သဘောထားသိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုရှင်တင်ပြထားတဲ့ အပိုဒ် ၉(ခ)မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲ့ အဆုံးအဖြတ်ဖြင့် မပြီးပြတ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ထံ အယူခံရမည်ဆိုတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့မူလပြဋ္ဌာန်းချက်မှာ ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲ့ အဆုံးအဖြတ်သည် အစိုးရအဖွဲ့ရဲ့ အတွင်းရေးမှူးရဲ့ အတွင်းရေးမှူးဖြစ်တဲ့ တိုင်း သို့မဟုတ် ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရဲ့အတည်ပြုချက်နဲ့မှ အဆုံးအဖြတ်ပေးရတာ ဖြစ်တဲ့အတွက်၊ အစိုးရတစ်ဖွဲ့လုံးရဲ့ အဆုံးအဖြတ်လည်းဖြစ်တဲ့အတွက် ဒါဝန်ကြီးချုပ်ထံထပ်မံတင်ပြရန်မလိုအပ်ပါဘူး။ ဒါကြောင့်မို့လို့ ဒီစာပိုဒ်မှာလည်း မူလစာသားအတိုင်းပဲ ထားရှိသင့်ပါတယ်။ ထို့အတူပဲ အပိုဒ် ၉(ဂ)မှာ ပြည်နယ်/တိုင်း သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ထံမှချမှတ်တဲ့ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်ဆိုတဲ့ကိစ္စမှာလည်း အထက်က ကျွန်တော်တင်ပြသွားသလိုပဲ အစိုးရအဖွဲ့ရဲ့ အတွင်းရေးမှူးရဲ့ အတည်ပြုချက်နဲ့သာ ဆောင်ရွက်ရတာဖြစ်တဲ့အတွက် အစိုးရတစ်ဖွဲ့လုံးရဲ့ အဆုံးအဖြတ်နဲ့ ယူတာပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီစာပိုဒ်မှာလည်း ဒါမူလစာသားအတိုင်းပဲ ထားရှိသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ရည်ရဲ့ သဘောထားသိချင်ပါတယ်။

**ဦးခင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲ့ အမြင့်ဆုံး အခွင့်အာဏာ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က ဖြစ်ခြင်းကြောင့်မို့ အယူခံခြင်းသည် တိုင်းဒေသကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲ့အဆုံးအဖြတ်ဖြင့် အပြီးသတ်ဖြစ်ခြင်းဟာ မသင့်လျော်ပါဘူး။ ဝန်ကြီးချုပ်၊ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆုံးဖြတ်ခြင်းသည်သာ ပို၍သင့်လျော်ပါတယ်လို့ထင်ပါတယ်။ ဒီအတွက် ကျွန်တော့် အနေနဲ့ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ခံယူပါ့မယ်။

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ရည်ရဲ့အဆိုကို ထောက်ခံမယ့်သူများ မတ်တပ်ရပ်ပေးပါ။ ထောက်ခံသူ ၁၄ ယောက်၊ ကြားနေသူ ၂ ယောက်။ ပေါင်း ၁၆ယောက်။ ရှိရင်းက ၃၈၄။ ၁၆ ယောက်နှုတ်၊ ၃၆၂ အဆိုနဲ့ပတ်သက်လို့ မဲခွဲမှုရလဒ်ကိုကြေညာပါမယ်။ ထောက်ခံမဲ ၁၄မဲ၊ ကြားနေ ၂မဲ၊ ကန့်ကွက်မဲ ၃၆၈ မဲ၊ ကန့်ကွက်အရေအတွက်များတဲ့အတွက် ဦးခိုင်မောင်ရည်ရဲ့ပြင်ဆင်ချက်အဆို အတည်မဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၉၊ အပိုဒ်ခွဲများသည် မူလပြဋ္ဌာန်းချက်များအတိုင်း ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၁၀၊ အပိုဒ်ခွဲ(က)အား ပယ်ဖျက်ပြီး ကျန်ရှိသောစာသားများအတိုင်း အပိုဒ် ၁၀ အဖြစ် ပြင်ဆင်သင့်ကြောင်း ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။ ဆက်လက်ပြီး အပိုဒ် ၁၀၊ အပိုဒ်ခွဲ(က)နှင့် (ခ)တို့နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် အဆိုတင်သွင်းရန် ဦးစိုင်းမောင်တင်၊ လဲချားမဲဆန္ဒနယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းမောင်တင်(လဲချားမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များအားလုံးခင်ဗျား။ ကျွန်တော်ကတော့ လဲချားမဲဆန္ဒနယ်က စိုင်းမောင်တင် ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော့်ရဲ့ပြင်ဆင်ချက်ကိုပြောရမယ်ဆိုလို့ရှိရင် အခန်း(၁)မှာပါရှိတဲ့ အမည်နဲ့ အဓိပ္ပါယ် ဖော်ပြချက်ဆိုတဲ့နေရာမှာ အခန်း(၁)ရဲ့အပိုဒ် ၂ ၊ အပိုဒ်ခွဲ(ခ)အဆိုပြုပြဋ္ဌာန်းချက်အရ ငြိမ်းချမ်းစွာ စုဝေးခြင်းဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ခွင့်ပြုသည့် အများပြည်သူဆိုင်ရာနေရာတွင် မိမိသဘောထားဆန္ဒကိုဖော်ပြရန်အလို့ငှာ တစ်ဦးထက်ပိုသူများက သတ်မှတ်စည်းကမ်းများနဲ့အညီ လက်နက်မပါဘဲငြိမ်းချမ်းစွာရောက်ရှိခြင်း၊ ဟောပြောခြင်းကို ဆိုလိုသည်ဟု ပါရှိပါတယ်။ အဲဒီမှာ

အများပြည်သူဆိုင်ရာနေရာတွင်ဆိုတာကို ပါရှိတဲ့အတွက်ကြောင့်မို့ အများပြည်သူဆိုင်ရာနေရာတွင်ဆိုတာကို ခွင့်ပြုထားတယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ အပိုဒ် ၁၀၊ အပိုဒ်ခွဲ(က)အရ အဆိုပြုပြဋ္ဌာန်းချက်များဟာလည်း အများပြည်သူဆိုင်ရာနေရာများဖြစ်ပါတယ်လို့ ကျွန်တော်ယူဆပါတယ်။ ပြန်လည်သုံးသပ်လို့ရှိရင် အပိုဒ် ၂၊ အပိုဒ်ခွဲ(ခ)က ခွင့်ပြုထားပြီးတော့ အပိုဒ် ၁၀၊ အပိုဒ်ခွဲ(က) ကိုတော့ ခွင့်မပြုထားတာကို တွေ့ရပါတယ်။ ဒါ့ကြောင့် ဤဥပဒေကို (၁)ရှေ့နောက်လိုက်လျောညီထွေမှု၊ ဆီလျော်မှုရှိစေရန် (၂)ဒီမိုကရေစီစံနှုန်းများနဲ့ ပိုမိုပီပြင်စေရန် (၃)နေရာကန့်သတ်ချက်များလွန်းပါက ပေးကားပေး၏မရဟု မယူဆမိစေရန် ဤ အပိုဒ် ၁၀၊ အပိုဒ်ခွဲ(က)ကို ထည့်သွင်းပြဋ္ဌာန်းရန် မလိုအပ်တော့ကြောင်း လွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီအပိုဒ်နဲ့ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီကကော ဘာများဆိုထားတာရှိသလဲ။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ တင်ပြရရင် ပုဒ်မ ၁၀၊ (က)ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၅၄(ခ)ပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို တားမြစ်ကန့်သတ်သည့်သဘော သက်ရောက်သည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်နှင့်ညီညွတ်မှုမရှိသဖြင့် ပယ်ဖျက်သင့်ကြောင်း တင်ပြရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုမှာ အဆိုမှာဆိုတဲ့နေရာမှာ ဦးစိုင်းမောင်တင် ဥပဒေကြမ်းကော်မတီရဲ့ အဆိုမှာ မူလပြဋ္ဌာန်းချက်အပိုဒ် ၁၀ ၊ အပိုဒ်ခွဲ(က)ပါ (က)နှင့်(ခ)ပါစာသားများအစား အပိုဒ် ၁၀ ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနဲ့စပ်လျဉ်း၍ ခွင့်ပြုမိန့်တွင်သတ်မှတ်ထားသည့်နေရာတွင်သာ ငြိမ်းချမ်းစွာစုဝေးခြင်းပြုရမည်ဟူသော စာပိုဒ်တစ်ပိုဒ်တည်းဖြင့် ပြင်ဆင်ရမည်ဖြစ်သည်။ ယခုပြင်ဆင်ချက်နဲ့ စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့သဘောထားသိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၁၀ ၊ ပုဒ်မခွဲ(က)ကို ပယ်ဖျက်ပြီးတော့ ပုဒ်မခွဲ(ခ)ကို ပုဒ်မ ၁၀ အဖြစ်ပြောင်းလဲပြီးတော့ ငြိမ်းချမ်းစွာစုဝေးခြင်းနဲ့စပ်လျဉ်း၍ ခွင့်ပြုမိန့်တွင် သတ်မှတ်ပေးထားသည့် နေရာတွင် ငြိမ်းချမ်းစွာစုဝေးခြင်းပြုရမည်ဆိုတဲ့ စကားရပ်က မူလအဓိပ္ပါယ်မပျက်ဘဲ ခြုံငုံမှုပိုပြီးတော့ရှိတဲ့အတွက် သီးခြားဖော်ပြရန်မရှိကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၀ သည် ပြင်ဆင်ထားသည့်အတိုင်း ဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၁၁ သည် ပြင်ဆင်ချက်မရှိတဲ့အတွက် ဤ ဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခု အပိုဒ် ၁၂၊ အပိုဒ်ခွဲ(က)အတွက် ပြင်ဆင်ချက်အဆို တင်သွင်းမယ့် ဦးခိုင်မောင်ရည်အား ဖိတ်ခေါ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်ရဲ့ပြင်ဆင်ချက်အဆိုကို ဆက်လက်တင်သွင်းပါမယ်ခင်ဗျား။ အပိုဒ် ၁၂၊ အပိုဒ်ခွဲ(က)တွင် မူလအဆိုပြုပြဋ္ဌာန်းချက်မှာ အများပြည်သူကို အနှောင့်အယှက်အဟန့်အတားဖြစ်စေခြင်း၊ စိတ်ငြိုငြင်စေခြင်း၊ အန္တရာယ်ဖြစ်စေခြင်း သို့မဟုတ် ထိခိုက်နစ်နာစေခြင်းသော်လည်းကောင်း၊ ယင်းသို့ဖြစ်တန်ရာသည်ဟု စိုးရိမ်ထိတ်လန့်စေခြင်းသော်လည်းကောင်း ဖြစ်နိုင်သည့် အပြောအဆို သို့မဟုတ် အပြုအမူကိုမပြုလုပ်ရဟု ဖော်ပြပါရှိပါတယ်။ ထိုနေရာမှာ ယင်းသို့ဖြစ်တန်ရာသည်ဟု ဆိုသောစကားရပ်ဟာ ကျွန်တော့်အနေနဲ့ မတိကျတဲ့အခြေအနေကို မှန်းဆသတ်မှတ်ခြင်းဖြစ်နေတဲ့အတွက် ဒီစကားလုံးဖြစ်တဲ့ ယင်းသို့ဖြစ်တန်ရာသည်ဟူသောစကားလုံးကို ပြင်ဆင်ချက်အဆိုတွင် ပယ်ဖျက်ခြင်းပြုလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခိုင်မောင်ရည် ပြန်ပြီးတော့ အဆိုပြန်တင်သွင်းပါ။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ပါဥက္ကဋ္ဌကြီးခင်ဗျား။ အပိုဒ် ၁၂၊ အပိုဒ်ခွဲ(က) မူလအဆိုပြု ပြဋ္ဌာန်းချက်တွင်ပါသော အများပြည်သူကို အနှောင့်အယှက်အဟန့်အတားဖြစ်စေခြင်း၊ စိတ်ငြိုငြင်စေခြင်း၊ အန္တရာယ်ဖြစ်စေခြင်း သို့မဟုတ် ထိခိုက်နစ်နာစေခြင်းသော်လည်းကောင်း၊ ယင်းသို့ဖြစ်တန်ရာသည်ဟု စိုးရိမ်ထိတ်လန့်စေခြင်းသော်လည်းကောင်း ဖြစ်နိုင်သည့် အပြောအဆို သို့မဟုတ် အပြုအမူကို မပြုလုပ်ရဟုပါရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရပါပြီ။ အဆိုကိုထောက်ခံမယ့်သူအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းအွမ်ဆိုင်မိုင်း(ကျေးသီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်က ဦးခိုင်မောင်ရည်ရဲ့ပြင်ဆင်ချက်အဆိုကို ကျေးသီးမဲဆန္ဒနယ်က ကျွန်တော် စိုင်းအွမ်ဆိုင်မိုင်းက ထောက်ခံပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခိုင်မောင်ရည်ရဲ့အဆိုမှာ မူလပြဋ္ဌာန်းချက် အပိုဒ် ၁၂ ၊ အပိုဒ်ခွဲ(က) စာကြောင်းရေ ၂ ပါ ယင်းသို့ဖြစ်တန်ရာသည်ဟု ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရန်ဖြစ်သည်။ ပြည်ထဲရေးဝန်ကြီးရဲ့သဘောထားသိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယင်းသို့ဖြစ်တန်ရာသည်ဟုစာသားဟာ စိုးရိမ်ထိတ်လန့်စေခြင်း သည်ဟူသောစာသားရဲ့ရှေ့မှာ ဖော်ပြထားတဲ့ စားသားတွေဖြစ်တဲ့ အများပြည်သူကို အနှောင့်အယှက် အဟန့်အတားဖြစ်စေခြင်း၊ စိတ်ငြိုငြင်စေခြင်း၊ အန္တရာယ်ဖြစ်စေခြင်း သို့မဟုတ် ထိခိုက်နစ်နာစေခြင်း များဖြစ်မည်ကို စိုးရိမ်ထိတ်လန့်ကြောင်း ဖော်ပြလိုခြင်းသာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီစာသားဟာ မပယ်ဖျက်သင့်ပါဘူး။ မူလစာသားအတိုင်းပဲ ထားရှိသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးခိုင်မောင်ရည်ရဲ့ သဘောထားသိလိုပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ပြည်ထဲရေးဝန်ကြီးက ဒီစာသားကို မဖြုတ်လိုဘူးလို့ ပြောသွားပါတယ်။ ဒီစာသားက ကျွန်တော့်အနေနဲ့မတိကျလို့ သို့မဟုတ် ဥပဒေမှာ ဝေဝေဝါးဝါး ဖြစ်စေတဲ့ စာသားဖြစ်လို့ ကျွန်တော့်အနေနဲ့ ဖြုတ်လိုတဲ့ဆန္ဒဖြစ်တာပါ။ သို့သော်ဒီစာသားသည် ဒီထိခိုက်မှုကိုမှမဖြစ်စေနိုင်ဘူးလို့ ယုံကြည်တဲ့အတွက် ကျွန်တော့်ရဲ့အဆိုကို ရုပ်သိမ်းပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၂၊ အပိုဒ်ခွဲ(က)သည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ကြောင်းအတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၁၂၊ အပိုဒ်ခွဲ(ခ)၊(ဂ)၊ (ဃ) တို့သည် ပြင်ဆင်ချက်မရှိတဲ့အတွက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး အပိုဒ် ၁၂၊ အပိုဒ်ခွဲ(င)အတွက် ပြင်ဆင်ချက်အဆိုတင်သွင်းရန် ဦးထွန်းမြင့်ဦး၊ မိုင်းပန်မဲဆန္ဒနယ်အားဖိတ်ခေါ်ပါတယ်။

**ဦးထွန်းမြင့်ဦး(မိုင်းပန်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်တောင်ပိုင်း၊မိုင်းပန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်ဦးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုဥပဒေကြမ်း အပိုဒ် ၁၂၊ အပိုဒ်ခွဲ(င)ကို ကျွန်တော်ဆွေးနွေးအဆိုပြုတင်ပြမှာ ဖြစ်ပါတယ်။ မူလပြဋ္ဌာန်းချက်မှာဖော်ပြထားတာကတော့ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခြင်းတို့ပြုရာတွင် အလံ၊ ပိုစတာနှင့်ဆိုင်းဘုတ်များကို ကိုင်ဆောင်ခြင်း၊ ပြသခြင်းပြုလုပ်နိုင် ပြီး၊ ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခြင်းပြုရာတွင် ကြွေးကြော်ခြင်းနှင့် အော်ဟစ်ခြင်းများမပြုလုပ်ရ ဆိုတဲ့စကားရပ်မှာ ကြွေးကြော်ခြင်းနှင့်ဆိုတဲ့စကားရပ်ကို ပယ်ဖျက်ပေးဖို့အဆိုတင်သွင်းအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီစနစ်တစ်ခုမှာ လွတ်လပ်စွာဖော်ထုတ်ပြောဆိုခွင့်ဆိုတာ ဥပဒေနဲ့အညီ ခွင့်ပြုပေးကြရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ငြိမ်းချမ်းစွာစုဝေး၊ စီတန်း လှည့်လည်ရာမှာလည်း လိုအပ်လို့ ကြွေးကြော်လိုပါက ကြွေးကြော်ခွင့်ကိုခွင့်ပြုပေးကြရပါလိမ့်မယ်။ ဒါမှသာ မိမိတို့ဆန္ဒကို ထိထိရောက် ရောက် ဖော်ထုတ်ပြသခွင့်ရကြမှာလည်း ဖြစ်ပါတယ်။ ဒီနေရာမှာ ကြွေးကြော်ခြင်းစကားရပ်ဟာ အော်ဟစ်ခြင်းဆိုတဲ့စကားရပ်နဲ့မတူပါ။ အော်ဟစ်ခြင်းဆိုတာကတော့ ဆူပူမှုကိုဖြစ်ပေါ်လာစေတတ် တာမို့ ခွင့်မပြုသင့်သော်လည်း စည်းကမ်းချက်များနဲ့ညီညွတ်တဲ့ ကြွေးကြော်ရုံမျှသက်သက်နဲ့တော့ အများပြည်သူကိုအနှောင့်အယှက်၊ အပြန့်အတား စိတ်ငြိုငြင်စေခြင်း၊ အန္တရာယ်ဖြစ်စေခြင်းတို့ မဖြစ်ပေါ်လာနိုင်ဘူးလို့ယူဆပါတယ်။ ဥပမာအားဖြင့် တို့တာဝန်အရေးသုံးပါးဖြစ်တဲ့ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကြွေးကြော်ခြင်း၊ နောက်တစ်ခု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကျန်းမာပါစေလို့ ကြွေးကြော်ခြင်းများ လိုအပ်၍ ကြွေးကြော်မည်ဆိုပါက ခွင့်ပြုပေးသင့်ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ မှာလည်း စီတန်းလှည့်လည်ခွင့် အခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိပါသည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒီဥပဒေကြမ်းအခန်း(၇) မှာလည်း ခွင့်ပြုမိန့်လျှောက်ထားခြင်းဆိုင်ရာစည်းကမ်း များ အခန်း(၄)၊ အပိုဒ် ၈၊ အပိုဒ်ခွဲ(င)မှာ ဒေသဆိုင်ရာလိုအပ်ချက်အရ သတ်မှတ်ထားသောစည်းကမ်း များ၊ အခန်း(၅)မှာ စည်းကမ်းသတ်မှတ်ချက်များ စတဲ့စတဲ့စည်းကမ်းဘောင်များနဲ့ ဥပဒေများနဲ့လည်း ထိန်းညှိထားပြီးဖြစ်တဲ့အတွက် လိုအပ်လို့ကြွေးကြော်လိုပါက စည်းကမ်းချက်များနဲ့အညီ ကြွေးကြော် နိုင်စေဖို့ ကြွေးကြော်ခြင်းနှင့်ဆိုတဲ့စကားရပ်ကို ပယ်ဖျက်ပေးစေလိုပါကြောင်း ဖတ်ကြားဆွေးနွေးအဆို ပြုတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးထွန်းမြင့်ဦးလည်း ကျန်းမာပါစေ။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်ရဲ့အဆိုဆက်လက်တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်သောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်ပြင်ဆင်ချက်အဆိုဟာ ဒီခုနဦးထွန်းမြင့်ဦးနဲ့

ကြားထဲမှာရှိတဲ့အဆိုပေါ့။ တစ်နည်းအားဖြင့်ပြောရင် ဒီဂရီအရပြောရရင် ပျော့ညံ့တဲ့အဆိုပေါ့ ပြင်ဆင်ချက်ပေါ့။ သို့သော် ဒါကိုဘာ့ကြောင့်တင်ရသလဲဆိုရင် ကျွန်တော်တို့ အခြေခံဥပဒေနိဒါန်းမှာ လွတ်လပ်စွာဖွင့်ဟပြောဆိုနိုင်မှုကို ပေးထားပါတယ်။ အဲဒီတော့ ငြိမ်းချမ်းစွာစိတန်းလှည့်လည်တဲ့ အခါမှာ နှုတ်ပိတ်နေရမယ်။ အသံတိတ်နေရမယ်ဆိုရင် အခြေခံဥပဒေနိဒါန်းကပေးထားတဲ့ အခွင့်အရေးကို ပြန်လည်ရုပ်သိမ်းထားသလိုဖြစ်နေပါတယ်။ ဒုတိယအချက်ကလည်း အခြေခံဥပဒေပုဒ်မ ၃၅၄ (က)မှာ မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်ကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ပေးထားပါတယ်။ ဒီအချက်ကိုလည်းကျွန်တော် အလေးအနက်ဂရုပြုပြီးတော့ ကျွန်တော်တစ်ဆင့် ဒီဂရီလျှော့ပြီးတော့ ခွင့်ပြုထားသောကြွေးကြော်သံများဆိုတာ ကျွန်တော်ထပ်ပြင်ဆင်ထားပါတယ်။ ကနေ့ ကျွန်တော်တို့နိုင်ငံမှာ ကျွန်တော်တို့ အချုပ်အခြာအာဏာအတွက် ကျွန်တော်တို့ ကာကွယ်တဲ့အချိန်မှာ နိုင်ငံတော်သီချင်း ကျွန်တော်တို့စီတန်းလှည့်ပြီးဆိုရင် ဆိုခွင့်မရတဲ့ဘ၀တောင် ဒီဥပဒေကြမ်းကပိတ်ထားသလိုဖြစ်နေပါတယ်။ နောက်တစ်ခုက ကြွေးကြော်သံမပါတဲ့ အသံတိတ်စီတန်းလှည့်လည်မှုဆိုတာကတော့ ကျွန်တော့်အမြင်မှာ အင်မတန်အားနည်းပါတယ်။ အခုကျွန်တော်တို့ နှစ်ပေါင်း ၂၀ သံချပ်မပါတဲ့ သင်္ကြန်ကြီးကို ဖန်တီးခဲ့တဲ့အဖြစ်မျိုးကိုလည်း တကယ်အသဲနှလုံးပျောက်ကွယ်နေလိမ့်မယ်လို့ ကျွန်တော် ရိုးသားစွာယုံကြည်ပါတယ်။ ပြီးတော့အခုလိုနိုင်ငံတကာကနေ ကျွန်တော်တို့ရဲ့ဒီဥပဒေကြမ်းကကျွန်တော်တို့ရဲ့ ဒီမိုကရေစီရေးလူ့အခွင့်အရေး ဘယ်လောက်အားကောင်းတယ်ဆိုတာ နိုင်ငံတကာကို ကျွန်တော်တို့ပြရတဲ့ ဥပဒေကြမ်းပါ။ ဒီဥပဒေကြမ်းကို စဉ်းစားတဲ့အခါမှာ လုံခြုံရေးထောင့်နဲ့စဉ်းစားသလိုနိုင်ငံရေးအကျိုးအမြတ်နဲ့လည်း စဉ်းစားဖို့လိုပါတယ်။ ဥပဒေကြမ်းတစ်ရပ်က ဒီမိုကရေစီလူ့အခွင့်အရေးနဲ့ကိုက်ညီလာတယ်ဆိုရင် ဒီနေ့ကျွန်တော်တို့ကိုကြုံတွေ့နေရတဲ့ ပိတ်ဆို့မှုများပြန်လည်ရုပ်သိမ်းရေးမှာလည်း အထောက်အကူပြုနိုင်ပါတယ်။ ဒါ့ကြောင့် ကျွန်တော် ဒီနေရာမှာ ကျွန်တော်အလယ်ကနေပြီးတော့ ခွင့်ပြုထားတဲ့ကြွေးကြော်သံဆိုတာ အားလုံးအလုပ်လုပ်လို့ရအောင် ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော့်ပြင်ဆင်ချက်အဆို၊ ဦးထွန်းမြင့်ဦးရဲ့အဆိုနဲ့က အနှစ်သာရအတူတူပါပဲ။ ဒီဂရီသာကွာပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့နှစ်ဦးရဲ့ ပြင်ဆင်ချက်အဆိုကို စဉ်းစားတဲ့အခါမှာ နိုင်ငံရေးအကျိုးအမြတ်ကိုလည်းထည့်ပြီးတော့လည်းကောင်း၊ ရေရှည်ကျွန်တော်တို့နိုင်ငံရဲ့ဒီမိုကရေစီဥပဓိရုပ် ဘယ်လောက်ရှိတယ်ဆိုတာကို ပြသတဲ့အချက်များကိုလည်းကောင်း ထည့်သွင်းစဉ်းစားပေးပါလို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ကျွန်တော်လေးလေးနက်နက် ပန်ကြားအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်ရဲ့အဆိုမှာ အပိုဒ် ၁၂၊ အပိုဒ်ခွဲ(င)ပါကြွေးကြော်ခြင်းနှင့် အော်ဟစ်ခြင်းများမပြုလုပ်ရဟူသောစကားရပ်အစား သူပြောတဲ့စကားအတိုင်းဆို ဒီဂရီလျှော့ထားတာ။ ခွင့်ပြုထားသော ကြွေးကြော်သံများမှအပ ကြွေးကြော်ခြင်းနှင့် အော်ဟစ်ခြင်းမပြုရဟူသော စကားရပ်ဖြင့် အစားထိုးပြင်ဆင်ရန်ဖြစ်သည်။ ဒီတင်ပြချက်နှစ်ခုနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုဝန်ကြီးရဲ့သဘောထား သိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီပြင်ဆင်ရန် တင်ပြချက်နဲ့ ပတ်သက်ပြီးတော့ ခွင့်ပြုထားသောကြွေးကြော်သံများဆိုတဲ့ ဝေါဟာရကိုကြည့်လိုက်မယ် ဆိုလို့ရှိရင် ခွင့်ပြုထားသောဆိုတဲ့စကားရပ်ဟာ စည်းကမ်းရှိမှုကိုဖော်ညွှန်းထားပါတယ်။ ထို့အတူပဲ ကြွေးကြော်သံများဆိုတာကတော့ ဒီမိုကရေစီအသွင်ကိုဆောင်တာဖြစ်တဲ့အတွက် ဒီစကားရပ်ဟာ စည်းကမ်းရှိပြီးတော့ ဒီမိုကရေစီအသွင်ဆောင်တာဖြစ်တဲ့အတွက် ကန့်ကွက်ရန်မရှိကြောင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့် လက်ခုပ်သံတော်တော်ကျယ်တယ်ဗျ။ ကဲဒါကြောင့်မို့လို့ ခုနက ဦးထွန်းမြင့်ဦး၊ ကျန်းမာပါစေဆိုတဲ့ ဦးထွန်းမြင့်ဦးရော ဒါနဲ့ပတ်သက်လို့ဘာများပြောစရာရှိလဲ။

**ဦးထွန်းမြင့်ဦး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ ကျွန်တော့်အနေနဲ့လည်း ပြည်ထောင်စုဝန်ကြီးနဲ့ ဆရာ ဦးသိန်းညွန့်တို့ရဲ့သဘောထားကိုကျွန်တော် လက်ခံပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် အပိုဒ် ၁၂၊ အပိုဒ်ခွဲ(င) ဦးသိန်းညွန့်၏ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး အပိုဒ် ၁၂၊ အပိုဒ်ခွဲ(ဃ) အောက်တွင် အပိုဒ်သစ်တစ်ခုဖြည့်စွက်ရန်ပြင်ဆင်ချက်အဆိုတင်သွင်းမည့် ဦးဝင်းမြင့်၊ ပြည်မဲဆန္ဒနယ် အားဖိတ်ခေါ်ပါတယ်။

**ဦးဝင်းမြင့်( ပြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ တကွ ပြည်ထောင်စုဝန်ကြီးများနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာပါလို့နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်က ဦးဝင်းမြင့်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းအခန်း(၅) အပိုဒ် ၁၂ ဟာ လိုက်နာရမယ့် စည်းကမ်းချက်တွေဖြစ်ပြီး (က)မှ(ဇ)ထိစည်းကမ်းချက် ၈ ချက်ပါပါတယ်။ ကျွန်တော့်

အနေနဲ့ စည်းကမ်းချက်တစ်ခုကို အသစ်ဖြည့်စွက်လိုပါကြောင်း အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ အပိုဒ် ၁၂၊ အပိုဒ်ခွဲ(ဃ)အောက်မှာ အပိုဒ်ခွဲ(င)အဖြစ် မမှန်ကန်သောသတင်းများ(ကောလဟာလများ) ကို ဖြစ်စေ၊ မမှန်ကန်သော အချက်အလက်များကိုဖြစ်စေ ဟောပြောခြင်းမပြုလုပ်ရဆိုတဲ့အပိုဒ်ကို ထည့်သွင်းဖြည့်စွက်လို ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဥပဒေဟာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများရဲ့ မူလအခွင့်အရေးကို လွတ်လပ်စွာသုံးစွဲဆောင်ရွက်ခွင့်ရရှိဖို့ဖြစ်တဲ့အတွက် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အကျိုးရလဒ်တစ်ခုဖြစ်ပါတယ်။ ဒါပေမယ့် ငြိမ်းချမ်းစွာစုဝေးရောက်ရှိနေတဲ့ အများပြည်သူလူထုအကြားမှာ ဟောပြောတဲ့ပုဂ္ဂိုလ်က မမှန်ကန်တဲ့သတင်းတွေ၊ ကောလဟာလတွေ၊ မမှန်ကန်တဲ့အချက်အလက်တွေကို ထည့်သွင်းဟောကြားပြီး လူထုကိုသွေးထိုးမြှောက်ပင့်ဆူပူမှုဖြစ်လာအောင် ဟောပြောလုပ်လာနိုင်ပါတယ်။ ဟောပြောပြုလုပ်ခဲ့တာကိုလည်း တွေ့ကြုံခဲ့ဘူးပါတယ်။ အဲဒီလို ကောလဟာလသတင်း အချက်အလက်တွေကိုဟောပြောမှုကြောင့် နိုင်ငံတော်အပေါ်မှာလည်းကောင်း၊ ဌာနအဖွဲ့အစည်းများ အပေါ်မှာလည်းကောင်း၊ တပ်မတော်အပေါ်မှာလည်းကောင်း၊ရဲတပ်ဖွဲ့ဝင်များအပေါ်မှာလည်းကောင်း၊ လူပုဂ္ဂိုလ်တစ်ဦးဦးအပေါ်မှာလည်းကောင်း အကြည်ညိုပျက်စရာတွေ၊ အထင်မှားအမြင်မှားဖြစ်စေတာတွေ၊ မုန်းတီးရန်လိုမှုတွေ ဖြစ်ပေါ်လာစေနိုင်ပါတယ်။ ဖြစ်ပေါ်ခဲ့ဘူးတာတွေလည်း သမိုင်းမှာတွေ့ခဲ့ရပါတယ်။ အများပြည်သူကြားမှာ ဟောကြားတဲ့ပုဂ္ဂိုလ်ဟာ မိမိပြောတဲ့သတင်း၊ မိမိပြောတဲ့အချက်ဟာ မှန်ကန်မှုရှိကြောင်း တာဝန်ယူရန် အထူးလိုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကခွင့်ပြုထားတဲ့ လွတ်လပ်စွာပြောဆိုခွင့်ဆိုတဲ့ နိုင်ငံသားရဲ့ မူလအခွင့်အရေးကို ဒီမိုကရေစီကျင့်စဥ်အရ ရယူသုံးစွဲခွင့်နဲ့အတူ တာဝန်ယူမှုဟူသော စည်းကမ်းလိုက်နာဖို့လည်းလိုအပ်မှာဖြစ်ပါတယ်။ ဒါမှသာစည်းကမ်းပြည့်ဝသောဒီမိုကရေစီကျင့်စဥ်နဲ့အညီ ပြောဆိုနေထိုင်ရာရောက်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မမှန်ကန်သောသတင်းများ(ကောလဟလများ) ကိုဖြစ်စေ၊ မမှန်ကန်သောအချက်အလက်များကိုဖြစ်စေ ဟောပြောခြင်းမပြုလုပ်ရဟူသော စည်းကမ်းချက်အသစ်ကို ဖြည့်စွက်ထည့်သွင်းလိုပါကြောင်းအဆိုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်ကလည်း ပြည်သူ့လွှတ်တော်သို့တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့်သူအားဖိတ်ခေါ်ပါတယ်။

**ဦးမောင်မောင်(သာယာဝတီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး

ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းမြင့်တင်သွင်းသော မမှန်ကန်သောသတင်းများ၊ ကောလဟာလများကိုဖြစ်စေ၊ မမှန်ကန်သောအချက်အလက်များကိုဖြစ်စေ ဟောပြောခြင်းမပြုလုပ်ရဟူသောအဆိုသည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများကိုပေးထားသော အခွင့်အရေးများကို စည်းကမ်းတကျဆောင်ရွက်နိုင်ရန် တင်ပြထားသည့်အဆို ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ဦးမောင်မောင်မှ ထောက်ခံအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုမှာ မူလပြဋ္ဌာန်းချက် အပိုဒ် ၁၂၊ အပိုဒ်ခွဲ (ဃ)အောက်တွင် အပိုဒ်(င) အဖြစ်မမှန်ကန်သော သတင်းများ၊ ကောလဟာလများကိုဖြစ်စေ၊ မမှန်ကန်သောအချက်အလက်များကို ဖြစ်စေ ဟောပြောခြင်းမပြုလုပ်ရဟူသော စာပိုဒ်အသစ် ဖြည့်စွက်ရန်ဖြစ်သည်။ ဒီတင်ပြချက်နဲ့ စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။အဆိုရှင်မှပြင်ဆင်ရန်တင်ပြသွားချက်ဟာ ပိုမိုပြည့်စုံကောင်းမွန်တာဖြစ်တဲ့အတွက် သီးခြားတင်ပြရန်မရှိကြောင်းတင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၂၊ အပိုဒ်ခွဲ(င)သည် အသစ်ပြင်ဆင်ဖြည့်စွက်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၂၊ အပိုဒ်ခွဲ(င)အဖြစ် အထက်ပါအပိုဒ်ခွဲအသစ်ထပ်မံဖြည့်စွက်လိုက်တဲ့အတွက် မူလပြဋ္ဌာန်းချက်ပါ အပိုဒ်ခွဲ(င)၊(စ)၊(ဆ)၊(ဇ)သည် အပိုဒ်ခွဲ (စ)၊(ဆ)၊(ဇ)၊(ဈ)ဖြစ်သွားမှာဖြစ်ပါတယ်။ အပိုဒ် ၁၂၊ အပိုဒ်ခွဲ(စ)၊(ဆ)၊(ဇ) နဲ့ အပိုဒ် ၁၃၊ အပိုဒ် ၁၄ တို့သည်ပြင်ဆင်ချက်မရှိတဲ့အတွက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၁၅ အတွက်ပြင်ဆင်ချက်အဆိုတင်သွင်းရန် ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သင်္ဃန်းကျွန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်သောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ပြင်ဆင်ထားတဲ့အချက်ကတော့ သက်သေခံအထောက်အထားများအရ ခွင့်ပြုမိန့်ရုပ်သိမ်းရန်ဆိုတာ ကျွန်တော်တင်ပြထားပါတယ်။ ဘာကြောင့်လည်းဆိုတော့ အဂတိတရားလေးပါး၊ တစ်ပါးပါးနဲ့ယှဉ်ပြီးတော့ မြို့နယ်ရဲတပ်ဖွဲ့မှူးက သူလိုအပ်တယ်

လို့ထင်ပြီးတော့ ဆန္ဒပြမှု၊ ဆန္ဒဖော်ထုတ်မှု၊ ငြိမ်းချမ်းစွာစုဝေးမှုကို ရပ်တန့်လိုက်မယ်ဆိုရင် မဖြစ်သင့်၊ မဖြစ်ထိုက်တာဖြစ်လာမှာပါ။ ဆုံးဖြတ်ရမယ့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး ဆိုတာကလည်း ဒါ ခန့်အပ်ထားတဲ့အရာရှိတစ်ဦးဖြစ်တဲ့အတွက် ခုနကျွန်တော်ပြောခဲ့တဲ့ အပယ်ကျမယ့် ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟ၊ အဂတိတရားလေးပါးလုံးကို ထိန်းချုပ်နိုင်ဖို့ ခက်ခဲတဲ့ပုဂ္ဂိုလ်များဆိုရင် မဖြစ်သင့်မဖြစ်ထိုက်တဲ့အဆုံးအဖြတ်များထွက်ပေါ်လာပါမယ်။ ဒါ့ကြောင့် ဒီလိုဆုံးဖြတ်ထားမှု သက်သေသာဓကအရ၊ ရပြီးမှအခြေအနေကို ဆုံးဖြတ်နိုင်ဖို့လိုပါတယ်။ ဒါကလည်း ကျွန်တော် ဘာကြောင့် စိုးရိမ်ပြီးတော့ ပြောရလည်းဆိုရင် ကျွန်တော်တို့ဟာ ဘာပြောပြောခုမှဒီမိုကရေစီအသွင်ကူးပြောင်းရေး ကာလကို ဖြတ်သန်းရမှာပါ။ ဆယ်စုနှစ်နှစ်ပေါင်းများစွာ ကျွန်တော်တို့ဟာ အာဏာနဲ့ပတ်သက်ပြီး လွန် လွန်ကဲကဲသုံးစွဲတတ်တဲ့ အလေ့အကျင့်အောက်မှာ နေခဲ့ကြသူတွေဖြစ်ပါတယ်။ အဲဒါတွေကြောင့်လည်း ဒီလိုဆုံးဖြတ်တဲ့အခါမှာ သက်သေခံအထောက်အထား လိုအပ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ဥပဒေမှာ ဆိုထုံးစကားတစ်ခုရှိပါတယ်။ ဒါ သက်သေပြရန်တာဝန်သည် အတည်ပြုပြောဆိုသူ၏တာဝန် ဖြစ်ပြီး၊ ငြင်းဆန်သူ၏တာဝန်မဟုတ်ပေဆိုတာ ဥပဒေသမားတိုင်း လိုက်နာရမယ့်မူတစ်ခုဖြစ်ပါတယ်။ အဲဒါကြောင့် သက်သေအထောက်အထားကို ယူပြီးတော့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးက ရုပ်သိမ်းမယ်ဆိုရင်လည်း နှုတ်မိန့်နဲ့မရုပ်သိမ်းဘဲနဲ့ တရားဝင်စာဖြင့်ကြေညာစေချင်ပါတယ်။ ပြစ်မှုဆိုင် ရာ ကျင့်ထုံးဥပဒေများကို ပြန်ကြည့်ရင်လည်း ဒီလိုနှုတ်မိန့်နဲ့ လုပ်မယ့်အရာများကို ထိန်းကျောင်းထား တာတွေ ကျွန်တော်တို့တွေ့ရပါမယ်။ ဒါကြောင့်ကျွန်တော်က ဒီဥပဒေရဲ့ပေးထားချက်များကို နိုင်ငံသား များကသုံးစွဲတဲ့နေရာမှာ ပေးတဲ့အတိုင်းသုံးစွဲနိုင်အောင် တရားဥပဒေနဲ့အညီ ရသင့်ရထိုက်တဲ့အခွင့် အရေးတွေကိုရနိုင်အောင် အဲဒီမှာပုဂ္ဂိုလ်ရေးအာဏာလွန်ကဲမှုတွေကို ထိန်းကျောင်းနိုင်ရန်အတွက် သက်သေခံအထောက်အထားများအရ ခွင့်ပြုမိန့်ရုပ်သိမ်းရန်ဆိုတဲ့အချက်ရယ်၊ တရားဝင်စာဖြင့် ကြေညာရမည်ဆိုတဲ့အချက်ကို ကျွန်တော်ပြင်ဆင်ရခြင်းဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ပြည်သူ့လွှတ်တော်သို့လေးလေးစားစားတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့်သူအားဖိတ်ခေါ်ပါတယ်။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းနဲ့ ကြွရောက်လာသော ဧည့်သည် အပေါင်းတို့ ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လသာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကြည်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်း

မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးဦးသိန်းညွန့်ရဲ့ ပြင်ဆင်ရန်တင်ပြချက်ကို ထောက်ခံကြောင်းတင်ပြအပ် ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးသိန်းညွန့်က ဦးကြည်မြင့်ကို ဒဏ်တော့တတ်ဖို့လိုပြီ။ ဦးသိန်းညွန့် ရဲ့အဆိုမှာ မူလပြဋ္ဌာန်းချက် အပိုဒ် ၁၅၊ စာကြောင်းရေ ၁၊ နယ်မြေအေးချမ်းသာယာရေးတို့အတွက် ဟူသော စကားရပ်နောက်တွင် သက်သေခံအထောက်အထားများအရ ခွင့်ပြုမိန့်ရုပ်သိမ်းရန်ဟူသည့် စကားရပ် ကိုလည်းကောင်း၊ စာကြောင်းရေ ၅၊ ယင်းသို့ရုပ်သိမ်းကြောင်းကိုဟူသည့် စကားရပ်နောက်တွင် တရားဝင်စာဖြင့်ဟူသည့် စကားရပ်ကိုလည်းကောင်း၊ အသစ်ထပ်မံဖြည့်စွက်ရန်နှင့် စာကြောင်းရေ ၂ မှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟူသည့် စကားရပ်ကိုပယ်ဖျက်ရန်ဖြစ်သည်။ ဒီတင်ပြချက်နှင့် စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့သဘောထားသိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြင်ဆင်ရန်တင်ပြချက်မှာ နှစ်ပိုင်းတွေ့ပါတယ်။ ပထမတစ်ပိုင်းကတော့ သက်သေခံအထောက်အထားများအရ ခွင့်ပြုမိန့်ရုပ်သိမ်းရန်ဆိုတဲ့ အချက်ဖြစ်ပါတယ်။ ဒုတိယအပိုင်းကတော့ ယင်းသို့ရုပ်သိမ်းကြောင်းကို တရားဝင်စာဖြင့် ကြေညာရန်ဆိုတဲ့အချက်ဖြစ်တယ်လို့တွေ့ရှိရပါတယ်ခင်ဗျား။ ကျွန်တော် ပထမအချက်နဲ့ပတ်သက်ပြီး သက်သေခံအထောက်အထားများအရ ခွင့်ပြုမိန့်ရုပ်သိမ်းရန်ဆိုတဲ့အချက်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပြဿနာအများစုဟာ ဖြစ်ပြီးမှကိုင်တွယ်ဖြေရှင်းရတာခက်ခဲပါတယ်။ ထိခိုက်ဆုံးရှုံးမှုလည်းများနိုင်တာဖြစ်တဲ့အတွက် မဖြစ်မီကဘဲ ကြိုတင်ကာကွယ်ခြင်းကို ဆောင်ရွက်ရပါတယ်။ ဒီလို ကြိုတင်ကာကွယ်ခြင်းဖြင့် ကြီးမားလာနိုင်မယ့် ပြဿနာကိုသေးအောင်၊ သေးမွှားတဲ့ပြဿနာကို ပပျောက်သွားအောင်ဆောင်ရွက်နိုင်ပါတယ်။ ဒီလိုကြိုတင်ကာကွယ်ခြင်းနဲ့ပတ်သက်ပြီးတော့ မည်သည့်အချိန်မှာ မည်ကဲ့သို့ဆောင်ရွက်ရမည်ကိုတိုင်းတာရန်ရနိုင်တဲ့ ဒီအရေးကြီးတဲ့ကိစ္စရပ်တွေရှိသလို အချို့ကိစ္စရပ်တွေမှာ သက်သေအထောက်အထားမရှိသော်လည်း အခြေအနေအချိန်အခါနဲ့ ဒီဖြစ်စဉ်ရဲ့ကျောရိုးကိုကြည့်ပြီးတော့မှ သုံးသပ်ဆုံးဖြတ်ရတာတွေလည်းရှိပါတယ်။ ဒီလိုဆောင်ရွက်ဖို့အတွက်လည်း သက်သေခံအထောက်အထားတွေရပြီးတော့မှ ခွင့်ပြုမိန့်ရုပ်သိမ်းမယ်ဆိုလို့ရှိရင် ပြဿနာကိုကြိုတင်ကာကွယ်ရန်မဖြစ်နိုင်ပါဘူး။ အထောက်အထားရသည်အထိ စောင့်နေခြင်းဟာ ပြဿနာမှာမလိုလားအပ်ဘဲနဲ့ ကြီးထွားနိုင်ပါတယ်။ ဥပမာ- ကျွန်တော်တို့ သဘာဝဘေးအန္တရာယ် ဖြစ်တာမျိုးတို့၊ သောင်းကြမ်းသူတို့၊ အဖျက်သမားတို့ဟာ အကြမ်းဖက်တိုက်ခိုက်တာ၊ ဗုံးခွဲတိုက်ခိုက် မယ်ဆိုတဲ့သတင်းတွေရတာမျိုးတို့ ဥပမာ-မီးဘေး၊ မီးလောင်တဲ့ကိစ္စမျိုးတို့ ဒီလိုအထောက်အထားတွေရသည်အထိ ဖြစ်နေတဲ့အထိ

စောင့်ပြီးတော့မှ လုပ်မယ်လို့ဆိုလို့ရှိရင် အန္တရာယ်တွေကြီးထွားနိုင်တာဖြစ်တဲ့အတွက် သက်သေခံအထောက်အထားများအရ ခွင့်ပြုမိန့်ရုပ်သိမ်းရန်ဆိုတဲ့ ဝေါဟာရစာသားနဲ့ ပတ်သက်ပြီးတော့ ထည့်သွင်းရန်မလိုကြောင်းတင်ပြလိုပါတယ်။

ဒုတိယအချက်ဖြစ်တဲ့ တရားဝင်စာဖြင့် အကြောင်းကြားခြင်းဖြစ်ပါတယ်။ ဒီကိစ္စကတော့ ကျွန်တော်တို့ ရုပ်သိမ်းဖို့အကြောင်း ကြားတဲ့အခါမှာတော့ တရားဝင်စာဖြင့်လည်း အကြောင်းကြားရမှာဖြစ်ပါတယ်။ သို့သော်လည်း ဒီစကားရပ်ထည့်မယ်ဆို့လို့ရှိရင်တော့ ကန့်ကွက်ရန်မရှိကြောင်း တင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်အဆို တင်သွင်းတဲ့နေရာမှာ အခုပြည်ထောင်စုဝန်ကြီး ပြောတဲ့အတိုင်း အချက်နှစ်ချက် မှန်ပါသလား။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ မှန်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဲဒီမှာမှ ဒီထဲမှာရေးထားတာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဆိုတဲ့ စကားရပ် ပယ်ဖျက်ရန်ဆိုတာ ပါနေလို့။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ မပါဘူး။ ကျွန်တော့်ဟာက သက်သေခံအထောက်အထားများအရ ခွင့်ပြုမိန့်ရုပ်သိမ်းရန်ဆိုတဲ့ အချက်ရယ်၊ တရားဝင်စာဖြင့် ကြေညာရမည်ဆိုတာရယ် နှစ်ချက်ပါပဲ။

**ဥက္ကဋ္ဌ**။ ။ဒါကြောင့်မို့လို့ နှစ်ချက်ပါပဲနော်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ အဲဒီလိုပြောတဲ့နေရာမှာ ခုနက ပြည်ထောင်စုဝန်ကြီးကတရားဝင်စာဖြင့်ဆိုတဲ့ဟာကတော့ ဒါလက်ခံသင့်တဲ့ဟာ ဖြစ်ပါတယ်။ သက်သေခံအထောက်အထားများအရ ခွင့်ပြုမိန့်ရုပ်သိမ်းရန် ဆိုတာတော့မလိုဘူးလို့ပြောပါတယ်။ ဒါနဲ့ ပတ်သက်လို့ ဦးသိန်းညွန့်ရဲ့ဆန္ဒကိုပြောပေးပါ။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ပြည်ထောင်စု ပြည်ထဲရေးဝန်ကြီးက ကျွန်တော့်ရဲ့တင်ပြချက်အပေါ်မှာ တစ်ဝက်လိုက်လျောတဲ့အတွက် အပေးအယူကို လက်ခံတဲ့အနေနဲ့ အပေါ်ကသက်သေခံအထောက်အထားများအရ ခွင့်ပြုမိန့်ရုပ်သိမ်းရန်ဆိုတဲ့အချက်ကို ကျွန်တော်ပြန်လည်ရုပ်သိမ်းပြီးတော့ တရားဝင်စာဖြင့်ကြေညာပေးမယ်ဆိုတာကိုလိုက်လျောတဲ့အတွက် ကျေးဇူးတင်ကြောင်းပြောရင်းနဲ့ ကျွန်တော် အခုဒီအတိုင်းပဲသဘောထားပေးပါတယ်ဥက္ကဋ္ဌကြီး။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့် ဒီနေ့ဒီဂရီလျှော့တယ်။ ကြားနေတယ်။ တစ်ဝက်တစ်ပျက် လိုက်လျောတယ်။ ဒါ့ကြောင့် ကျွန်တော်လည်း စာရှည်ရှည်မဖတ်ရအောင် တရားဝင်စာဖြင့်ဆိုတဲ့ ပြင်ဆင်ချက်ကို အတည်ပြုပြီးတော့ ကျန်တဲ့သက်သေခံအထောက်အထားများအရ ခွင့်ပြုမိန့်ရုပ်သိမ်း ရန်ဆိုတဲ့ဟာ အတည်မပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၁၆ သည် ပြင်ဆင်ချက်မရှိတဲ့ အတွက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉ တို့အတွက် ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဦးဝင်းဆွေ၊ ညောင်ရွှေမဲဆန္ဒနယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေဖြစ်ပါ တယ်။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းပြင်ဆင်ချက်ကို တင်သွင်းခွင့်ပြုပါခင်ဗျား။ မူလဥပဒေကြမ်းပါ အပိုဒ် ၁၇ တွင် ငွေဒဏ်ဖြစ်စေအစား ကွက်လပ်ထက် မပိုသော ငွေဒဏ်ဖြစ်စေဟု ပြင်ဋ္ဌာန်းရန်ဖြစ်ပါတယ်။ ကွက်လပ်ဟုထည့်ထားရတဲ့ နေရာမှာ ငွေသားပမာဏအနေနဲ့မူ မိမိအနေဖြင့် ကျွမ်းကျင်မှုမရှိသဖြင့် ရှေ့နေချုပ်ရုံးမှ တိုင်ပင်ပြီး ထည့်သွင်း သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ ပြင်ဆင်ချက် အပိုဒ် ၁၇၊ မည်သူမဆိုခွင့်ပြုမိန့်နှင့်အညီ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုသူများအား နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ဟန့်တားခြင်း၊ စိတ်ငြိုငြင်ခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်း၊ အနိုင်အထက်ပြုခြင်း သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေခြင်းပြုကြောင်း ပြစ်မှုထင်ရှားရှိခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကွက်လပ်ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ဥပဒေကြမ်းပါ အပိုဒ် ၁၈ တွင် ဖော်ပြပါရှိသည့် ငွေဒဏ်ဖြစ်စေအစား ကွက်လပ် ထက်မပိုသော ငွေဒဏ်ဖြစ်စေဟု ပြင်ဆင်ပြဋ္ဌာန်းရန်ဖြစ်ပါတယ်။ ပြင်ဆင်ချက် အပိုဒ် ၁၈ မည်သူမဆို ခွင့်ပြုမိန့်မရရှိဘဲ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားရှိခြင်းခံရလျှင် ထိုသူကိုတစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကွက်လပ်ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။ မူလဥပဒေကြမ်းပါအပိုဒ် ၁၉ တွင် ဖော်ပြပါရှိသည့် ငွေဒဏ်ဖြစ်စေအစား ကွက်လပ် ထက်မပိုသော ငွေဒဏ်ဖြစ်စေဟုပြင်ဆင်ပြဋ္ဌာန်းရန်၊

ပြင်ဆင်ချက်အပိုဒ် ၁၉၊ မည်သည့်ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခြင်း ပြုသူမည်သူမဆို ပုဒ်မ ၈၊ ပုဒ်မခွဲ(င)အရ သတ်မှတ်သောစည်းကမ်းတစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ပုဒ်မ ၁၀ ၊၁၁ နှင့် ၁၂ တို့ပါစည်းကမ်းတစ်ရပ်ရပ်ကိုသော်လည်းကောင်းဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားရှိခြင်းခံရလျှင် ထိုသူကို ခြောက်လထက် မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကွက်လပ်ထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ယခုဆွေးနွေးလျက်ရှိသော ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်း အခန်း (၇) ပြစ်မှု၊ ပြစ်ဒဏ်များအခန်းတွင် အပိုဒ် ၁၇ ၌နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်၊ အပိုဒ် ၁၈ တွင်တစ်နှစ်ထက်မပိုသောထောင်ဒဏ်၊ အပိုဒ် ၁၉ တွင် ခြောက်လထက်မပိုသော ထောင်ဒဏ်ဟူ၍ဖော်ပြထားပြီး ငွေဒဏ်နှင့်ပတ်သက်၍မူ ငွေဒဏ် ဖြစ်စေဟူ၍ ဖော်ပြထားပါသည်။ သို့ဖြစ်၍ ဒုတိယပုံမှန်အစည်းဝေးမှ အတည်ပြုခဲ့ပြီးဖြစ်သည့် အခြားဥပဒေကြမ်းများနည်းတူ ငွေဒဏ်သတ်မှတ်သည့်နေရာတွင် ထက်မပိုသောငွေဒဏ်ဖြစ်စေဟူ၍ တိကျစွာသတ်မှတ်ပေးခြင်းအားဖြင့် ပိုမိုဆီလျော်မှုရှိလိမ့်မည်ဟု ယူဆပါသဖြင့် ပြင်ဆင်ချက်အဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူအား ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းမြင့်ဦး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ညောင်ရွှေ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေတင်သွင်းတဲ့ ပြင်ဆင်ရန် အဆိုကို မိုင်းပန်မဲဆန္ဒနယ်က ကျွန်တော်ဦးထွန်းမြင့်ဦးက ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးဝင်းဆွေရဲ့အဆိုမှာ မူလပြဋ္ဌာန်းချက်အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉ တို့ပါ ငွေဒဏ်ဖြစ်စေဟူသည့်စကားရပ်ရှေ့တွင် ထက်မပိုသောဟူသော စကားရပ်အသစ်ထပ်မံဖြည့်စွက် ရန်ဖြစ်သည်။ ဒီတင်ပြချက်နှင့် စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြသွားချက်ဟာ ဆီလျော်မှန်ကန်မှု ရှိပါတယ် ခင်ဗျား။ ကျွန်တော်တို့ မူလရည်ရွယ်ချက်ကတော့ ငွေကြေးရဲ့တန်ဖိုးဟာ တစ်ချိန်နဲ့တစ်ချိန်မတူဘဲနဲ့ မကြာခဏ ပြောင်းလဲတာဖြစ်တဲ့အတွက်ဆိုပြီးတော့ ငွေဒဏ်ပဲဖော်ပြထားခြင်းဖြစ်ပါတယ်။ သို့သော်လည်း ဥပဒေရဲ့သဘောအရ ငွေတန်ဖိုးပမာဏဟာ ဖော်ပြရမှာဖြစ်ပါတယ်။ ပုဒ်မ ၁၇၊ ၁၈၊ ၁၉

တို့ဟာ မတူတဲ့အတွက် ကျွန်တော်တို့ ၁၇ ကတော့ပိုပြီးတော့ ပြင်းထန်ပါတယ်။ ၁၈ ပြီးတော့မှ ဒီ ၁၉ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီငွေဒဏ်နဲ့ပတ်သက်လို့ အတည်ပြုဆုံးဖြတ်ပေးနိုင်မယ့် အဖွဲ့အစည်း ကနေပြီးတော့မှ သတ်မှတ်ပေးတဲ့တန်ဖိုးကို ကျွန်တော်ပြန်လည်ပြီးတော့ ထည့်သွင်းပေးလိုပါတယ် ခင်ဗျား။ ထည့်သွင်းပေးပြီးတော့မှ ဒီ ထက်မပိုသောဆိုတဲ့စကားရပ်ကို ကျွန်တော်သဘောတူပါတယ်။ ခုနက အဆိုရှင်တင်ပြသွားချက်ကိုသဘောတူပါတယ်။ ဒီမှာထည့်သွင်းဖော်ပြမယ့် ငွေကြေးတန်ဖိုးတွေ ကိုတော့ အတည်ပြုပေးနိုင်မယ့် အဖွဲ့အစည်းပုဂ္ဂိုလ်ကနေပြီးတော့မှ အတည်ပြုချက်အား ကျွန်တော် ရရှိတဲ့အခါမှာ ပြန်လည်တင်ပြသွားမှာ ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒါ့ကြောင့် အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉ တို့သည်ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ⊞ဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခန်း (၈) ခေါင်းစဉ်နဲ့အပိုဒ် ၂၀၊ ၂၁၊ ၂၂ တို့သည် ပြင်ဆင်ချက်မရှိတဲ့အတွက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဤဥပဒေကြမ်းမှာ ခေါင်းစဉ်နဲ့နိဒါန်း သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**«**သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကသဘောတူပါသည်။**»**

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကသဘောတူတဲ့အတွက် အဆိုအတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၅၈ အရ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန်အဆိုတင်သွင်းဖို့ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား ဖိတ်ခေါ်ပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် တို့ ယခုငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေနဲ့ ပတ်သက်ပြီးတော့ နိုင်ငံသားများအနေနဲ့ဒီအခွင့်အရေးကိုရရှိလာတော့မှာဖြစ်ပါတယ်။ ဒီဥပဒေနဲ့ပတ်သက်ပြီးတော့လည်း လွတ်လပ်စွာဥပဒေနဲ့အညီသုံးစွဲနိုင်ရန်အတွက် ရည်ရွယ်ထားပါတယ်။ ထို့အတူပဲ ဒီမိုကရေစီနည်းလမ်း

များနဲ့အညီ မျက်မှောက်အခြေအနေများနဲ့ပါ ကိုက်ညီအောင်ရေးဆွဲထားပါတယ်။ ထို့အတူပဲ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့လည်းဆီလျော်ညီညွတ်မှုရှိပါတယ်။ ယခုပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြုထားတဲ့ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းကိုအတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့ဖြစ်ပါတယ်။

**ဦးစောလှထွန်း(ချောင်းဦးမဲဆန္ဒနယ်)**။ ။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတင်သွင်းသွားတဲ့ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကြမ်းအားအတည်ပြုနိုင်ရန်ထောက်ခံပါကြောင်း လေးစားစွာလွှတ်တော်သို့ တင်ပြအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဥပဒေကြမ်းကို အတည်ပြုရန်လွှတ်တော်ရဲ့သဘောထားရယူပါ့မယ်။ အဆိုမှာ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လုံးသည် အပိုဒ်၊ အပိုဒ်ခွဲအလိုက် ပြင်ဆင်ထားသည့်အတိုင်း ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဒီအဆိုကိုလွှတ်တော်က သဘောတူပါသလားခင်ဗျား။

**«**သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။**»**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၉၊ နည်းဥပဒေခွဲ(က)အရ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လုံးကို အပိုဒ်၊ အပိုဒ်ခွဲအလိုက် ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၀ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့ (အင်္ဂါနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဘန်ကောက်ပုဆိုးများလည်း ဆက်လက်ပြီးမီးပူတိုက်ဖို့ ရှိပါတယ်။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။